
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

နတ်ရှာမိုး

အခါတစ်ပါးက အမှားတစ်ရံ/နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) နတ်ရှာမိုး

ထုတ်ဝေသူ...ဦးဝေအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်...အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး...အောင်မြင်စာပေ၊
ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ (ဧပြီလ)၊ အုပ်ရေ(၅၀၀)။





♠ အမှန်တရားဆိုတာ
စကားမစပ်
လူတိုင်းစီးတတ်တဲ့
ဖိနပ်လိုပဲ...၊

♠ အခါတစ်ပါး၌
အမှန်တရားဟာ...
အမှားတစ်ရံလည်း ဖြစ်ဖူးတယ်၊

♠ ဟိုဘက်၊ ဒီဘက်
ပြန်လှန်လိုက်တော့လည်း
အမှားတစ်ရံဟာ
အမှန်တရားပြန်ဖြစ်သွားပြန်ရော၊

♠ ကြည့်တတ်၊ မြင်တတ်၊ ကြံတတ်၊
လှန်တတ်ဖို့ပဲ လိုအပ်တယ်။ ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

"တောက်!. . . စောစောစီးစီးကွာ. . ."

အောက်ကလိအာသံတွေကို စိတ်ထဲကနေ ပျစ်ပျစ်နှစ်နှစ်တွေ ကျိန်ဆဲပစ်လိုက်မိတယ်။ ခွထားတဲ့ ဖက်အုံးကို နားပေါ် ဖိပြီး. . ကျလိကျလိမြည်နေတဲ့ အသံပေါင်းစုံကို ဖော်လျှန်းလျှော့ချပြီး. . မရရအောင် ပြန်အိပ်ကြည့်တယ်။ မရပါဘူးဗျာ၊ လက်ပံပင် ဇရက်ကျတယ်ပြောရအောင်လည်း. . ကိုယ်တက်အိပ်နေတာက လက်ပံပင်မဟုတ်ဘူး။ အစ်မရဲ့ ပန်းအိုဖြူ အလှပြင်ဆိုင်ခန်းထဲက နှစ်ဆင့်ခေါက်ခုတင်ပေါ်မှာ အိပ်နေတာ. . .။



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်က ညဉ့်နက်ပွဲ ကြည့်တယ်၊ ပေါ်တူဂီ ပိုင်နာတီနဲ့ ရှုံးတယ်၊ ဖြစ်ချင်တော့ ကိုယ်က မိနစ်ကိုးဆယ်ရော အချိန်ပိုရော ပယ်နယ်တီပါ. . ပေါ်တူဂီဘက်က ထိုင်ခဲ့မိတယ်။ ကုန်ရော. . ။

ဒေါသဖြစ်ဖြစ်နဲ့ အိမ်ပြန်လာ၊ ခြေသုတ်ခုံအောက်ကသော့နဲ့ဖွင့် အစ်မအသင့်ပြင်ထားတဲ့ အိပ်ရာပေါ်ရောက်တော့ မနက်သုံးနာရီကျော်နေပြီ။

မှေးခနဲ အိပ်ပျော်တယ်၊ အိမ်မက်ထဲမှာ ကိုယ်တိုင် ဒိုလေးဖြစ်ပြီး ကန်သမျှ ဝင်နေလိုက်တာများ. . . ။ အောင်ပွဲခံတာတောင်ဘောင်းဘီဆွဲချပြီး ဖင်ကုန်းပြလိုက်မိသေး။ ဆီမီးဖိုင်နယ်ပေမယ့် တိုယ့်ကို (UEFA) ဥက္ကဋ္ဌကြီးက ဥရောပဖလားကြီး လာပေးနေတာ။

ဟာ. . . ခင်ဗျားဖလားက ပေါ့ရွတ်ရွတ်ကြီးဆိုတော့. . ဥက္ကဋ္ဌတာ. . မင်း ဘားမီ(စ်)မှတ်လား. . ဘာဖလားဖြစ်ဖြစ် ဘော်တယ်(လ်)တုလားဆီ မင်းရောင်းစားမှာပဲ မှတ်လား၊ ယူချင်ယူ မယူချင်နေတဲ့. . ။

တုတ်ပဲ. . . အသေအချာပြန်ကြည့်လိုက်တော့ ဒန်ဖလားကြီး။ မနှစ်တစ်နှစ်က စပိန်ကောင်တွေ ဆော့ထားလို့ ပိန်ချိုင့်နေတယ်။ အေးလေ. . အလကားနေအလကားပဲ အိမ်ပြန်လှုအောင်ရတာယူပြီး ပြန်မလို့လုပ်နေတုန်း. . . အောက်ကလီအာသံတွေနားထဲအပြွတ်လိုက် ဝင်လာတာလေ။ စောစောစီးစီး. . . လှချင်ရက်စက်စက်ယိုတွေ. . . ဇရက်မ၊ သာလိကာမ၊ လဒပေါက်မတွေ အလှပြင်ခန်းထဲ ရောက်ချလာတာလေ. . . ။

"ဟဲ့. . . အေးသီမတို့၊ နင်တို့အသံတွေ အဲ့လောက်ပြမနေကြနဲ့. . ဟိုမယ် မောင်မောင်အိပ်နေတယ်ဟဲ့". . . တဲ့။





အဲ့ဒီအသံကမှ တကယ်ငှက်ဆိုးထိုးသံ၊ အကျယ်ဆုံး အစူးဆုံး အာအပြဲဆုံးအသံ. . . ကာဗိုက်,ကိုဝင်းလှိုင်ရဲ့ရည်းစား မဓီးအသံ၊ အေးသီမကလည်း အားကျမခံ ပြန်ပက်ပါတော့တယ်။

"ကောင်မတွေရေ့ ငါဖတ်ဖူးတဲ့ စာအုပ်ထဲကအတိုင်းတော့ဖြစ်နေပြီတော့"

"ဟဲ့. . . ဘာများတုန်းဟဲ့ အေးသီမရဲ့"

"သြော်. . . အင်မတန် လိမ္မာပါးနပ်တဲ့မိန်းမက ပညာသားပါပါ သူ့လင်ကို နိုးလိုက်ပုံလေ၊ ဟိတ်!. . ကလေးတွေမဆူကြနဲ့. . နင်တို့အဖေ အိပ်နေတယ်ဟဲ့. . လို့. . အသားကုန်အော်လိုက်တာလေ၊ အခုန မမီးအော်သလို ခုနစ်သံချီနဲ့ပေါ့"

"ဝါး. . ဟား. . ဟား. . ဟား. . . "

ကဲ. . ကိုယ်ဘယ်လိုဆက်အိပ်ရမလဲ၊ ဖက်အုံးထဲ အတင်းတိုးဝင်လာတဲ့အသံတွေလေ၊ တစ်ယောက်က ဆက်ပြောလာသေးတယ်. . . ။

"ဟဲ့. . အခုန မမီး အဲလိုမျိုး လှမ်းနိုးလိုက်တာလေ၊ ဒါဆိုဒီခြင်ထောင်ထဲမှာ သူ့ကိုဝင်းလှိုင်ကြီး ကာဗိုက်ဝင်ဆော်နေသလားမှ မသိဘဲ"

"ဝါး. . ဟား. . ဟား. . ဟား. . "

"ခြင်ထောင်ထဲ စောင်ခြုံပြီး ကာဗိုက်ဆော်နေရင်တော့. . အနည်းဆုံး မီးခိုးအူမယ်၊ ညှော်နံ့ထွက်မယ်၊ နောက်မီးလင်းမယ်မှန်းစမ်း. . ခြင်ထောင်နားကပ်ပြီး ရှုကြည့်ကြရအောင်"

ဗုဒ္ဓေါ. . သူတို့က အပျိုကြီးဖါးဖါးတွေ၊ ခပ်ဟိုင်းဟိုင်းတွေတောင်ပါသေး၊ ကိုယ်က လူပျိုပေါက် နုနုထွတ်ထွတ်လေး. . ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တန်းဖြေထားဆဲလေး. . ။

ခြင်ထောင်က ဇာခြင်ထောင်ပေမယ့် နည်းနည်းအထူမို့ အတွင်းကိုတော့ ဖေါက်မမြင်နိုင်ကြ၊ ကပ်ပြီး လာချောင်းရင်ချောင်းမယ့် ဟာမကြီးတွေ။ ခြုံထားတဲ့စောင်ကို ခေါင်းကောဖက်အုံးပါ လုံအောင် ဆွဲခြုံရင်း ဘုရားတနေရတဲ့ဘဝ။ မီးများရင် မီးနိုင်တယ်လေ. . ။

ကိုယ်က နဂိုကတည်းက အစ်မဖေါက်သည်တွေမို့သာ မေးထူးခေါ်ပြော ဆက်ဆံလိုက်၊ 'နေကောင်းတယ်နော်. . ဟုတ်'၊ 'ဘယ်လဲမောင်လေး. . . ဒီနားခဏ'၊ ရေလိုက်ငါးလိုက် ဆက်ဆံလာတာ သိပ်ခင်တာ တစ်ယောက်မှမရှိဘူးလေ။

'ငါ့မောင်က ထွားလာလိုက်တာဟယ်'တို့၊ 'လူပျိုကြီးတောင် ဖြစ်လာပြီ'တို့၊ 'ရည်းစားထားပလား'ဆိုတဲ့ စကားတွေပါလာရင် ဘာတားပြန်ပြောရမှန်းမသိတဲ့အပြင်. . 'ခင်ဗျားတို့အပူ ဘာပါလို့လဲ စပ်စုရတာ'လို့. . စိတ်ထဲက ငေါ်ထူးပြီး ဘုကန့်လန့်ပြောပစ်ချင်တဲ့ တောင်. . . ၊

မျက်နှာမှာတမိတ်ကပ်နဲ့ ခြေသည်းထဲကြေးက လက်လေးသစ်တွေ. . မိန်းကလေးတန်မယ့် ကွမ်းသွေးတပျစ်ပျစ် ကွမ်းသွားတရဲရဲတွေက များတယ်။ တောမကျ မြို့မရောက် အရောင်တောက်တောက်တွေ ဝတ်တာလည်း ကြည့်လို့ကိုမရတာ။ စုမိရင် သောက်တင်းပေါင်းစုံကလည်း အုပ်နေကျ။

နေ့တစူဝ မကြားချင်လည်း ကြားနေရဆိုတော့ ကြာတော့ အာရုံနောက်လာတယ်။ တကယ်ပါဗျာ မိန်းကလေးဆိုတာ ဒီပုတ်ထဲကဒီပဲတွေချည်းပဲလို့ ထင်လာတယ်၊ ဒီပဲက ဒီအညှော်ပဲ ပေါက်မှာပေါ့လို့ ထင်လာတယ်။ အထင်ကိုမကြီးတော့တာပါ. . ။





ဖင်ခေါင်းက ရင်ခေါင်းလို့ပဲပြောပြောဗျာ ကိုယ့်စိတ်တူးသည့်တာက ရှာကီရာတို့. . ကိုယ့်အမေအရွယ် အင်ဂျလီနာဂျိုလီတို့. . ကိုယ့်အဖွားအရွယ် မက်ဒေါနားတို့ဖြစ်နေတာတော့ ကိုယ့်ဟာကိုယ်ပဲ သိတာပေါ့ဗျာ။

ကိုယ် ခုနစ်တန်းမှာ လူပျိုစဖြစ်တယ်. . ။ အဲဒီတုန်းက. . မြန်မာမင်းသမီးထဲမှာ အလှဆုံး နာမည်အကြီးဆုံးဗျာ (. . . .) 'တ'နဲ့ 'သ'မကွဲလို့ စိတ်ကူးထဲတောင် မထည့်ဘူး. . အိပ်မက်မက်ဖို့ ဝေလာသေးရော။ ကိုယ်က အဲလိုကောင်. . ။

"ဟော့ကောင်မတွေ ခြင်ထောင်ထဲက မီးခိုးနဲ့တော့မရဘူး၊ လူပျိုနံ့တော့ ရတယ်တော့. . "

"ဟဲ့. . လူပျိုနံ့ဆိုတာ ဘယ်လိုအနံ့မျိုးလဲဟဲ့"

"သိချင် လာကပ်ပြီးရှုကြည့်ပေါ့ ဇင်မရဲ့"

"အနံ့ချည်းပဲတော့ ရှုမနေဘူးဟေ့၊ လူပါဝင်ပစ်လိုက်မယ်"

ကိုယ်သိတယ်. . အဲဒါ ဇင်မ(ခေါ်)ခပ်လှလှ မမမေဇင်သူရဲ့အသံ။ အုပ်စုနဲ့ဆိုတော့ ပြောလေကဲလေ မန်းလေပြလေ ဖြစ်လာနေပြီ ခြင်ထောင်လှန်ပြီး တကယ်ဝင်မလာဘူးလို့ မပြောနိုင်ဘူး။ ကိုယ်နွေးနည်းနည်းပြန်လာတယ်။

တော်သေးရဲ့ အိမ်နောက်ဖေးဘက်က အစ်မအသံ ထွက်လာတယ်။

"ဩော်. . မီးမီးတို့များ နင်တို့ချည်းပဲထင်လို့၊ ငါ ဟင်းအိုးနွှေးနေတာဟဲ့၊ ဧည့်သည်လည်းပါလာတာကိုး. . . ကောင်မတွေမပြောဘူး"

"အဲဒါ ဇင်မယောက်မလေးလေ မမစမ်းရဲ့၊ ရန်ကုန်သူစစ်



www.burmeseclassic.com

www.burmeseclassic.com



စစ်လေး မချောဘူးလား. . .”

“အေးဟယ် ကိုရီးယားမင်းသမီးလေးကျနေတာပဲ လှလိုက်တာ၊ သူရောမိတ်ကပ်ပြင်မှာလား”

“ဟုတ်ကဲ့ရှင့်၊ သမီးက ပါးပါးလေးပဲတင်မှာပါ”

အသံလေးကို စကြားလိုက်ရတာပါ။ အဲဒီအသံလေးဟာ ကိုယ့်ဘဝကို အကြီးအကျယ် ဆွဲကွေ့ပစ်လိုက်တော့မယ်ဆိုတာ ဘယ်လိုလုပ်ကြိုသိမှာလဲ၊ ကိုရီးယားမင်းသမီးလေးကျနေတာပဲ လှလိုက်တာလို့. . အစ်မက မှတ်ချက်ပေးကတည်းက ရန်ကုန်က ညှိ့သည်မလေးဆိုတာကို မြင်ဖူးချင်သွားတာကို ကိုယ်ဝန်ခံရတော့မှာပဲ၊ ကျောပေးအိပ်နေရာက ဖက်အုံးတွေ စောင်တွေကို နံရံဘက်ခွါချပြီး အလှပြင်ခန်းဘက် မျက်နှာလှည့်လိုက်မိတယ်။ ခြင်ထောင်ထဲကနေ ဆပ်ဝါးဝါးမြင်နေရတယ်။

တိုဘာတ်နံရံက သစ်သားဆက်တီမှာ ဂါဝန်တိုနဲ့ အသားကပ်ဘောင်းဘီ ထုံးခြောက်ရောင်လေးနဲ့ ထိုင်နေတဲ့တစ်ယောက်. . . တိုယ့်လောက်ပဲ ရှိမယ်။

ဟုတ်ပါ့။ ဝေဝေဝါးဝါးလေးနဲ့တောင် ဝင်းပြီး ထင်းနေတာပဲ။

ကိုယ့်မျက်နှာ ခြင်ထောင်ဇာနား အလိုလိုကပ်သွားတယ်။ ရှာဒီဝိုင်း မှုတ်ဘူးဆိုတာ သေချာတာပေါ့၊ ဘေးစောင်းအိပ်ရင်း ချောင်းကြည့်နေမိတယ်၊ မျက်နှာကို ခြင်ထောင်နဲ့မထိအောင်တော့ အထူးဂရုစိုက်ရတာပေါ့လေ။

ဆံပင်ကလေးတွေကအစ လှတာဗျာ. . စင်းကျပြီး လက်နေတာပဲ၊ ရှာသူတွေ တစ်ယောက်တစ်ပေါက် ပြောနေတာတွေကို ပြုံးပြီး မျက်နှာကိုလိုက်ရွှေ့ပြီးကြည့်တယ်၊ မျက်နှာရွှေ့တိုင်း ဆံပင်





အိအိစင်းစင်းတွေ လက်ခနဲ ယိမ်းကသလို လှုပ်ရွေ့သွားပုံလေးတကို တရှာဆန်တယ်။

မျက်လုံးလေးကလည်း ဝိုင်းစက်လင်းလက်ပြီး အပြစ်ကင်းစင်လိုက်တာ၊ နှာတံလေးကလည်း အနေတော်ပေါ်လို့၊ ဖေါင်းဖေါင်းအိအိ နှုတ်ခမ်းလေးတွေကလည်း မြင်မြင်သမျှကို လက်ခံသဘောတူပြီး ပြုံးနေတော့တာပါပဲ. . .။

ကိုယ် အားမရတော့ဘူး။ ခြင်ထောင်ထဲကကိုယ့်ကို အပြင်က ဘယ်သူမှလည်း မြင်ရတာမှုတ်ဘူးလေ။ ငုတ်တုတ်ထိုင်လိုက်တယ်၊ ခါးကိုင်းပြီး ခြင်ထောင်နားကို မျက်နှာမထိရုံတမယ်လေး ကပ်လိုက်ပြီး မြင်ကွင်းကို အပြတ်သားဆုံးဖြစ်အောင် ပြူးပြဲကြည့်မိတယ်။

ခြေသလုံးတစ်ဝက်ဖေါ်ပြီး ပေါင်ချိတ်ထိုင်နေတယ်၊ ခြေသည်းလေးတွေက အနီရင့်ရင့် ကော့ပျံနေတယ်၊ ခြေချောင်းလေးတွေက အဆစ်တောင်မပေါ်အောင် ဖေါင်းအိညွတ်ပြောင်းနေတော့တယ်၊ ဂါဝန်က စွပ်ကျယ်လို ကြိုးသေးလေးနဲ့. . တင်ပါးဖုံးအောင် အရှည်လေး. . အညိုရင့်ဆိုတော့ ဘောင်းဘီထုံးခြောက်ရောင် ဝါဖန့်ဖန့်လေးနဲ့ အလွန်လိုက်ဖက်တဲ့ ကာလာရွေးချယ်မှု အနုပညာပဲ။

လက်ကလေးပိုက်ထားတယ်၊ ဆင်စွယ်လက်မောင်းဆိုတာ တာထဲပဲ မြင်ဖူးဖတ်ဖူးတာ. . ခုဟာက ခြင်ထောင်ဇာခံပြီး ကိုယ့်ရှေ့ငါးပေခြောက်ပေလောက်မှာ ရောက်နေတာ။ လက်သည်းလေးတွေလည်း ဒီဇိုင်းဖေါက်ထားသဗျ။ ရှာသူတွေ မလုပ်ကြသေးဘူးလား ပိုက်ထားတဲ့လက်ထဲမှာ သူ့ခန္ဓာကိုယ်အပေါ်ပိုင်းလေး ရှိနေတာ နတ်သျှင်နောင်ရတုထဲက ‘ရွှေရင်သိမ်းသစ် ပို့မှစ်မှစ်လျှင်’ ဆိုတဲ့ အပိုဒ်ကို သူ့လက်နဲ့ပိုက်ထားသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပ့ါ. . . ကဗျာအရှင်လတ်လတ်လေး ကိုယ့်ရှေ့ငုတ်တုတ်လေး လာထိုင်နေတာလေ။

ရုပ်ခနဲပဲ. . မြင်ကွင်းဝါးတားတားက. . ရှင်းခနဲ. . ဖြစ်သွားတယ်။

"အယ်!. ."

"မောင်မောင်. . နေဖင်ထိုးနေပြီ. . ထ၊ အစ်မအခန်းထဲသွားပြောင်းအိပ်". . . တဲ့။

အသံက နောက်မှလာတာ. . . စိတ်မြန်လက်မြန်. . . ခြင်ထောင်က ရုပ်ခံလိုက်ရပြီလေ။

"ဟယ်!. . အစ်မမောင်က ငုတ်တုတ်ကြီးအိပ်နေတာတော့၊ မျက်လုံးအပြူးသားကြီးနဲ့. . ."

ဝါးခနဲ ဝါးလုံးကွဲရယ်သံကြီး ပေါ်လာတယ်။ ရှက်လိုက်တာများ. . ၊ ကိုယ် မှတ်ကိုးရှက်ကန်းနဲ့ စောင်တွေခေါင်းအုံးတွေ ပွေ့ပြီးအိမ်ထဲဝင်ပြေးရတော့တယ်။ နောက်ကရယ်သံ ပိုကျယ်လာတယ်။ အစ်မရယ်သံပါ ပါတယ်လေ။

အစ်မအိပ်ခန်းထဲ လက်ထဲက စောင်တွေခေါင်းအုံးတွေ ပစ်တင်လိုက်မှပဲ ဘာလို့ရယ်သံ ပိုကျယ်လာတယ်ဆိုတာ သိရတော့တယ်။ စောင်ကြားထဲမှာ. . လားလား. . ကိုယ့်လုံချည် ညပ်ပါလာတယ်လေ။ ဒိုလေး. . တဒိုင်းဒိုင်း ဂိုးဝင်အောင် အိပ်မက်ထဲမှာလုံချည်နဲ့ကန်သွင်းခဲ့တာမှ မဟုတ်ပေကပဲ. . . သေဟ။

စဉ်းစားသာကြည့်ကြပါတော့ဗျာ။ အခုနက စကားထဲလည်းပါသွားတယ်ထင်တာပဲ. . ကိုယ့်ဘဝကို အကြီးအကျယ် ဆွဲကွေ့ပစ်တော့မယ့် တပြည်သူလေးရှေ့မှာမှ ကျက်သရေဆောင်လိုက်ပုံပါ။





ပြီးတော့. . . ရွာကျော်ရပ်ကျော် သောက်တင်းအုပ်စောင့်မယ့် မောင်းကွဲတွေရဲ့ မျက်ဝါးထင်ထင် မြင်ကွင်းအလယ် တည့်တည့်မှာလေ။ ဘယ်ကလောက်များ ကဗျာမဆန်လိုက်ပုံကို ပြောပါတယ်။

ဗျာ!. . . ဘယ်ကလာဗျာ. . အိပ်ရာဝင်တာပဲ အောက်ခံဘောင်းဘီဝတ်အိပ်ရင် ဘယ်လိုလုပ်လွှတ်လပ်မှာလဲ. . . ။

အေးဆို. . အဲဒါကြောင့်ပြောနေတာပေ့ါ. . ကဗျာမဆန်ပါဘူးလို့. . ဆိုနေ။





www.burmeseclassic.com

www.burmeseclassic.com

# ကံ / ကန်


- ဇော အပြည့်...
- ဖွဲ့ အပြည့်...
- အားမာန် အပြည့်...
- ဝီရိယ အပြည့်...
- ဉာဏ်ပညာ အပြည့်...
- ဦးတည်ချက် အပြည့်...
- အားထုတ်မှု အပြည့်နဲ့...

စွမ်းစွမ်းတမံ

ကန်ထည့်လိုက်တာပါပဲ

တိုင်ထိပြီး...

ပြန်ထွက်လာတယ်။







## အခန်း (၂)

ရက်တယ်ဆိုတဲ့ ခံစားချက်ကြီးက. . ဘယ်လိုကြီးမှန်းကို မသိတာပါလားဗျာ။ အစ်မအိပ်ခန်းကို တံခါးပိတ်လိုက်တယ်။ လော လောဆယ်တော့ လုံသွားတယ်၊ ဒါပေမယ့် မလုံပြန်ဘူး။ စောင်ကြား က ပုဆိုးကို ဆွဲထုတ်ပြီး. . ပုဆိုးထဲဝင်လိုက်တယ်။ အစ်မခုတင်ပေါ် ပုဆိုးခေါင်းမြီးခြုံပြီး တက်ကွေးကြည့်တယ်။ ဘယ်လိုမှ မလုံနိုင်ပြန် ဘူး. . ဆိုင်ရှေ့ကအသံတွေကလည်း လုပြောပြီး လုရယ်. . ကလာ တိုက်နေလိုက်ကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အနေနဲ့ ရှာကဟာမတွေကို ဘယ်လိုမှသိပ်မဖြစ်ပေမယ့် ဟိုဧည့်သည် မြို့သူလေးကို အရမ်းရှက်နေမိတယ်။ တစ်ရှက်တည်းလည်း မှုတ်ဘူးလေဗျာ. .၊ ခြင်ထောင်ထဲက ငုတ်တုတ်ထိုင်ချောင်းနေတာက တစ်ရှက်၊ အိပ်မက်ထဲမှာ ထူးရှယ်အောင်ပွဲခံပုံမျိုး အပြင်မှာလုပ်မိတာက တစ်ရှက်. . နှစ်ရှက်ကြီးများတောင်လေ။

ဆက်ပြီး ဘယ်လိုမှလည်း အိပ်မရတဲ့တူတူ အသံတွေကလည်း ကြွက်ကြွက်ဆူနေမှတော့ နောက်ဖေးပေါက်ကနေ မျက်နှာကို ပလပ်ပလပ်နဲ့ ရေနဲ့သပ်ပြီး လစ်ထွက်လာခဲ့တယ်။ လမ်းဆုံက 'ငြိမ့်ကဖီး'ကိုပေါ့. . .။

လူကြားထဲထွက်လာမှပဲ စိတ်ထဲနည်းနည်း လုံသွားသလိုပဲ။ လောလောဆယ်သူတို့ကို ရှက်စရာမလိုဘူးလေ၊ 'ဘယ်လဲ. . ဒီနား'၊ 'မာတယ်နော်. . မာသမှတောင်လို့'၊ 'ညဉ့်ကဘယ်လိုလဲ. . ကွဲတယ်' ဘာညာပေါ့။ ပြုံးပြ၊ ခေါင်းညိတ်နှုတ်ဆက်. . . ပုံမှန်မနက်ခင်းလိုပဲ ငြိမ့်ထဲကို ရောက်လာတယ်။

ဘော်ဒါတွေ တစ်ကောင်မှမရှိဘူး. . အိပ်တုန်းလား၊ ပြန်သွားကြပြီလား တုတ်ပ. . ကိုယ်ကအစောကြီးထင်နေတာ ကိုးနာရီကျော်နေပြီပဲ။ ဘော်ဒါဆိုလို့ ရင်းရင်းနှီးနှီးပေါင်းတာက နှစ်ယောက်သုံးယောက်ပါ။

"ထုံးစံအတိုင်းပဲလား ကိုမောင်"

"အေးကွာ"

ချာတိတ်လေးထွက်သွားမှ ခွေးခြေပုပေါ် ဖင်ကို ပစ်ချရင်း အိတ်ကပ်စမ်းမိတယ်။ တော်သေးရဲ့ ညဉ့်ကလက်ကျန် ထောင်တန်တစ်ရွက် ကပ်ကျန်နေလို့။ အင်း. . ချွေချွေတာတာနေရမယ့်ကာလ





ကျော့ ပြန်လာပေ့ါ။ ရှိရင်ရှိသလိုသုံးပြီး. . မရှိရင်မရှိသလို နေတတ်တာလည်း အသားတော့ကျနေပါပြီ။ အစ်မဆီက ခဏခဏ ည်း လက်မဖြန့်ချင်ဘူးလေ။ 'ခွေးမသားဒိုလေး'. . လို့ပဲ စိတ်ထဲက ဆဲပစ်လိုက်ပါတယ်။

ချာတိတ်လေးက သောက်နေကျ စူပါ နို့စိမ်းပေါက် သကြား ခွန်းနဲ့ လာချတယ်။

"ဘာစားဦးမလဲ ကိုမောင်၊ ပဲပလာတာအကြွပ်လား"

"မစားတော့ဘူးကွာ ထမင်းကြော်စားလာတယ်"

ဟင့်အင်းဆိုလည်း ပြီးနေတဲ့ဟာကို လူတွေဟာနော်. . . ယ့်မှာပိုက်ဆံမရှိလို့ မစားနိုင်တာကို စားခဲ့ပြီးသယောင် လိပ်ပြာလုံအောင် ညာဖြစ်အောင်ညာလိုက်ရသေး. .၊ မစားနိုင်ဘူးကွာ ပိုက်ဆံ ည်းနေလို့၊ ဒီပိုက်ဆံနဲ့ပဲ တစ်နေကုန်နေရဦးမယ်လို့ အမှန်အတိုင်း ပ်က ဘာလို့မထွက်တာလဲ မသိဘူး။

"ညီလေး. . ငဖီးနဲ့ တားကက် လာသွားပလား"

"အခုနကမှ ထပြန်သွားတာလေ လေးနာရီဆိုင်ဖွင့်ကတည်း လာထိုင်နေတာ"

"ဟာ. . ဒါဆို ဒီကောင်တွေ ဘောလုံးပွဲနိုင်တယ်ထင်တယ် "

သူတို့က ဘူတာလမ်းက ကိုမင်းရုံမှာ သွားကြည့်ကြ လောင်း တာလေ။ သူတို့နှစ်ယောက်က ဒီလိုပဲဘောပွဲနိုင်ရင် တစ်ဖြုန်း သောက်ပြီးမှ တစ်နေကုန်ပြန်ကျိုးလေ့ရှိတယ်။ ကိုယ် ဝမ်းသာ သွားတယ်။ ဒါပေသိ. . .

"ဘယ်ကလာဗျာ. . ဆိုင်ဖွင့်ကတည်းကလာပြီး



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်တာ၊ ရှင်းပေးမယ့်သူမျှော်ရင်း. . ရေနွေးဆယ်အိုးလောက် ထိုင်သောက်နေကြတာ အခုနမှ ကိုကြီးမျိုးခိုင်ဆီ ဘီထုပြီးထပြန်ကြတာ ကိုမောင့်ကိုတောင် မေးနေသေးတယ်"

ပြူထွက်လာတဲ့ ဝမ်းသာလုံးလေး ဖေါက်ခနဲပေါက်သွားတယ်။ ဒီကောင်နှစ်ကောင်ကိုလည်း ဗိုလေးပဲ. . ဒုက္ခတွေ နောင်တတွေ ပေးသွားပုံရတယ်။ နှစ်ကောင်လုံးက ပတေလေးထဲက ပေါင်းလာတဲ့ ငယ်ပေါင်းတွေပါ။ ငဖီးနာမည်က ဖြိုးဝေ၊ ပိန်လွန်းလို့ ငဖီးလို့ခေါ်တာ။ တားကက်ဆိုတာက တင်ကို၊ ပစ်မလွဲအောင် ဝလွန်းလို့ ပစ်မှတ်(target)လို့ နာမည်ပြောင်ခေါ်ကြတာ။ ဘယ်နေရာဖြစ်ဖြစ် အကောင်ကလည်းကြီးတော့ ထင်းခနဲလည်းနေတယ်လေ။

ပြီးတော့. . . ဒီကောင်နှစ်ကောင်နဲ့ပတ်သက်ပြီး ဆယ်တန်းရောက်မှ ပေါင်းသင်းမိတဲ့ တစ်ကောင်ရှိသေးတယ်။ ငပွေးမျိုးလှိုင်ဆိုတဲ့ကောင်ပဲ အဲဒီကောင်အကြောင်းကတော့ ပြောမဆုံးပေါင်း တောသုံးကောင်ဆိုတာမျိုးပါပဲ။ ကိုယ်တို့ထက် (၂)နှစ်လောက်အသက်ကြီးတယ်၊ မြဝတီက ကျောင်းပြောင်းလာတာတဲ့၊ သူ့အဖေက ဆိုင်တယ်ဝယ်ရောင်းလုပ်တယ်၊ ဝတ်တာစားတာ အလန်းစား၊ ရုပ်ကလည်း ကိုယ်တို့ထက် ဖြောင့်တယ်။

လူရည်လည်လိုက်ပုံကလည်း ဆရာကောင်လို့ပဲ ပြောရတော့မှာပဲ။ ဖယ်တောက်တာ၊ ဘီလိယက်ထိုးတာ၊ ဖဲကစားတာ ကျွမ်းတယ်။ ပရီးမီးယား၊ ချန်ပီယံလိဂ်၊ လာလီဂါ၊ ဘွန်ဒက်လီဂါ၊ ကားလင်း ဘောလုံးလောကဆိုလည်း အပ်ကျတာကအစ သိတယ်။ နည်းပြတွေ ဘောလုံးသမားတွေ ချက်ဘယ်မှာ မြှုပ်ခဲ့တယ်၊ ဘယ်အသင်းကနေ ဘယ်အရွယ်မှာ စကစားတာကအစ သိတယ်။





တားကက်ကတော့ ဝမ်းခေါင်းသံကြီးနဲ့. .

"ငပွေးက ဘောလုံးသမားတွေရဲ့ဇာတာပါ သိနေပုံရတယ်ကွ". . လို့ ပြောဖူးတယ်။

ဘောပွဲနိုင်ရင်လည်း ပက်ပက်စက်စက်ပဲ၊ အိပ်နေရင် လာနှိုးပြီး မကုန်မချင်း ကျွေးမွေးပြုစုတတ်တယ်။ ရှုံးရင်လည်း ခွက်ခွက်ထန့်ပဲ. . ဆိုင်ကယ်ခဏ၊ စက်ဘီးခဏဆိုပြီး တစ်လကိုးသီတင်းနေမှ ပြန်ရွေးပေးတတ်တယ်။

အချုပ်ထဲလည်း ဝင်လိုက်ထွက်လိုက်ပဲ။ ပတ်တီးနဲ့လည်း ခဏခဏ မြင်ဖူးနေကျ။ ဒါကြောင့် ငပွေးလို့ အားလုံးကခေါ်ကြတာပါ။ ရှေ့တွင်ခေါ်တာနော်. . သူကတော့ ပြုံးပြုံးပဲ၊ ငဖီးဆိုင်ကယ်ကို ခေါင်ထားတယ်နော်. . မရွေးနိုင်သေးဘူး. . ငဖီးဆီက ပိုက်ဆံရအောင် ထပ်ချေးနိုင်တဲ့ အရည်အချင်းရှိတယ်။ အခံရဆုံးကတော့ ဘယ်သူရှိမလဲ ငပွေးကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်တဲ့ တားကက်ပေါ့။

ကျောက်ရုပ်တု ခေါင်းညိတ်အောင် စကားပြောတတ်တယ်ဆိုတာ ယုံတမ်းစကားလို့ ထင်တဲ့လူတွေ. . ငပွေးနဲ့ စကားလာပြောကြည့်ကြပါလို့ပဲ ကုန်ကုန်ပြောလိုက်တော့မယ်။ သောက်ကျင့်ကိုလည်းသိတယ်. . သောက်ခွက်ကိုလည်း ကြည့်လို့ကိုမရဘူးဆိုတဲ့ ...တွေ. . မောင်မျိုးကို မျိုးမျိုးလေး ဖြစ်ကုန်ကြတာပုံလို့။

ဟော. . . ပြောရင်းဆိုရင်း အသက်ရှည်ဦးမယ်၊ ဟိုးမယ်ညည်သာကုတ်ရှည်တဖါးဖါးနဲ့ ချီတက်လာနေတာ ငပွေး။ ဟုတ်...တွေ မျိုးလှိုင်အစစ်ပဲ တီရှပ်အသစ်နဲ့ ရေစိုဂျင်းဘောင်းဘီနဲ့ ...ထားဝေါကင်းရှူးနဲ့ မဟော်ဂနီဆံပင်ရောင်က အဝါလိုင်းတွေ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားလို့၊ သူ့အကြောင်းသိသူရော မသိသူရော အားလုံးသော အာရုံတွေကို သူဖမ်းစားရင်း. . . ငြိမ့်ထဲ တစ်ယောက်တည်းထိုင်နေတဲ့ ကိုယ့်ကို လက်ယမ်းပြတယ်။

ခဏစောင့် လာခဲ့မယ်ဆိုတဲ့ဟန်ပြပြီး 'ချစ်သူ'ရှယ်ကွမ်းယာဆိုင်ထဲ ကွေ့ဝင်သွားတယ်။ ကိုယ်အားတက်သွားတာ ဝန်ခံပါတယ်။

"ဟေ့. . ချာတိတ် ဗိုက်နည်းနည်းပြန်ဆာလာပြီကွ၊ ပဲပလာတာအကြွပ်ကြော်လုပ်ကွာ"

"ဟုတ်"

ကိုယ်ဗိုက်ဆာနေတာလေ။ ငပွေး ဒီလောက်လန်းနေတာပဲ ဘာမစားရဲစရာရှိလဲ။ ဒီကောင် ဘောပွဲနိုင်သလား၊ ဖဲနိုင်လာသလား မသိဘူး။

တစ်ခါတလေလည်း ရေလဲလုံချည်နဲ့ တီရှပ်တစ်ပတ်နွမ်းပခုံးပေါက်နဲ့ ငြိမ့်ကိုရောက်လာတတ်တယ်။ အသုဘအိမ်မှာ ဝတ်လာတာပါ၊ ပေါင်ရိုက်ပြီး အသုဘအိမ်က မျက်နှာငယ်နဲ့ တောင်းရမ်းဝတ်ဆင်ပြီး မျက်ကွင်းချောင်နဲ့ရောက်လာတာလေ၊ ကိုယ်တို့တွေ အိတ်ထဲပါသမျှအကုန်လုံး စားပွဲပေါ်ပစ်တင်ကြရတော့တာပေါ့။

သူပါ,ပါးဖြူနားဖြူ စားမယ်၊ ပြီးရင်. . ဒီစားပွဲဘယ်လောက်ကျလဲ အစ်ကိုကြီး ကျွန်တော် ညနေလာရှင်းမယ်ဆိုပြီး ပိုက်ဆံတွေအကုန် ခါးပုံစထဲထည့်ပြီး ထလစ်သွားရော။ အဲ့လိုမျိုးလည်း ရှိတယ်လေ။

တစ်ခါကလည်း ငြိမ့်ရှေ့ ကျီးခနဲ ဆိုင်ကယ်နဲ့ ထိုးရပ်လာတယ်။ တရုတ်ဘီးမှုတ်ဘူး ယိုးဒယားဘီး အသစ်ကျပ်ချွတ်၊ ဆိုင်ကယ်သော့တန်းလန်းထားခဲ့ပြီး အကောင်းစားတွေချည်း မှာစားတယ်။





ထပ်မှာကြဦးလေကွာ ဘာညာနဲ့. . အိတ်ထဲက ဟန်းဖုန်းနဲ့ ဆိုင်ပြင်ထွက် စကားပြောတယ်။

'အေး. . ငါ ငြိမ့်မှာရှိတယ်'ဆိုတာတော့ ကြားလိုက်ရတယ်။ မကြာခင် ဆိုင်ကယ်နဲ့လူတစ်ယောက် ဆိုင်ရှေ့ကဖြတ်တယ်၊ လက်ခုပ်တီးပြီးလှမ်းခေါ်တယ်၊ ရပ်တဲ့နေရာကို ထလိုက်သွားတယ်၊ စကားပြောပြီး ဆိုင်ကယ်နောက် ခွပြီးပါသွားတယ်. . လက်ပြခဲ့တယ်. . ၊ လာနိုးလာနိုးနဲ့ နေမွန်းတည့်ပါရော ပေါ်မလာဘူး။ သူထားခဲ့တဲ့ သော့တန်းလန်းဆိုင်ကယ်အသစ်ကို သူ့ဖါးသားကြီးဆဲဆိုပြီး လာပြန်ယူသွားတယ် တစ်ပတ်လောက်ပျောက်သွားရော. . ။

ဟော. . ဟော. . ချစ်သူကွမ်းယာဆိုင်ရှင် လုံးကြီးပေါက်လှ တစ်ခုလပ်မကြီး မကျင်ကျင်မွှေးက သူ့ကို ကွမ်းယာထုပ် လှမ်းပေးနေတယ်။ သူကဘယ်လက်ကို နောက်ပစ်ပြီး တင်းပါးပေါ် တင်ထားတယ်၊ ရိုရိုသေသေ ခါးကိုင်းပြီး ညာလက်နဲ့ ကွမ်းယာလှမ်းပေးတဲ့လက်ကို ဆုပ်ကိုင်တယ်၊ လက်ဖမိုးကိုနမ်းပြီးမှ ကွမ်းယာယူတယ်၊ ဟိုကလည်း တပြုံးပြုံးနဲ့၊ ကွမ်းယာပါတဲ့ညာလက်ကို ရင်ဘတ်မှာတပ်ပြီး ထပ်ခါးကိုင်းပြန်တယ် ဘယ်ပြန်ညာပြန် လက်ပြောင်းပြီး ကိုင်းနေလိုက်ပုံများ. . . ၊ ဟိုက ထုံးနှစ်ထားတဲ့တုတ်နဲ့ လှမ်းပက်ချင်ယောင်ဆောင်မှ ခါးကော့ရှောင်ရင်း ထွက်လာတယ်။ ကြည့်နေ မြင်နေရသူတွေကို ပါဖေါင်းမင့်တစ်ခု ခင်းကျင်းပြသနေသလိုပါပဲ။

"မောင်မောင် ဟိုကောင်တွေရော"

"ဘောဘူဘေပေါ့ကွာ ပြန်အိပ်နေကြပြီ"

"ငါပြောသားပဲ ဒိုလေးဟာ ကလပ်အသင်းအတွက်ပဲ ထိုးသွင်းတဲ့ကောင်ပါလို့. . နာနီနဲ့သူနဲ့ကလည်း တည့်တာမှုတ်ဘဲ ကျန်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့"

ပြောပြောဆိုဆို မစ်ရှယ်နဲ့ ဝက်သားပေါက်စီ မှာပါတော့တယ်။

"မျိုးလှိုင် ငါလည်းရေသိပ်မပါဘူးနော် ငါလည်းညဉ့်က ကွဲတယ်"

"အေးဆေးပါကွာ"

ကြိုပြီးကြေညာထားမှ ဖြစ်မယ်လေ. . ဒီဆိုင်က အစ်မနဲ့ အရမ်းခင်တယ်။ ကိုယ်ဘေထုရင် အစ်မနားကို ပေါက်သွားမယ်။ ရေလည်အကောခံရမယ်။ သူက အေးဆေးပါကွာဆိုတော့. . ကိုယ်လည်း အေးဆေးသွားတာပေါ့။ ငပွေးကလည်း စားပွဲပေါ်ကို အကဲခတ်ပြီး ကိုယ့်လိုပဲ ကော်ဖီနဲ့ပဲပလာတာမှာတယ်. . ဆေးလိပ်တစ်ပွဲမှာတယ်။

သူဝတ်ထားစားထားတာကြည့်ပြီး နည်းနည်းတော့ ချိုးကျူးစကားပြောသင့်တယ်လေ. . စားကောင်းသောက်ကောင်းအောင်ပေါ့နော်. . ။

"မင်းဒီဇိုင်းက လန်းလှချည်လားကွ"

"ဟဲဟဲ. . အခြေအနေအရ လန်းအောင်နေရမယ်လေ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေဖို့ အထူးလိုအပ်တယ်"

စားရင်းသောက်ရင်း တိုင်တန်းနစ်မင်းသား လီယိုနာဒိုရဲ့ ကားသစ်တစ်ကားအကြောင်း သူကပြောပြနေတယ်။ Catch me if you can ဆိုတဲ့ကားပါ. . လီယိုနာဒိုက ကမ္ဘာကျော်လိမ်ကောင် သူ့အဖေထက် သူက ပိုတော်ကြောင်း ပြချင်နေတာ၊ စာရွက်စာတမ်း အတုလုပ်ရာမှာ (FBI)တောင် မျက်စိလည်တယ်၊ ဉာဏ်ရည်က





လည်း မြင့်တယ်၊ 'ပင်'အမေရိကန်လေကြောင်းမှာ ပိုင်းလော့အတုတနေ ဗဟိုတရားရုံးရှေ့နေအတုအထိ ပိပိရိရိလုပ်ပြသွားပုံတွေကို အားကျပြီး. . အားကျိုးမာန်တက်ပြောပြနေလိုက်တာ သူကိုယ်တိုင်မင်းသားနေရာ ဝင်ပြောနေသလိုပဲ။ အဲဒီကားကို ကိုယ်က ငါးခေါက်ကြည့်ထားပြီးပြီ။

ဒါပေမယ့်. . ဟာ!. . ဟင်!. . ဘယ်လို!. . ဟုတ်လား!. . အံ့ရောကွာ!. . တွေနဲ့ စကားထောက်ပြီး အံ့ဩပြ၊ မျက်လုံးပြူးပြလိုက်လုပ်ပေးနေလိုက်ပါတယ်။ ပြောအားရှိအောင်ပေါ့။

"အေးကွာ. . ဘာမဟုတ်တာလေးနဲ့ တွမ်ဟင့်ခ်က မိသွားတာ နာလိုက်တာ အဖြစ်မှန်တဲ့ကွ ဇာတ်လိုက်ထောင်ကျသွားတယ်"

"ရာဇဝတ်ဘေး ပြေးမလွတ်ပေါ့ကွာ၊ သူတို့ဆီမှာက ဥပဒေအထက်မှာ ဘယ်သူမှမရှိဘူးလေ၊ ဒါပေမယ့် ဒီပုဂ္ဂိုလ် ထောင်သက်စေ့ပြည့်ခင် (FBI)က အထူးအကြံပေးပုဂ္ဂိုလ် ပြန်ခန့်ပြီး သူ့အရည်အချင်းကို တိုင်းပြည်အတွက်ပြန်အသုံးချပေးဖို့ အကူအညီတောင်းရတာပဲလေ"

"အင်!. . မင်းက ဒီကားကြည့်ပြီပလား ငမောင်"

"ငါက ဝယ်ကိုဝယ်ထားတာ ငါးခေါက်ကြည့်ပြီးပြီ"

"ဒါနဲ့များကွာ မင်းကဘာမှမသိသလို နားထောင်ပေးနေလိုက်တာ"

"မင်းပြောပြတာက အရသာတစ်မျိုးရှိလို့ပေါ့ကွာ"

"ဒါကြောင့် မင်းကိုချစ်ရတာယောက်ဖရေ"

ခေါ်ပစေလေ. . ပဲ့ပါသွားတာမှုမှတ်တာ၊ ကိုယ့်[illegible] ဒီလိုကောင်မျိုးတစ်ဒါဇင်လောက်ကို ဆွဲလှည့်ပစ်နိုင်တာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။

"ငမောင် . . ငါ ပဲခူးသွားမလို့ မင်းအားရင်လိုက်ခဲ့ကွာ၊ ရင်ခုန်ကြည်နူးစရာအကောင်းဆုံးတွေ မျှဝေချင်လို့ပါ လိုက်မယ်မှုတ်လား"

"အားတော့အားပါတယ် . . ဒါပေမယ့် ငါ့မှာ ရေမရှိဘူး"

"ငါပါပါတယ်ဆိုကွာ"

"ရင်ခုန်ကြည်နူးစရာဆိုတာက ဘာတွေလဲကွ"

"မင်းလိုက်လာရင်တွေ့မှာပါကွာ လိုက်ခဲ့ပါကွာနော်"

သူ ဝလာတာကို ပလုတ်ပလောင်းစားနေတုန်း ကိုယ်စဉ်းစားတယ်။ တစ်နေ့တစ်နေ့ ကိုယ်လည်းခွေကြည့်၊ စာဖတ်ရင်ဖတ်၊ ဇယ်တောက်၊ ဘိလိယက်သွားထိုး၊ ဂိမ်းဆိုင်သွားနဲ့ အိလည်လည်ဖြစ်နေတာကြာပြီ၊ ဒီနေ့အဖို့ ဇယ်တောက်ဖို့ ဘိလိယက်ထိုးဖို့ ငွေကမရှိဘူးလေ၊ ပဲခူးမရောက်တာလည်း လချီနေတော့ . . ၊ အင်း . . . ကြည့်စရာ ခွေလည်းမရှိ၊ ဖတ်လက်စ ဆရာမြသန်းတင့်ရဲ့ လေလွင့်သူစာအုပ်ကလည်း ငှားဖတ်တာမဟုတ်ဘူး ဝယ်ဖတ်တာ . . ဘယ်အချိန်ဖတ်ဖတ် ရတယ်ဆိုတော့ကာ . . ပြီးတော့ . . အိမ်လည်းမပြန်ချင်ဘူး။ ဟိုအုပ်စုကို ရှက်နေတုန်းပဲ . . ဒီကောင်ရေလျှံနေရင် ပဲခူးမှာ ပျော်စရာအတိပဲလေ . . ကိုယ် ဒီဝိုင်းတော့ ရှင်းလိုက်မှဖြစ်မယ်၊ တစ်ထောင်အတိပဲ . . ၊ ကိုယ်ပဲခူးလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဖဲစကားဆို အောက်ပြုတ်ပဲ . . . ဒါပေမယ့် ဒီကောင်ကအလန်းစား ကိုယ်ကတီရှပ်အဟောင်းနဲ့ လုံချည်နဲ့ဖိနပ်ကတော့ အကောင်းစားပါ။ အဝတ်အစားပြန်လဲဖို့လည်း ခက်နေတယ်။

"လိုက်တော့လိုက်ချင်တယ်ကွာ ငါအိမ်မပြန်ချင်ဘူး၊ ဒီ





အဝတ်အစားကြီးနဲ့ မမိုက်ဘူး"

"မင်းလိုက်မှာ သေချာတယ်နော်"

"လိုက်ချင်ပါတယ်ဆိုကွာ"

ဖတ်ခနဲ သူထရပ်တယ်။ ကောင်တာမှာ ထိုင်နေတဲ့ ကိုမျိုးခိုင်ဆီ သွားစကားပြောနေတယ် ခဏနေတော့ . .

"ဟော့ကောင် ငမောင် ကိုမျိုးခိုင်ခေါ်နေတယ်လာဦး"

ကိုယ်ခပ်ကြောင်ကြောင်နဲ့ ကောင်တာနား ကပ်သွားတယ်။

"မင်း မျိုးလှိုင်နဲ့ ပဲခူးလိုက်သွားမလို့ဆို"

"ဟုတ်ကဲ့ အစ်ကို"

"သွား ငါ့အခန်းထဲမှာ မင်းကြိုက်တာ သွားယူဝတ်၊ မင်းခါးနဲ့ ငါ့ခါးအတူတူပဲ၊ မင်း ဒီကောင်နဲ့ ဒီ,ဒီဝိုင်းအတိုင်းလိုက်သွားလို့တတော့ မင်းသားနဲ့သူခိုးဖတ် တွဲလာတယ်လို့ ထင်ကြမှာပေါ့ကွ၊ ငါ့ညီလည်း လူဖြောင့်ပဲ အပြတ်သွားရှိုင်းစမ်း၊ မြဝတီသားထက် မညံ့စေနဲ့ လည်သာဂျာကင်က ဗီရိုထဲမှာ၊ ရော့ . . ဗီရိုသော့"

ကိုမျိုးခိုင်က အဲ့လိုလူမျိုး . . ကိုယ့်ကိုလည်း စာတော်လို့ ချစ်တယ်၊ သူနဲ့ကိုယ်နဲ့ကလည်း ဂိုက်တူဆိုဒ်တူပဲလေ၊ သူကလည်း အကောင်းစားအပ်ျစားတွေပဲ ဝတ်တာ၊ အိုကေမှာစိုပြည်သွားတာပေါ့။

ဒါပေမယ့် ဆိုင်ထဲကလူတွေက ကိုယ်တို့နှစ်ယောက်ကို အကဲခတ်နေကြတာ၊ ဆိုင်ထဲအိမ်ထဲဝင်သွားပုံနဲ့ ပြန်ထွက်လာပုံကို မြင်ကြမှာပဲ။ ကိုယ်က သူများအဝတ်အစား ယူမဝတ်ဖူးတော့ နည်းနည်းကျွတ်နေတယ်။ ဒါကို ကိုမျိုးခိုင်က ခါတ်တယ်။

"မောင်မောင် မင်းက ငါ့ညီလိုနေလာတဲ့ကောင်ပါ . . ငါသိတယ်၊ မင်းပြန်အတွက် ခက်နေရင် အဝတ်အစားပါ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘေးတံခါးကနေ လမ်းကြားဘက်ကထွက်. . ကဲ. . လာပါကွာ ငါပဲ ဆင်ပေးပြီး ငါပဲတံခါးလိုက်ဖွင့်ပေးပ့ါမယ်၊ အမေ ကောင်တာ ခဏ ထိုင်ပေးပါဦး. . သား အိမ်ထဲခဏဝင်မလို့"

အဲသလိုနဲ့ နောက်မိနစ်နှစ်ဆယ်လောက်အကြာမှာ အလန်းစား. . အပျံစား လူချောလူလှနှစ်ကောင် ပဲခူးဘက်ထွက်မယ့် ကားဂိတ်ဆီဘက် ညီညီကြော့ကြော့မော့မော့ လမ်းလျှောက်နေကြတာကို သပွတ်ရိတနွယ်ဝင် သူတော်စင်အပေါင်း မြင်ခွင့်ရသွားကြပါတယ်။

ဟုတ်ကဲ့. . ဇာတ်လမ်းစပါပြီ။




www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၃)

ရုံမှာက လေအိတ်လို့ခေါ်တဲ့ (EXPRESS)ကားဂိတ်နဲ့ ထိုင်းလပ်ကားလေးဂိတ် နှစ်ဂိတ်ရှိတယ်။ ငပွေးက ကားလေးဂိတ်ကို ဦးကြည်လာပြီး ကွမ်းယာဆိုင်ရှေ့က ခုံတန်းလျားမှာ အိုင်တင်ပါပါ ထိုင်တယ်။ သူ့ဘေးမှာ ကိုယ်လည်း ဝင်ထိုင်ရတာပေ့ါ။ ပတ်ပတ်လည်မှာ ခေါင်းရွက်ဈေးသည်လေးတွေကလည်း အများကြီးပဲလေ။

လေအိတ်ကားက ခဏာပဲရပ်တဲ့အပြင် မှန်တွေအလုံပိတ်ထားတော့ သိပ်မရောင်းရဘူးလေ၊ ကားလေးကျတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



သဘော်ကျောက်ချသလို ရပ်နေတဲ့အပြင် မျက်နှာချင်းဆိုင် တိုးလို့ပေါက် ရောင်းဝယ်လို့ရနေတာကြောင့်ပါ ကားရပ်ရင်ဆူညံနေရောပဲ။

ကားလေးနှစ်စီး ခပ်ချောင်ချောင်လာရပ်တယ်၊ ဒီကောင်က. . နေဦး. . မလိုက်သေးဘူးတဲ့၊ စီးကရက်မကုန်သေးလို့. . တဲ့၊ စီးကရက်ကုန်တော့လည်း ကားတစ်စီးလွှတ်ပေးလိုက်ပြန်တယ်။ သူက ဦးဆောင်သူ ကိုယ်ကနောက်လိုက်ပဲလေ။

ကိုမျိုးခိုင်ရဲ့ အကောင်းစားဂျင်းဘောင်းဘီ၊ တီရှပ်နဲ့ လည်သာဂျာကင်ထဲရောက်နေတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ခဏခဏငုံ့ကြည့်ရင်း ကျေကျေနပ်နပ်ပါပဲ။ ကိုယ်တိုင်ကျေနပ်နေသူတွေဟာ အရာရာကို စိတ်ရှည်နေတတ်တယ်ထင်တာပဲ၊ ကိုယ်လည်းစိတ်ရှည်နေတယ်လေ။

"ဟယ်!. . ကိုအောင်မင်းတို့ကားတော့ ဝင်လာပြီ"

"ဘယ်ကိုအောင်မင်းလည်း မိခိုင်ရဲ့"

"တဲ့. . ဝင်းဘော်က မကရင်မနဲ့ညားတဲ့ ကိုအောင်မင်းလေတယ်"

ကိုယ်တို့နားက ဖရဲသီးစိတ်သည်နဲ့ ပြောင်းဖူးပြုတ်သည် ကောင်မလေးနှစ်ယောက် အချီအချပြောရင်း စျေးဗန်းတွေ ကောက်ရွက်တယ်။ ကားဝင်လာတယ်။ ဒီကောင်ထရပ်တယ်။

"ငမောင် အသင့်ပြင်ထား လိုက်မယ်". . . တဲ့။

ကားက ကိုယ်တို့ထိုင်နေတဲ့ ကွမ်းယာဆိုင်ကို သုံးလေးလှမ်းကျော်ပြီး ထိုးဆိုက်လာတယ်။ ဒီကောင်က ယာဉ်မောင်းကို ပြုံးပြီး လက်ထောင်ပြတယ်။ သုတ်ခနဲ ယာဉ်မောင်းဆီ ထသွားတယ်. . . ရင်းရင်းနှီးနှီး သွားစကားပြောနေတာကို လှမ်းမြင်နေရတယ်။ ခရီး





သည်ချပြီး. . စပယ်ယာက ပဲခူး၊ ရန်ကုန်၊ ဓော်ဘွားကြီးကုန်းလို့ အော်ရင်း ခရီးသည်တင်တယ်။ ဘေးတန်းပြည့်လာလို့ အလယ်တန်းကို ခုံပုလေးတွေနဲ့ တင်နေတယ်။

ခရီးသည်အော်ခေါ်ရင်း ကိုယ့်ဘေးကဖြတ်ပြီး ကွမ်းယာဝင်ဝယ်တယ်။ သူ့ဆရာနဲ့ မျိုးလှိုင်စကားပြောနေတာကိုလည်း လှမ်းကြည့်နေတယ်။ မျိုးလှိုင်က သူ့လောင်းကုတ်ထဲက ကွမ်းယာထုပ်အနှိုင်ဘာကို လှမ်းပေးတာလည်း မြင်မှာပေါ့။

"နောက်ကားဝင်လာပြီဆရာရေ့. . ရန်ကုန်. . ရန်ကုန်"

အဲ့သလိုနဲ့ ကားထွက်တော့ ကားသမားအခေါ် ဖွတ်စဘုတ် (Foot board)မှာ နှစ်ယောက်သား မတ်တတ်ရပ်ရင်း ပါလာကြတယ်။ စပယ်ယာလေးက. . .

"အစ်ကိုတစ်ယောက် ဝင်ထိုင်လေ. . အလယ်ခုံတစ်လုံး လွတ်နေသေးတာပဲ"

"တို့က လူရင်းတွေပဲကွာ ထိုင်မနေတော့ပါဘူး၊ ပဲခူးတွင် ပဲတာ. ."

ကိုယ်ကလည်း လေတဖြူးဖြူးနဲ့ မတ်တတ်ရပ်စီးရတာ ပိုကြိုက်တာနဲ့ ဝင်ထိုင်မနေတော့ပါဘူး။ မျိုးလှိုင်က ကိုယ့်ကို အသံမြှင့်ပြီးပြောတယ်။

"အဲဒီ ကိုအောင်မင်းကြီးပေါ့ကွာ ကားမောင်းလည်းကောင်းတယ် အရမ်းပျော်တတ်တယ်သိလား ငမောင်ရ၊ မကရင်မကို သူ့အိမ်ကလည်း သဘောတူရဲ့သားနဲ့ အပျော်သွားခိုးပြေးတာလေ၊ ငါနဲ့သိမီသေးတယ် အဲ့ဒီတုန်းက ကိုအောင်မင်းကြီးက ငါတို့အိမ်ကကားကို ခေါက်စားမောင်းနေတာလေ ကိုတေးမြင်းလှည်းနဲ့ ဝင်းဘော်မှာ သွား



www.burmeseclassic.com

www.burmeseclassic.com



ခိုးတာ ငါကလူပျိုပေါက် အထုပ်ထမ်းပေါ့ လေးလိုက်တာကွာ. .၊ ကျောက်ပျဉ်နဲ့ ထဘီတွေ ရောထုပ်ထားတာလေ၊ ဖြစ်ချင်တော့ငါက ခေါင်းနဲ့ရွက်မိတာ. . ဟားဟား"

ခရီးသည်တွေကော စပယ်ယာလေးကော တပြုံးပြုံးဖြစ်ကြရယ်ကြပေါ့၊ ကိုယ်ကတော့ ဒီကောင်ဘာတွေပြောနေမှန်းကို မသိတာ။ မြဝတီမှာနေတုန်းက ဖြစ်ပျက်ခဲ့တာထင်တယ်၊ ဝင်ဘော်ဆိုတာ အဲဒီဘက်မှာလည်း ရှိသလားပေါ့။ ကိုယ်သိတဲ့ ဝင်ဘော်က ကိုယ်တို့ရွာအနောက်စူးစူး သုံးမိုင်လောက်မှာရှိတာလေ ကရင်ရွာ. . .။

နောက်တော့ လေတပွားပွားနဲ့ ဘာတွေဆက်ပြောနေလည်းဆိုတာ ကိုယ်မကြားတော့ဘူး၊ စပယ်ယာနဲ့အဖွဲ့ကျနေပုံပဲ။ အံမယ် တွမ်းယာတောင် စပယ်ယာဆီက တောင်းစားလိုက်သေး။

တိုယ်ကတော့ တပြည်သူ ကိုရီးယားမလေးကိုပဲ မျက်စိထဲမြင်နေတော့တယ်။ အဲဒါမျိုးလေးကို ကိုရီးယားကားတွေထဲကလိုခင်းတို့ ခေါခေါက်ထားပါရစေကွာလို့ ပြောလိုက်ရင် ဘာမှပြန်မပြောဘဲ ရင်ခွင်ထဲတိုးဝင်လာလို့ကတော့. . . အမုန်းကို ဖျစ်ညှစ်ပစ်လိုက်မိလေား မသိဘူး။

ဒါပေမယ့် အဲလိုမလုပ်သင့်ဘူးလေ သူတို့လိုပဲ ဖွဖွလေးဖက်ပြီး ဆံပင့်လေးတွေကိုပဲ အကြင်နာပေးရမှာပေါ့၊ ဒါမှ ရိုမက်တစ်ဖြစ်မှာလေ. . စိတ်ကူးထဲမှာ ကြည်နူးစရာကောင်းလိုက်တာ. .၊ ကိုယ်ကသူ့ကို ပန်းကလေးတစ်ပွင့် စိတ်ကူးနဲ့လက်ဆောင်ပေးနေတယ်၊ သူကလည်း သူ့အိတ်ကြီးထဲကပါလာတဲ့ ဖဲကြိုးချည်ထားတဲ့ လက်ဆောင်ထုပ်လှလှလေး ပြန်ပေးတယ်၊ အိမ်ရောက်မှဖွင့်ကြည့်တဲ့ အိမ်မရောက်ခင်ပဲ ဖွင့်ကြည့်လိုက်မိတယ်၊ အောက်ခံဘောင်းဘီ





(Under Wear)တစ်ဒါဇင် ဖြစ်နေတယ်။

တောက်!. . ရှားရှားပါးပါး မြန်မာပြည်က မြန်မာမလေးတစ်ယောက်ကို ပထမဆုံး စိတ်ကူးယဉ်မိပါတယ်. . . စိတ်ကူးထဲမှာတောင် ကဗျာမဆန်နေလိုက်ပုံများ ပြောပါတယ်။

"ဘုရင့်နောင်ပါလား ကျောက်တွင်းကုန်းပါလား"

ကိုယ်တို့ ကျောက်တွင်းကုန်းနား နီးလာတယ် စပယ်ယာကို မျိုးလှိုင်က. . .

"ညီလေး ကျောက်တွင်းကုန်းမှာ အရှိန်နည်းနည်းလျှော့လေး ကိုယ်တို့ဆင်းမယ် ကိုအောင်မင်းကြီးကို အိမ်လာခဲ့ဦးလို့. . ကိုယ့်ဖားသားကြီး ကားအသစ်တစ်စီးဝယ်ဖို့ ပြင်ဆင်နေကြောင်း ပြောလိုက်ကွာနော်"

"ဟုတ်. . ကျောက်တွင်းကုန်းမှာ နည်းနည်းလေး နင်းမယ်၊ ယောက်ျားလေးနှစ်ယောက်ဆင်းမယ် အတွယ်အတာတွေ ဆရာရေ့"

အရှိန်လျှော့တယ် ဖတ်ခနဲ ဆင်းလိုက်ကြတယ်။ စပယ်ယာလေးကိုလက်ပြပြီး လမ်းဖြတ်ကူးကြတယ်။

"ဘယ်ကိုသွားကြမှာလဲ မျိုးလှိုင်"

"ဘုရားအရင်သွားဖူးကြမယ်လေ ရွှေမော်ဓောပေါ့ကွာ"

ကယ်ရီဆိုင်ကယ်တွေ ဆိုက်ကားတွေကိုငြင်းပြီး လမ်းလျှောက်လာကြတယ်။ လမ်းလျှောက်ရင်း ကောင်မလှလှလေးတွေဆီ ဒီကောင်စလာတယ်။

"ဟာ. . သူကလေးလမ်းလျှောက်တာက. . ယောင်းတောင်ဆဉ်တယ်နော် မတ်တတ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"လေးဘက်ထောက် နင်ပဲလျှောက်"

"အဲလိုဆို မင်းခြေသလုံးကို လျှာနဲ့ပြေးလျက်မှာပေါ့. . အသည်းလေးရဲ့"

"ခွေးသူခိုး"

"ကိုယ်ကခွေးဖြစ်နေပြီပဲ မင်းလေးအလှမွှေးချင်ရင် အခုပဲခိုးပြေးလေ"

ကိုယ်ကတော့ အဲလိုမျိုးတွေလျှောက်ပြောနေရတာကို ဘာအရသာမှ ရှိတယ်မထင်ဘူး. . ရှိကောရှိလို့လားဗျာ၊ မတော်. . သူ့ရပ်ကွက်ဖြစ်နေရင် သူ့အသိုင်းအဝိုင်းက ဝင်ဆော်လို့. . ခေါင်း. . ကွမ်းစားနိုင်တယ်မှတ်လား။ ခပ်တောင့်တောင့်ကောင်မလေး နှစ်ယောက်ရဲ့နောက်နား ရောက်လာပြန်တယ်။ ကိုယ်က ဘာမှမပြောဘူး ဒီကောင်ကပဲ. . .

"ဘာကွ ဘယ်ဘက်ကပိုလှတယ်. . ဟုတ်လား"

ကိုယ်က သူ့ကိုလှည့်ကြည့်တော့ မျက်စိမှိတ်ပြတယ်၊ အသာနေဆိုတဲ့ ဘာသာစကားပါ. . ဒီကောင်ဘာလုပ်မလဲ။

"ညာဘက်က ပိုလှတာကွ၊ လောင်းတယ်ကွာ ငါးထောင်ကြေး. . မင်းမယုံရင်လာ ကျော်တက်ပြီးမှ ဆုံးဖြတ်မယ်"

အရပ်အမောင်းကိုယ်လုံးဆင်တူ အဝတ်စားလည်း ခပ်ဆင်ဆင် နှစ်ယောက်စလုံး နောက်ကကြည့်တာတော့ လှနေကြပါတယ်။ ခြေလှမ်းကို သူကသွက်တော့ ကိုယ်လည်းသွက်ရတာပေါ့။ ဟိုနှစ်ယောက်စလုံးကလည်း ဒီကောင်ပြောနေတာ ကြားမှာပဲ၊ ခြေလှမ်းမြန်လာတယ်။ ငါးထောင်ကြေးလောင်းထားတယ်လို့ တကယ်ထင်သွားလားမသိဘူး၊ သူတို့နှစ်ယောက် ဘယ်သူပိုလှတယ်လို့





ယောကျ်ားလေးတွေက လောင်းအစားတောင်လုပ်ပြီး. . ဘယ်သူ့ကိုပိုလှတယ်လို့ ရွေးလိုက်မှာကို. . သူတို့မသိစိတ်ကတော့ သိချင်နေကြမှာပဲလို့ ကိုယ်ထင်တယ်။

ဖြစ်ချင်တော့ ကောင်မလေးနှစ်ယောက်က မပြေးရုံတမယ် ခြေတွေသွက်လာတယ်။ ကိုယ်တို့က ယောကျ်ားလေးခြေလှမ်းတွေပဲ ဘယ်ရမလဲ ညာဘက်ကနေကျော်လည်းတက်ရော ဖတ်ခနဲ ဘယ်ဘက်တလမ်းထဲ ချိုးဝင်သွားပါလေရော. . .

"လာကွာ မောင်. . ဆက်လိုက်မယ် ဘေးတိုက်လေးကိုပဲ မြင်လိုက်ရတာ မိုက်တယ်ကွ"

"ကြည့်လုပ်နော်ဟ့ကောင်"

"လာပါကွာ ဟိုမှာခြေလှမ်းနှေးသွားပြီ"

နှစ်ယောက်စလုံး ဆတ်ခနဲလှည့်ကြည့်ရင်း. . ရယ်ပြသွားကြတယ်။ ကိုယ်တို့ကို အရူးလုပ်လိုက်ရလို့ ပျော်သွားပုံနဲ့ပေါ့။

နည်းနည်းလှမ်းသွားတာရယ် ဆတ်ခနဲပဲ မျက်နှာလေးတွေကို လှည့်ပြသွားတာရယ်ကြောင့် လှမှန်းတော့သိတယ် မသဲမကွဲပဲ။ ကိုယ်ပါလိုက်ချင်သွားတယ်. . ကိုယ်တို့ဒီဗိုင်းတွေကလည်း ကောင်မလေးတွေမြင်ရင် ခိုက်သွားနိုင်တဲ့ စတိုင်လ်ပဲလေ. . ၊ မြင်သွားပြီပဲ ခုံချင်းတိုက်ပြီး ရယ်သွားကြတာ သဘောကျလို့နေမှာပေါ့၊ ကိုယ်တို့ ဆက်လိုက်လာကြတယ်. . . ကပ်လာတယ်၊ ပုံမှန်ခြေလှမ်းတွေနဲ့မို့ ကြာနေရရပါပဲ၊ ဒါပေမယ့် ဒီရပ်ကွက်က စိန်ထွန်းကွက်သစ် လှမ်းဆိုက် ဆိုတယ်လို့ ကြားဖူးတယ်၊

"ငါးထောင်ကြေးနော်သူငယ်ချင်း ဘယ်သူပိုလှသလဲ. . မင်းကဘယ် ငါကညာနော်"



www.burmeseclassic.com

"ရှေ့မှာ တို့အိမ်ရောက်တော့မယ်နော်. . နင်တို့သတ္တိရှိရင် လိုက်လာခဲ့ကြ"

ရှေ့ကအသံထွက်လာတယ် လှည့်မကြည့်ဘဲပြောတာ. . ။ ကိုယ်ကတော့ ရပ်နေခဲ့လိုက်တယ်၊ ဒီကောင်က ဆက်လိုက်သွားတယ်ဗျာ. . ကိုယ် လေးငါးလှမ်းလောက် ကျန်နေခဲ့တယ်၊ ကောင်မလေးနှစ်ယောက် ဖတ်ခနဲ ရပ်လိုက်တယ်. . ဒီကောင်လည်း နှစ်လှမ်းအကွာလောက်မှာရပ်လိုက်တယ်။ နှစ်ယောက်လုံး ချာခနဲလှည့်လိုက်တယ်။ အယ်. . . ရုပ်ချင်းခွဲမရအောင်တူနေတယ်လေ၊ ဟုတ်ပဲ့. . အမြွှာညီအစ်မ. . . ။

"ကဲ. . ပြောလေ ဘယ်သူပိုလှသလဲ၊ မပြောရင် ဟိုမှာ. . အယ်ဇေးရှင်းခွေးကြီးဆွဲပြီး ရပ်ကြည့်နေတဲ့ ခြံထဲကဗလကြီးဟာ တို့အဖေပဲ ကဲ. . ပြော. . . "

ဒီကောင်ခေါင်းကုတ်လိုက်တယ်၊ ကိုယ်ကတော့ အသင့်လို့ တိုယ့်တာတိုယ် သတိပေးလိုက်မိပြီ၊ ဒီကောင်ဘာပြောမလဲ. . . ။

"တဲတဲ. . ပြောပါ့မယ်ဗျာ၊ ပြောရင် ခင်ဗျားလေးတို့အဖေကို လှမ်းမတိုင်ဘူးလို့ ကတိပေးပါလား"

"ပြောရင်မတိုင်ဘူး၊ ကဲ. . ပြော. . ဘယ်သူပိုလှသလဲ"

"အလယ်ကတစ်ယောက်"

"သမီးတို့ ဘာဖြစ်နေတာလဲ"

ကောင်မလေးတွေရယ်သံက သာယာလှပါပေတယ်၊ ဒါပေမယ့် အဘိုးကြီးအသံထက် ဟိန်းထွက်လာတာက အယ်ဇေးရှင်းကြီး။

"ဝုတ်!. . ဝုတ်!. . "

အစွယ်ကြီးတွေ ပြူးခနဲပါပဲ. . .





"ဟေ့ကောင် ငမောင်. . နောက်ကျတဲ့ခြေထောက် သစ္စာဖောက်. . ပြေး. . ပြေးတော့"

သုတ်လိုက်ရတာဗျာ. . ဘုရားလမ်းကို ဘယ်စံချိန်နဲ့ ရောက်သွားမှန်းတောင် မသိအောင်ပါပဲ။ လောကကြီး ရိပ်ခနဲ ရိပ်ခနဲကို ကျန်ခဲ့ပါတော့တယ်။ နောက်ကလိုက်မလာတာသေချာမှပဲ ရပ်လိုက်ကြရတယ်။ ခွေးတွေကို နစ်နေရောပဲ။

"ဟောဟဲ. . ဟောဟဲ. . ဟောဟဲ. . "





www.burmeseclassic.com

www.burmeseclassic.com

## အတိသယမရတွိ

အမေရိကန် အီဒီယံထက်လှတဲ့
ကိုယ်တို့ ဗမာအီဒီယံပေါ့...
အင်မတန် ကဗျာဆန်တယ်...
ရသလည်းမြောက်တယ်...
"သူများမျက်ခုံးမွေးပေါ်
စကြဲလျှောက်တယ်"...တဲ့၊
ဘယ့်ကလောက်လှသလဲ...၊ ကဲ၊ ၊







## အခန်း (၄)

ကျောက်စာချပ်တွေ သော့ခတ်ထားတဲ့ တန်ဆောင်းထဲကမှ ရေအဝသောက်ပြီး လည်သာဂျာကင်တွေ ခင်းတယ်။ ခြေပစ်လက်ပစ်ကို လှဲချလိုက်ရတယ်။ ညဥ့်က အိပ်ရေးမဝရတဲ့အထဲ အသားကုန် ပြေးရတော့. . လူက ကုန်ကိုကုန်သွားသလိုပဲ၊ ဒီကောင်တတော့ သူ့ဟာသူ စားမြုံ့ပြန်ပြောရင်း ရယ်တောင်ရယ်နေသေးတယ်။

"ငါအလျှောက်ကောင်းလို့ အထောင်းသက်သာသွားတာငမောင်. . သူ့အဖေကြီး ခွေးနဲ့ရှူးမတိုက်တာ ငါ့အပြောကောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ကွ”

ဟုတ်တော့လည်း ဟုတ်ပါတယ်၊ အလယ်ကတစ်ယောက် ဆိုတဲ့စကားထွက်လာတာ ဒီကောင်ရဲ့ တန်ဖိုးပွတ္တိဉာဏ်ပါပဲ၊ ရင်ခုန်စရာလည်းကောင်းသလို ပျော်စရာလည်းကောင်းတာ အမှန်ပါပဲ. . မောတော့မောတာပေါ့။

“ခွေးသာလွှတ်ပေးလိုက်ရင်တော့ မင်းရောငါရော အခုဆို အတွင်းလူနာလား. . ရေခဲတိုက်လားပဲ၊ ငမွေး နောက်မလုပ်ပါနဲ့ကွာ ငါဖြုတယ်ကွ. . သိကုန်ရင် ကျော်မကောင်းကြားမကောင်းကွာ၊ ဒါနဲ့ နေပါဦး မင်းကားပေါ်မှာတုန်းက စပယ်ယာကိုပြောနေတာတွေက ငါ နားကိုမလည်ဘူး၊ အဲဒီဒရိုင်ဘာ. . ကို. . ဘယ်သူ. .”

“ကိုအောင်မင်း ဆိုလားပဲ”

ပြောပုံက ဆိုလားပဲတဲ့။

“အေး. . အဲဒီကိုအောင်မင်းက မင်းတို့အိမ်ကကားကို. . ခေါက်စားလာမောင်းဖူးတာတို့၊ သူ့မိန်းမကို ဝဂ်ဘော်မှာ သွားခိုးတာတို့က ဘာတွေလဲ၊ မင်းတို့မြဝတီဘက်မှာကော ဝဂ်ဘော်ရွာ ရှိလား”

“မရှိပါဘူး”

“ဒါဆို အဲဒီကိုအောင်မင်းနဲ့ မင်းသိတာကြာပြီဆို. . မိန်းမခိုးတော့ ထဘီထုပ်လိုက်ရှက်ပေးရတယ်ဆို”

“မင်းက ရိုးပါ့ကွာ၊ အဲဒီ ကိုအောင်မင်းဆိုတဲ့လူကို ဒီနေ့မှ ငါမြင်ဖူးတာ”

“ဘာကွ. . ဘာရယ် ဒီနေ့မှစပြီးမြင်ဖူးတာ. . ဟုတ်လား”

“အေးလေ မင်းမကြားဘူးလား၊ ဟိုဖရဲသီးရောင်းတဲ့ မိခိုင်ဆိုတဲ့ကောင်မလေးပြောတာ”





“ဘယ်ကမိခိုင်လဲ မင်းနဲ့ငါ့ကို ဘာမှလာမပြောပါဘူး”

“သူတို့အချင်းချင်းပြောနေတာလေ၊ ကိုအောင်မင်းတို့ကား ဝင်လာပြီတဲ့ ဝဂ်ဘော်က မကရင်မနဲ့ညားတဲ့ကိုအောင်မင်းတဲ့. . မင်းမကြားလိုက်ဘူးလား”

ပြန်စဉ်းစားကြည့်ရသေးတယ် ကြားလိုက်တယ်ထင်တာပဲ ကိုယ်နဲ့ဘာဆိုင်လို့ မှတ်ထားရမှာလဲ. . .။

“ကြားတော့ကြားလိုက်သလားပဲ ငါနဲ့ဘာဆိုင်လို့လဲ”

“မင်းလိုသေးတယ်ဆိုတာ အဲဒါပဲ၊ ကိုယ်စီးမယ့် ကားဒရိုင်ဘာအကြောင်း ကိုယ်သိထားသင့်တာပေါ့ကွ၊ ကိုယ့်အသက်ကို သူ့လက်ထဲအပ်ထားရမယ့်ကိစ္စကွ”

“ဒီလောက်သိစရာ ဘာလိုလို့လဲကွာ၊ ဒီလိုပဲ ပိုက်ဆံသုံးရာပေးလိုက်ရင် ပဲခူးရောက်သွားတာပဲ၊ မူးရူးပြီး အရက်ဆိုင်ထဲက ထွက်လာပြီး တက်မောင်းတာမှ မဟုတ်တာပဲ”

ဒီကောင်ကိုယ့်ကို သနားတယ်ဆိုတဲ့အကြည့်နဲ့ ကြည့်လာတယ်။ ငါ့ဆီကမင်း ပညာတွေအများကြီးယူဦးဆိုတဲ့ မျက်နှာပေးလည်း ဖြစ်လိမ့်မယ်ထင်တာပဲ။

“မင်းလည်း အင်္ဂလိပ်စာဂုဏ်ထူးမှန်းထားတဲ့ကောင်ပဲ၊ ဒါကို observation လို့ခေါ်တယ်. . အဘိဓါန်မှာ ရှုမြင်သိမှတ်ခြင်း အာရုံစိုက်ခြင်းလို့ ခေါ်တယ်. .”

“ကားစီးတာနဲ့ ဘယ်လိုပတ်သက်လဲ. . ကဲ”

“ကိုအောင်မင်း၊ မကရင်မယောက်ျား၊ ဝဂ်ဘော်ဆိုတာတို့ ငါမှတ်သားလိုက်တယ်. . ဒါကြောင့် ငမောင်အဲဒီကားစီးမယ်လို့ မင်းကိုသတိပေးလိုက်တာပဲ၊ ကားထိုးရပ်တော့. . ဟာ. . တို့အောင်

www.burmeseclassic.com



မင်းကြီး နေကောင်းလား. . ခင်ဗျားသောက်သေးလား၊ အေးကွ. . နေကောင်းတယ် ကားနားရင်တော့ တစ်ခွက်တစ်ဖလားပေါ့ကွာ. . မောင်းထောင်ချိုင့်ကို ကိုင်းတပ်သောက်တာပေါ့တဲ့. .၊ မကရင်မကော နေကောင်းလား. .၊ အေး ခုတော့ ငါးရံ့ကိုယ်လုံးမှုတ်တော့ဘူး. . စိဘိကြက်မကြီးလို အဆီတွေပြည့်နေတာပဲကွတဲ့၊ ငါ စင်ကနယ်နဲ့ ကွမ်းယာထုတ်ပေးတာ စပယ်ယာလှမ်းကြည့်နေတယ်လေ"

"အေးလေ. . မင်းဝင်ရောနေတာ ငါလည်းမြင်သားပဲ၊ အဲဒါဘာဖြစ်လဲ"

လှဲနေရာက ဒီကောင်ငုတ်တုတ်ထထိုင်တယ်၊ လည်သာတုတ်ကို ဖုန်တွေဘာတွေ လိုက်တောက်ရင်း. . .

"စပယ်ယာက ငါနဲ့ ကိုအောင်မင်းဆိုတဲ့ သူ့ဆရာဟာ. . အရင်းရင်းနှီးသူတွေမှန်း သိတော့သိသွားတယ်၊ ကားခတောင်းသင့်မတောင်းသင့် စဉ်းစားရခက်နေလိမ့်မယ်၊ သူစဉ်းစားရလွယ်သွားအောင် မင်းတို့ပြောဖြစ်နေသလိုလိုနဲ့. . သူကြားအောင် လက်တန်းတောနဲ့ ရှိုလိုက်တာပဲ၊ တားခမတောင်းတော့ဘူးလေ. . ကွမ်းယာတောင်ထုတ်ကျွေးနေသေးတာ မင်းမမြင်ဘူးလား ဒါပဲလေ မောင်"

"မင်းကွာ နှစ်ယောက်မှငွေလေးခြောက်ရာကို"

"ငါ့မှာတစ်ပြားမှ ပိုက်ဆံမပါဘူး"

"ဘာကွ"

ကိုယ်ပက်လက်လှန်လှဲနေရာက ငေါက်ခနဲ ထမိလျက်သားဖြစ်သွားတယ်။

"ဘာရယ် ငါ့မှာပိုက်ဆံမရှိဘူးလို့ပြောတော့ ရွာမှာတုန်းက မင်းပဲပြောခဲ့တာပဲ. . မင်းမှာပိုက်ဆံပါတယ်ဆို"





ကိုယ်ဒေါသလည်းဖြစ်၊ အားလည်းငယ်သွားလိုက်တာလေ ကိုယ်ဟာ ပိုက်ဆံတစ်ပြားတစ်ချပ်မှမကပ်ပဲ အိမ်နဲ့ဝေးရာ တစ်ရပ်တစ်ကျေးကို ပထမဆုံးရောက်နေခြင်းလေ။

တောက်!. . ဒုက္ခတော့ရောက်ပြီ။

"မင်းကိုငါပြန်ပြောခဲ့တာ. . ငါ့မှာပိုက်ဆံပါတယ်လို့ ပြောတာလား၊ အေးဆေးပါ. . ငါပါ,ပါတယ်လို့ပြောတာလား၊ မင်း. . ပြန်စဉ်းစားလေ. . ငါပါ,ပါတယ်လို့ပဲ ပြောတာလေ"

ကိုယ်အလိမ်ခံလိုက်ရပြီ၊ ရှိစုမဲ့စုလေးကို ဒီကောင် လိမ်စားသွားပြီလို့ တွေးနေလို့ ဘာမှကို ပြန်မပြောနိုင်ဘူးဖြစ်နေတယ်။

"ဒီမှာငမောင် ငါ့မှာဒါပါတယ်(ခေါင်းကိုလက်ညှိုးထိုးပြရင်းပြော)ငါရှိပါတယ်. . အေးအေးပါ၊ မင်းဘာစားချင်လဲ၊ ဘယ်သွားချင်လဲ၊ ဘာလုပ်ချင်လဲ. . ငါ အားလုံးတာဝန်ယူတယ်၊ .

ရင်ခုန်ကြည်နူးစရာတွေ မင်းဆီ ရောက်ကိုရောက်လာစေရမယ် ယုံလိုက်. ."

(ရင်ပြင်ပေါ်လျှောက်ကြည့်ရင်း)

"ဟော. . ဟိုမှာ တိုးရစ်စုံတွဲ တစ်တွဲကွ၊ ယိုးဒယားမနဲ့ ဘိုနှာဘူးကြီး တွဲလာတာ၊ မင်းအေးအေးဆေးဆေး အိပ်စောင့်. . ငါမကြာဘူး ခဏနေပြန်လာမယ်"

ပြောပြောဆိုဆို လည်သာကုတ်ကြီး ပခုံးပေါ်တင်ပြီး တိုးရစ်အတွဲနောက် လိုက်ချသွားလေရဲ့။ ဒီကောင် အကြံအဖန် တစ်ခုတော့ သွားလိုက်လုပ်မှာပဲ သေချာတယ်။ ကိုယ် အားတွေငယ်. . ဒေါသတွေဖြစ်၊ ငါဘယ်လိုပြန်ရမလဲလို့ ခေါင်းတွေပူ စိတ်တွေရှုပ်ထွေးနေတဲ့ကြားကပဲ ဒီကောင် ဟိုတိုးရစ်အတွဲကို ဘယ်လိုဝင်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်လိုဖေါ်မလဲဆိုတာကို အရမ်းသိချင်လာပြန်တယ်။

လိုက်ကြည့်ဖို့ စိတ်ကူးလိုက်မိသေးတယ်။ ဒါပေမယ့် ကိုယ်ဝါ အမှုတွဲပါနေမှာရယ်၊ ရွာကအသိတစ်ယောက်တလေ တွေ့လိုတွေ့ ငြား ထိုင်စောင့်ချင်တယ်. . ။

အင်း. . . ဗိုက်ကလည်း ပြေးရလွှားရလို့ ဆာတာတာ ဖြစ် လာတယ်. . ၊ ရေနွေးစ်ခွက် ဆင့်သောက်ပြီး ဗိုက်မှောက်အိပ်နေတာ ပိုကောင်းပါတယ်လေ။ ဒီကောင်ကလည်း ပြောသွားတယ်မှတ်လား မင်းဘာစားချင်လဲ၊ ဘာလုပ်ချင်လဲ၊ အေးအေးဆေးဆေး အိပ်စောင့် တဲ့။ ပြန်လှဲအိပ်လိုက်တယ်၊ မွေးခနဲအိပ်ပျော်သွားတယ်။

အိပ်မက်ထဲတောင် တပြည်သူမျက်နှာလေး မျက်လုံး အ ကြောင်သားနဲ့ လာကြည့်နေတာ မြင်ပြန်တယ်။

ဇီးကွက်မျက်လုံးလေးလိုပဲ။ ဝိုင်းစက်နေရော. . .

"တော့ကောင် ငမောင်. . ထကွာ ထမင်းသွားစားမယ်"

အိပ်လူးတ်တာနေ ကိုယ့်နားထိုင်နေတဲ့ ဒီကောင်ကို ကြည့် လိုက်တော့. . အောင်မာ. . နားမှာ အီးယားဖုံးနှစ်ဘက် ထိုးထည့် ထားတယ်။ လက်ထဲမှာ MP4 လေးကို ကလိလို့။

"ဟော့ကောင်. . မင်း အဲ့ဒါ အိမ်ကတည်းက ပါလာတာ လား"

"ဘယ်ကလာကွာ ဟိုစုံတွဲ လက်ဆောင်ပေးသွားတာ"

"အနည်းဆုံး သုံးပုလင်းလောက် တန်တယ်ကွ ဟင်းဟင်း"

ကိုယ် ငုတ်တုတ်ထထိုင်လိုက်တယ်။ ဟုတ်ပ့ါ. . ဆိုနီ ဂျပန် ပစ္စည်းအမှန်အကန် ဖြစ်နေတယ်။

"မင်း. . မင်း. . . သူတို့မသိအောင် ဘတ်လိုက်တာမှတ်





လား"

"မင်းကကွာ လက်ဆောင်ပေးခဲ့တာပါဆို"

"ဟော. . ဟော. . ဟိုမယ် ငါ့ကိုလက်ပြပြီး ဆင်းသွားပြီ မြင်လား"

အဟုတ်ပဲ။ ယိုးဒယားမထင်တယ်. . ဒီကောင့်ကို ဖလိုင်း တစ်(စ်)တောင်လုပ်ပြီး လက်ဝါးမှုတ်သွားသေးတယ်။

"မင်း ဘယ်လိုဝင်သလဲ"

"လွယ်ပါတယ်ကွာ သူတို့မှာ တိုးရစ်ဂိုဒ် မပါဘူးလေ၊ ပြုံး ပြုံးပြီး ဖရွှန်ဝဲ့ယူကမ်းပေ့ါ. . ဘယ်ကလာသလဲ. . ၊ ထိုင်းလင့်. . ယိုး ဒယားကတဲ့၊ ဆဝါဒီကတ်နဲ့ ဝင်တာပေ့ါ. . ထင်တဲ့အတိုင်းပဲ အမေ ရိကန်ကြီး တစ်လစာဝယ်လာတဲ့ မယားဖြစ်နေတယ်၊ ဘူဒါးကြီးက ယိုးဒယားစကားမတတ်ဘူး၊ ယိုးဒယားမက အင်္ဂလိပ်စကားမတတ် ဘူး၊ ကောင်မလေးကလည်း ဂျလယ်ပဲကွ. . ဒီဘဲကြီး ထောတယ်တဲ့ ခွင်ဖန်တဲ့ တစ်ဝက်စီတဲ့. . ဟာဟ"

ဒီကောင်က မြဝတီမှာနေတာဆိုတော့ ယိုးဒယား ခဏ ခဏရောက်နေကျလေ. . ယိုးဒယားစကား ကျွမ်းတယ်၊ ဘိုလိုလည်း ရတယ်။

"ဘုရားဈေးမှာ အမှတ်တရ လက်ဆောင်ဝယ်အောင် ယိုးဒ ယားမကို စည်းရုံးနိုင်တာပေ့ါ၊ ဆိုင်ရှင်ကိုလည်း တင်ရိုက် ဒေါ်လာ နှစ်ဆယ်လောက်ကျန်အောင် လုပ်ပေးဖို့ ဗမာလိုကပ်ပြောရတာ ပေ့ါ၊ ဘိုကြီးကို Have you ever been here ဆိုတော့. . ဒါ ဒုတိယ အ ဆုံးအခေါက် ရောက်ဖူးတာပဲတဲ့. . အေးဆေးပဲလေ". . တဲ့။

"ငါက လက်တောက်လောက် ဇီးကွက်ရုပ်ပုလေးတွေကို

www.burmeseclassic.com



ဘူဒါးကြီး သဘောကျနေမှန်းသိလို့ ဒါကိုတို့လူမျိုးက (Lucky Bird) လာဘ်ကောင်လို့ယုံတယ်၊ ဒါဆောင်ထားရင် ပိုက်ဆံအများကြီး ဝင်တယ်ဆိုတော့. . သူလည်း စာအုပ်ထဲဖတ်ဖူးတယ် တကယ်လားတဲ့၊

တို့ဗမာတွေ ဆိုင်တိုင်းအိမ်တိုင်းမှာ အမြတ်တနိုး ထားတတ်တယ်၊ မင်း ဒီစောင်းတန်းက ဘယ်ဆိုင်ကြည့်ကြည့် ဇီးကွက်ရှိတယ်ဆိုတော့ လိုက်ကြည့်တယ်. . ၊ ဇီးကွက်ကြီးနှစ်ကောင် သူဝယ်တယ်၊ ယိုးဒယားမက တော်တော်ဝယ်ပြီးပြီး မိန်းမပူဆာရင် ဝယ်ပေးရတာ ယိုးဒယားထုံးစံတဲ့၊

ငါက ဇီးကွက် အသေးလေးတစ်တွဲကြီး ဆိုင်ရှင်မမဆီက အဆစ်တောင်းပြီး. . . ဘိုကြီးကို အမှတ်တရလက်ဆောင်ဆိုတော့ အရမ်းပျော်သွားတယ်၊ သူတို့ဓလေ့က ခင်မင်ရင်းနှီးတာကြာလာမှ လက်ဆောင်ပေးတာလေ အံ့ဩသွားတာပေါ့၊ တွေ့တွေ့ချင်း လိုက်လည်းတွေ့ညီတယ်၊ လက်ဆောင်လည်း ပြန်ပေးသေးတာဆိုတော့ အံ့ဩတာပေါ့၊ ဒါကြောင့် သူက ဒီ MP4 လက်ဆောင်ပြန်ပေးသွားတာလေ တားတား . . တောဒီမှာ ဆယ်ဒေါ်လာ. . ကဲ မင်းဘာလုပ်ချင်သလဲ ဆောင်”

ကဲ. . ကိုယ်မပြောဘူးလား၊ ငွေးမျိုးလှိုင်ဆိုတဲ့အကောင် အကြောင်းကတော့ ပြောမဆုံးပေါင် တောသုံးထောင်ဆိုတာလေ၊ ဒီကောင်က တောသုံးထောင်နဲ့ ‘တစ်’ ဆိုတာ မယုံမရှိနဲ့ ကိုယ်တွေ့။

ဝှီ. . ဝှီ. . နဲ့ အသံမြည်လာတယ်။

“ဗိုက်ဆာပြီကွာ၊ ပေးစမ်းပါဦး မင်း MP4 ခဏ. . ငါ နားထောင်ချင်လို့”

ကိုယ့်အကြိုက်ပဲ. . စီလွန်းဒီယွန်သီချင်းတွေ၊ နားထောင်





ရင်း ပျော်ပျော်ပါးပါး မြောက်ဘက်မုခ်ကနေ ဆင်းလာကြတယ်။ လောကကြီးဟာ ခုတော့လည်း အလွန်သာသာယာယာ ရှိနေပြန်ပါပေါ့။ မုခ်ကနေဆင်းတော့ သနပ္ပင်လမ်းပေါ်ရောက်လာကြတယ်။ ထမင်းဆိုင်တွေ အများကြီးရှိပါတယ်။ ဒီကောင်လျှောက်ကြည့်နေတယ်။

“ဟော့ကောင် ထမင်းဆိုင်က ဒေါ်လာယူပါ့မလားကွ”

“အသာနေစမ်းပါကွာ မင်းကိစ္စမှုတ်ပါဘူး ငါရှင်းပါ့မယ်”

ကိုယ့် MP4 ကို ပိတ်ခိုင်းပြီး လမ်းထောင့်ကခပ်သန့်သန့် ထမင်းဆိုင်တစ်ခုကို ရွေးလိုက်တယ်။

“ဒီဆိုင်ကောင်းတယ် ကိုတင်ညွန့်နဲ့ ငါလာစားဖူးတယ်ကွ”

ကိုယ်က ဝင်မယ်လုပ်တော့. . နေဦးဆိုပြီး လမ်းလေးပဲခြားတဲ့ မျက်နှာချင်းဆိုင်က ကားဝပ်ရှော့ထဲ ဆွဲခေါ်လာတယ်။ ပြင်လက်စသစ်သားကားကြီးတစ်စင်း နောက်နားရောက်တော့. . .

“မင်း ဒီမှာခဏရပ်နေ ငါအထဲမှာ ငါးမိနစ်လောက်တော့ ကြာချင်ကြာလိမ့်မယ် ဘယ်မှမသွားနဲ့၊ ဟိုမယ် ထမင်းဆိုင်ကောင်တာကအဒေါ်ကြီး တို့ကိုလှမ်းကြည့်နေတယ်၊ မသိချင်ယောင်ဆောင်နေ. . ”

ကိုယ်တို့ဒီဗိုင်းတွေက ဗွီဒီယိုလာရိုက်တဲ့ မင်းသားပေါက်စတွေလိုလို၊ သုံးမကုန်ဖြုန်းမကုန် သူဌေးသားတွေလိုလို ဖြစ်နေမှာပေါ့၊ လူတိုင်း စိတ်ဝင်စားနိုင်တယ်၊ ဝပ်ရှော့က အတော်ကြီးပါတယ်၊ ကားကောင်းကားသန့်တွေလည်း အင်ဂျင်ချနေ၊ ပျက်တာတွေ ပြင်ဆဲနေကြတယ်။ ဒီကောင် ဝင်သွားတယ်. . တော်တော်ကြာပါတယ်၊ ဆယ်မိနစ်လောက်ရှိတော့မှ ခါးပတ်ပြင်ပတ်ရင်း ပြန်ထွက်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"ကြာလိုက်တာကွာ ဘာဝင်လုပ်နေတာလဲ"

"ကိုတင်ညွန့်ကြီးတို့ကား လာပြင်သေးလား ဦးတင်ရွှေ ဆိုပြီး အိမ်သာ ခဏဝင်နေတာလေ"

"လာ. . ငါ့စကားကို ကြည့်ကျက်ပြီး ဖော်လိုလိုက် နပ်ပစေ နော်"

ကောင်တာက အဒေါ်ကြီးကို ပြုံးပြလိုက်ပြီး ကောင်တာနဲ့ အနီးဆုံးစားပွဲမှာ ဝင်ထိုင်တယ်။ တစ်ဒေါ်လာတန် ဆယ်ရွက်ကို အိတ်ထဲကထုတ်ပြီး အပြန်ပြန်အလှန်လှန် ရေနေတယ်။

"ဟိတ် အငယ်လေး. . . ဒီက မောင်လေးနှစ်ယောက်ကို စားပွဲအရင်လာသုတ်ပေး၊ နင့်တို့ဟာလေ ဧည့်သည်ဝင်လာရင် အဲ့လို ဝဲ"

စားပွဲထိုးလေးက ပျာယာခတ်ပြီး စားပွဲလာသုတ်ရင်း. . .

"ဘာဟင်းသုံးဆောင်မလဲ အစ်ကိုတို့"

"ဘာတင်းတွေရှိလဲ"

စားပွဲထိုးက ဟင်းအမည်တွေ တန်းစီရွတ်တယ်၊ ဒီကောင် က. . .

"ဟိုတလောက ဆတ်သားရပါတယ် မရှိဘူးလား"

"လာတော့ပို့တယ် မောင်လေးရဲ့၊ အသားက သိပ်မလတ်လို့ မယူတာ၊ ယုန်သားလတ်တယ်ရှိတယ်. . ချိုလည်းချိုတယ်"

အဒေါ်ကြီးက ရွှေလက်ကောက်တချွင်ချွင်နဲ့ လှမ်းပြောတာ လေ၊ နှုတ်ခမ်းနီကြားက သွားတွေ ဖွေးခနဲ ထုတ်ပြရင်းပေါ့. . ။

"ကဲ. . မမ အဲ့လိုထောက်ခံရင်တော့ ယုန်သားတစ်ပွဲ၊ မင်းက ဘာဟင်းနဲ့စားမလဲ၊ ဝက်သားတော့မစားနဲ့ မင်းအသံ ဝင်သွားရင်





ညနေပွဲမှာ ဒုက္ခရောက်နေမယ်"

လုပ်လာပြီလို့ စိတ်ထဲက ပြောလိုက်ပါတယ်။

"ငါးခူစဉ်းကောပဲစားမယ်ကွာ"

"ယုန်တစ်ပွဲ ငါးခူးစဉ်းကောတစ်ပွဲ. . ကျွဲရိုင်းနှစ်ဘူး အရင် ချပေးကွာ ညီလေး၊ ထမင်းလည်း ပူပူလေးရရင် လုပ်ပေးပါကွာ"

"ထမင်းကတော့ နွေးနွေးပါပဲ သိပ်မပူဘူးခင်ဗျ"

"ဟဲ့. . အငယ်လေး၊ အိမ်စားတဲ့ပေါင်းအိုး အခုနကပဲ မီး ကတ်သွားတယ် အဲ့ဒီအထဲက ခပ်ပေးလိုက်"

"ဟုတ်"

ကျွဲရိုင်းနှစ်ဘူး အရင်ရောက်လာတယ်။

"ဟဲ့. . ဖန်ခွက်ပါချပေးလေ"

"ရတယ် မမ၊ ဒီအတိုင်းပဲ ဖောက်သောက်နေကျပဲဟာ"

"မင်းတို့က အဆိုတော်တွေလားကွဲ့၊ အသံဝင်မှာစိုးတယ်လို့ ကြားလိုက်သလားလို့"

ဒီကောင် ဟိန်းဝေယံလို ကိုယ်ဟန်နဲ့ ရယ်ပြလိုက်ပြီး. . .

"ကျွန်တော့်ကို မမကမမှတ်မိဘဲကိုး၊ ကိုတင်ရွှေဝပ်ရှော့မှာ ကားလာပြင်တိုင်း မမဆိုင်မှာ ထမင်းစားနေကျပဲ၊ မရောက်တာ တစ် လလောက်ပဲရှိသေးတယ်"

"အေးကွဲ့. . ငါ့မောင်က မင်းသားလို ဝတ်လာတော့ မက ဘယ်မှတ်မိမှာလဲ စိတ်မရှိနဲ့နော် ဒီလိုပဲ မမတို့က အများနဲ့ဆက်ဆံရ တာလေ"

"ဟင်းဟင်း. . ကျွန်တော်ကတော့ မမကို မှတ်မိပါတယ် ဒါက ကျွန်တော်သူငယ်ချင်း ရန်ကုန်က အဆိုတော်မင်းသားပေါက်စ

www.burmeseclassic.com

လေ၊ ဒီည ဆည်မြောင်းနားက အိုးရှင်းမှာ သီချင်းဆိုဖို့ ဖိတ်ထားလို့ ကျွန်တော့်ကားနဲ့ တကူးတက သွားပင့်လာတာ၊ ကားက ဒီနားရောက်မှ ဇွဲဖေါက်တယ်လေ၊ ဟိုမယ် ကိုတင်ရွှေကြီး ကူသပေးနေလေရဲ့"

"ဟုတ်လား ဒါကြောင့်မို့ မမလှမ်းကြည့်နေတာ၊ ဒါ ပဲခူးသား ဂိုက်စပေါက်တွေတော့ ဟုတ်မယ်မထင်ဘူးလို့၊ မင်းသားနာမည်က ဘယ်သူတုန်းကွဲ့၊ အော်တိုလေးဘာလေး ရေးပေးခဲ့ပါဦး စားပြီးမှပါ။ မမက ဝါသနာပါတယ်. . ဟင်းဟင်း"

ဟော့ကောင် ကြည့်လုပ်ဦးဆိုတဲ့ အကြည့်ကို ဒီကောင်သိပါတယ်။

"ဒီကောင်က အခွေမထွက်သေးဘူး မမရဲ့၊ ဆယ်ကား စာချုပ်,ချုပ်ထားပြီး အခုမှ စရိုက်နေတာ၊ နေတိုးကိုတင်တဲ့. . ဟို ဂျော်လီဆွေနှင့်သားများ ကုမ္ပဏီနဲ့လေ. ."

"ဟယ့်. . အဲ့ဒါဆို မင်းလည်းပေါက်မှာပဲ၊ မောင်လေးက နေတိုးထက်တောင် အကြည့်ခံသေးတယ်၊ နာမည်ကကောကွဲ့"

ဒီကောင်ကိုလှမ်းကြည့်ရပြန်တယ်၊ ချက်ချင်းပြန်ဖြေရမှာလေ။

"ဒီကောင်က နည်းနည်းရှက်တတ်တယ်မမရဲ့၊ နာမည်က ဘယ်မင်းသားနဲ့မှမဆင်ဘူး၊ လူသိလည်း သိပ်မခံချင်သေးဘူး၊ ကျွန်တော် ခပ်တိုးတိုးပဲပြောပြမယ်. . ၊မင်းသား ငါပြောပြလိုက်မယ်နော် ဘယ်သူမှ မကြားစေရပါဘူးကွာ"

"မင်းသဘောပဲ"

အဲ့လောက်တော့ ဖေါ်လိုလိုက်ရတော့တာပေါ့၊ ဒီကောင် ကောင်တာဆီထသွားတယ်။ အဒေါ်ကြီးဆိုပေမယ့်. . ခပ်တောင့်တောင့်တင်းတင်းကြီးပါ။ ဟိုကလည်း ခါးကိုင်းပြီး နားထိုး[illegible] သူကလည်း ဘေးဘီကြည့်ပြီး လက်ဝါးလေး နားနားကပ်ပြီး [illegible] သွားပြောနေတယ်။ ဘာတွေ ရှိုးနေလည်းတော့ ဘယ်သိမလဲ၊ ဟိုကလည်း အပျိုဖြန်းလို ငါးပနော်ပြုံးနဲ့ သဘောခွေ့ပြီး တခစ်ခစ်ရယ်လို့

စက္ကူလွှတ်တစ်ရွက်နဲ့ ဘောလ်ပင်ယူပြီး ပြန်လာတယ်၊ ခပ်တိုးတိုးကပ်ပြီး. . .

"ဟော့ကောင်. . ရေး၊ အမှတ်တရ Dai Yan လို့ လက်မှတ်ထိုးလိုက်. . လုပ်ပါ၊ လက်မှတ်ဖြစ်ရင်ပြီးတာပဲ Date ပါရေး"

သူပြောသလိုပဲ ရေးချပေးလိုက်ရတော့တာပေါ့၊ ဒိုင်ယံလို့ အသံထွက်မယ်၊ သွားပြန်ပေးတော့ စာရွက်ကို ရွှတ်ခနဲ နမ်းလိုက်သေးတယ်၊ ကိုယ့်ကိုပြုံးပြပြီးမှ အံဆွဲထဲ တရိုတသေထည့်လိုက်တာမြင်ရတယ်။

"မမ ဒီညအားရင် လာကြည့်မယ်နော်၊ ဝပ်ရှော့ထဲ ပြင်နေတဲ့ မင်းကားက ဘယ်ကားလဲ မောင်လေးမျိုး"

"ဟိုသစ်သားဘတ်(စ)ကားနဲ့ ကွယ်နေတယ်. . အဖြူလေး[illegible]တူးပါ"

နံပါတ်ပါ ရွှတ်ပြလိုက်သေးဗျား။

"အေးအေး. . . ကားပါကင်မှာ မင့်ကားကို အရှင်ရှာမယ်နော်"

"ကားက ပြီးချင်မှပြီးမှာ မမ၊ ကားမတွေ့လည်း ဝင်သာလာ[illegible]"

"အေးပါကွယ်. . ကဲ. . လိုတာမှာ အဝစားကြ"

ငါးဖယ်ကြော်သုပ်တွေ ဘာတွေပါ စားပွဲပေါ် ရောက်လာ

www.burmeseclassic.com



တယ်လေ၊ ကိုယ်လည်း ဆာဆာနဲ့ တုတ်လိုက်တာ ဗိုက်ကို နင့်က ရောပဲ။ ကောင်တာက ရွှေလက်ကောက် အဒေါ်ကြီးကလည်း ခဏ အထဲဝင်သွားပြီး မိတ်ကပ်နဲ့ ဆံပင်တောင် ထပ်သ,လာသေးတာ သိသာနေတယ်။ သူမရှိတုန်း ကပ်ပြောပြတာက. . .

"အပျိုကြီးတဲ့ကွ ဟင်းဟင်း. . နားနားကပ်ပြီး မင်းနာမည် ဒိုင်ယံလို့မပြောခင် မွှေးကြိုင်နေတာပဲ မမရယ် ရင်တောင်ခုန်သွားတယ်လို့ ကပ်ပြောလိုက်သေးတယ်၊ နားရွက်ကို နမ်းပြီးမှ မင်းနာမည် ဒိုင်ယံလို့ ပြောလိုက်တာ"

"ကြည့်လုပ်ဟေ့ကောင် ငါ့ခြေဖဝါးတွေ ယားလာပြီ"

"အေးဆေးပါ. . ဟိုမှာ အလှတွေ ထပ်သပြီး ပြန်ထွက်လာနေပြီ"

ဒီကောင်အသံကို ပိုတင်လိုက်ပြီး. . .

"ငါတ ဟိုတစ်ခါလာစားဖူးကတည်းက မမရဲ့လက်ရာနဲ့ ဒီဆိုင်ကို ခံတွင်းတွေ့သွားတာကွ၊ ဘယ်လိုလဲ ပဲခူးဆားဖြစ်တဲ့ ငါ ကြွားပြီးပြောတယ်လို့ မင်းထင်နေတုန်းလား"

"အေးကွ တော်တော်မြိန်တယ်"

"ဟိုတစ်ခေါက်ကလည်း အဲ့ဒီဝပ်ရှော့က ကိုတင်ရွှေကြီး ကြွားပြီး ကြော်ငြာတယ်လို့ထင်တာကွ၊ ငါလည်း မယုံလို့ ဝင်စားကြည့်မှ လက်ရာကို သိသွားတာ၊ ကိုတင်ရွှေကြီးက သူ့ ဖေါက်သည်တွေကို ထမင်းချိန်ဆို ဒီဆိုင်မှာပဲ အမြဲထမင်းကျွေးတယ်လေ၊ ဒါကြောင့် သူ့ဆီလာပြင်တဲ့ကားတွေ ပုံအောနေတာပေါ့ကွ၊ တော်တော်လာဘ်မြင်တဲ့ စီးပွားရေးသမားကွ"

"ကားပြင်ခကျတော့ နှစ်ဆလောက်ရိုပ်လိုက်တာ သောင်း





သောန်းလေ၊ မင်းတို့မှမသိလိုက်တာ၊ ထမင်းဖိုးက ထောင်ဂဏန်းထဲ ကျတာကွဲ့"

"ဒါပေမယ့် သူပြင်တာက ကောင်းတယ်လေ မမရဲ့. . . စေတနာလည်းပါတယ်၊ ကျွန်တော့်ဖါးသားကြီးဆို ကိုတင်ရွှေလုပ်ပေးမှ စိတ်ချတော့တာ"

"အေးပေါ့ကွာ. . . ဘောစိတွေဆိုတာ ယုံမိရင် ပုံအပ်တာချည်းပါပဲ"

"မမ စားလို့လည်းကောင်းပါရဲ့. . ကိုတင်ရွှေ စာရင်းထဲထည့်မလား ဒေါ်လာယူမလား"

"ဟမလေး. . ဒေါ်လာမကိုင်ချင်ပေါင်ကွယ်၊ ကိုတင်ရွှေဘီလ်ထဲပဲ ထည့်လိုက်ပါ့မယ်၊ ညကျလာမယ်နော် အားရင်ပေါ့"

"ဟုတ်ကဲ့ သွားမယ် မမ၊ ကားသွားကြည့်လိုက်ဦးမယ် ဩော် ငါးသုံးလုံးစီးကရက်တစ်ဘူးပါ ပေးပါဦး"

"ရော့. . ရော့. . မီးခြစ်ပါလား"

"မပါဘူးမမ"

"ဒါဆို ဒီမီးခြစ်ကအသစ် မမလက်ဆောင်ပေးတာ. . ညဦးကျမှ ဆုချမယ်နော် ဒိုင်ယံ. . "

ကိုယ်က ကိုယ့်ကိုပြောတယ် မထင်ဘူးလေ. . ကိုယ့်နာမည်တိုယ် မေ့နေတယ်၊ ဒီဆိုင်ကနေ အဝေးဆုံးကို ဖျတ်ခနဲ ရောက်ချင်လှပြီလေ၊ ဝေးလေကောင်းလေပေါ့။

"ဟေ့ကောင် မင်းကိုပေးနေတာ ယူလိုက်၊ နှုတ်ဆက်လိုက်ဦးလေ"

"ဩော် ဟုတ်ကဲ့. . ကျေး ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပြင်ရောက်တော့ ကိုယ်က နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုတာကို သတိရပြီး လစ်မလို့ပြင်နေပြီ၊ ဒီကောင်က စီးကရက်ဖေါက်ရင်း မျက်ရိပ်ပြတယ်၊ ခပ်တည်တည်ပဲ ဝပ်ရှော့ထဲ ဝင်လာတယ်။ ကိုယ်လည်းလိုက်ဝင်ရတာပေါ့. . ကားတွေကွယ်ရာ ကနေ ပတ်ကွေ့ပြီး လမ်းကြားထဲကိုရောက်အောင် ဖေါက်ထွက်ရ တယ်။ ခပ်ဝေးဝေးရောက်မှ. . .

"မင်းကွာ လစ်ရင်ရရဲ့သားနဲ့"

"ဟိုက တို့ကိုလိုက်ကြည့်နေမှာလေ ဝပ်ရှော့ထဲပြန်ဝင်မှ ယုတ္တိရှိတော့မှာပေါ့ဟ ငတုံးရ". . တဲ့။

သူပြောတာအမှန်ပဲလေ ကိုယ့်မှာ ပြန်ပြောစရာ ဘာစကား မှ မရှိတော့ တစ်လုံးပဲ ပြန်ပြောနိုင်တယ်။ သက်ပြင်းမောကြီး အားရ ပါးရ မှုတ်ထုတ်လိုက်တာပါ။

တူး. . . !







ထူထဲဝိန်းပိတ်စိတ်ဆိုတာသိလား..?

- ကောင်းတာ မကောင်းတာကို မသိတော့တဲ့ စိတ်ဖြစ်နိုင်တယ်...!
- မကောင်းဘူးလို့တားမြစ်ထားတဲ့အရာတွေဟာ ကောင်းလို့ဖြစ်မယ်ဆိုတဲ့စိတ်လည်း..ဖြစ်နိုင်တယ်...!
- နိုးစားရင်ပိုချိုတတ်မှန်း အရသာကိုသိနေတဲ့ စိတ်လည်း ဖြစ်နိုင်တယ်...!
- စည်းဘောင်အဟောင်းတွေ သမရိုးကျနောက်ကျန်အတွေးတွေ ပုံစံခွက်စုတ်ကြီးထဲ နေခဲ့တော့..ဆိုတဲ့စိတ်လည်း ဖြစ်နိုင်တယ်...!
- လုံချည်ထဲကို လူဝင်တယ်ဆိုတဲ့ ဖေါက်ထွက်တွေးစိတ်လည်း ဖြစ်နိုင်တယ်...!
- ဘာမှမရှိတဲ့ အနာဂတ်ကို ခဏခဏလှမ်းကြည့်မိရင်း...ဘာမှမတွေ့တော့.. ဘာဖြစ်ဖြစ်ကွာ ဆိုတဲ့ ပုန်ကန်စိတ်လည်း ဖြစ်နိုင်တယ်...!
- အနိုင်ကျင့်ခံရတာ ထုံလာတော့ (ကိုယ့်ခေါက်ရိုးကို ကိုယ်ကျိုးမှန်းမသိတော့တဲ့) ဟုန်နေတဲ့ အငုံစိတ်လည်း ဖြစ်နိုင်တယ်...! ရှည်ပါတယ်ဗျာ ...

အကက်ပါအားလုံး..ဖြစ်နိုင်တယ်...! မင်းခေတေ

www.burmeseclassic.com








## အခန်း(၅)

လိပ်ပြာကန်ရေပြင်ဟာ နေရောင်အောက်မှာ လက်လက်ထနေတဲ့ ရေကော်ဇောပြင် အရှင်လတ်လတ်ကြီးလိုပဲ။ ဒီဘောင်က သနပ္ပင်လမ်းတစ်လျှောက် လမ်းလျှောက်လာကတည်းက ကျောက်စရစ်ခဲ ခပ်ပြားပြားလေးတွေ ကောက်ကောက်ပြီး ပခုံးပေါ်က လည်သာလောင်းကုတ်အိတ်ထဲ ကောက်ထည့်လာတယ်။ ဘာအဓိပ္ပါယ်မှန်း ကိုယ်မသိဘူး၊ လိပ်ပြာကန်ရောက်တော့မှ ကိုယ်သဘောပေါက်တာ။

သူက ကန်ပေါင်ပေါ်ကနေ အဲ့ဒီ ကျောက်ခဲပြားလေးတွေ



www.burmeseclassic.com

ကို အပြားလိုက် ရှပ်ပြီး ရေပေါ်ကိုပစ်ဆော့တာလေ. . ရေပေါ်မှာ ခုန်စွခုန်စွ ရှပ်ပြေးပြီး တော်တော်ဝေးဝေးရောက်မှ အရှိန်ကုန်ပြီး နစ်သွားတာ ချစ်စရာကောင်းတဲ့ ကစားနည်းတစ်မျိုး ဖြစ်နေတော့တယ်။ ပျော်စရာတစ်မျိုးပဲ၊ ကိုယ်တောင် ဆော့ချင်လာတယ်။

ဒီကောင်ဟာ သူပျော်ရွှင်ကျေနပ်ဖို့ တစ်ခုခုတော့ လုပ်နေတတ်တယ်ဆိုတာ ကိုယ်သိသွားတယ်။ ဒီရောက်ရင် ဒီလိုဆော့ရတာ ပျော်စရာကောင်းမှန်းသိလို့ အလကားရတဲ့ ကျောက်စရစ်ခဲကို လမ်းလျှောက်ရင်း အလကားနေအလကား ကောက်လာခဲ့တာပါလား။

"တစ်. နှစ်. သုံး. လေး. ငါး. ခြောက်. ခွန်. ရှစ်"

ကျောက်စရစ်ခဲပြားလေး ရေပေါ်ခုန်ပြေးချက်တွေကို ပါးစပ်က ရေတွက်ရင်း ပစ်ကစားနေတာပါ။ ရေပွက်ကလေးတွေ လိုက်နေတာလေ၊ ဖြာခနဲ ဖြာခနဲ ပွက်တာ၊ နောက်တစ်ပြား ပစ်ပြန်ပြီ။

"တစ်. နှစ်. သုံး. လေး. ငါး. ခြောက်. ခွန်. ရှစ်. ကိုး. တစ်ဆယ်. ဆယ့်တစ်. . ဟားဟားဟားဟားဟား. . စံချိန်သုံးချက်ချက်ချင်း ချိုးလိုက်တာကွ. . ဒီတစ်လုံး ထပ်ချိုးဦးမယ်"

လောင်းကုတ်လည်သာကုတ်ကို ဝတ်လိုက်တယ်၊ လေမှာ လှုလှုပပလွင့်လို့၊ လည်သာအိတ်ထဲက နောက်ထပ်ကျောက်စရစ်ပြား တစ်လုံးကို ဟန်ပါပါ ထုတ်လိုက်တယ်. . ၊ အားကစားသမားတစ်ယောက်လို စံချိန်ထပ်ချိုးမယ့် ခဲလုံးကို တရိုတသေ နှုတ်ခမ်းနဲ့ နမ်းလိုက်တယ်။

ပထမတစ်လုံးက ရှစ်ချက်ခုန်အလုံး၊ ဒုတိယအလုံးက ဆယ့်တစ်ချက်ခုန်အလုံး၊ ဒီအလုံးက စံချိန်သစ်ထပ်တင်မယ့်အလုံး ဆိုပဲ။

ဒီကျောက်စရစ်တုံးလေးကို သူ တရိုတသေကြည့်ရင်း ကိုင်





တွယ်နေပုံက သူချစ်တဲ့ အားကစားပစ္စည်းလိုပါပဲ။

ဒီထက် ထင်သာမြင်သာအောင် ဘယ်လိုပြောမလဲ. . . ပစ်မှတ်ကို ထိအောင်. . သူပစ်မယ့် လေးနဲ့မြားလိုပါပဲ. . .

အဲ့ဒီ ကျောက်စရစ်ခဲ ခပ်ပြားပြားလေးကို. . လက်ထဲမှာ မြှောက်ဖမ်းရင်း. . နိုင်ရမယ်လို့ သစ္စာဆိုနေသလိုပါပဲ. . အဓိဋ္ဌာန်ပြုနေသလိုပါပဲ။

ဟုတ်ပ့ါ. . စိတ်ဝင်စားဖို့ကောင်းတဲ့ ဒီကောင့်အပြုအမူ တန်ပန်တွေကို ကိုယ်တောင် စိတ်ဝင်တစား စောင့်ကြည့်နေမိတယ်။ လေထဲမှာ လည်သာဂျာကင်ရှည်ကြီး တဝဲဝဲကလည်း အရမ်းလွင့်ပြီး တန်ပေါင်ပေါ် ကြည့်ကောင်းနေတာကိုး။ ပြောချင်တာက ကိုယ်တို့ နားမှာ. . အစောကြီးထဲက ခုံတန်းရှည်မှာ ထိုင်နေတဲ့ ဗလကြီးလည်း အစအဆုံး ထိုင်ကြည့်နေတယ်၊ အသက်ငါးဆယ်နီးပါး ကျန်းမာရေး ကောင်းတဲ့ အလေးမစဲပုံ ဗလကြီး၊ ဝတ်ထားတဲ့ စတိုင်လ်ကလည်း သားနားခေတ်မီတယ်၊ လေညင်းလာခံရင်း ကိုယ်တို့ကို အလကား နေအလကား မြင်ကွင်းထဲဝင်လာလို့ ထိုင်ကြည့်ရင်း. . ဒီကောင့်ကို သဘောကျနေပုံပါ. . (အဲ့ဒါပြောမလို့)။

ကျောက်စရစ်ခဲလေးကို သူညာဘက်လက်ဝါးပေါ် လက်မနဲ့ ကောက်တင်ပြီး အပြားလိုက် ကျွမ်းပစ်ပြန်ကျအောင် ချိန်ဆ မြှောက်တစားနေတယ်။

တဖြည်းဖြည်းပတ်ရေမြန်ပြီး ပိုမိုမြင့်တက်လာတယ်၊ အဖြင့် လိုက်ဖမ်းမိတာချည်းပဲ၊ သူက အပတ်ရေလိုက်ရေ တွက်နေတော့။

"ဟုတ်ပြီ. . ရှစ်ပတ်"

"ဖျတ်!. . ဖတ်!. . "

www.burmeseclassic.com



(ဖမ်းပြီးပြန်မြှောက်ရင်း)

"လာပြီ. . . တစ်. နှစ်. သုံး. လေး. ငါး. ခြောက်. ခွန်. ရှစ်. ကိုး. တစ်ဆယ်. ဆယ့်တစ်. . ဆယ့်တစ်ပတ်တိတိပဲ"

ဒီကောင် တစ်ကနေဆယ့်တစ်အထိကို 'ရက်ပ်'လို့ရွတ်သွားတာ ပီပီသသကြားလိုက်ရတာဆို. . အလွန်မြန်တယ်၊ ပီတယ်၊ ပြတ်တယ်၊ ဟိုလူကြီးပြုံးတယ်၊ ခေါင်းညိတ်တယ်။

"ကဲ. . ဒီတစ်ခါ ဆယ့်ငါးပတ်တိတိ လေထဲပတ်မယ်" တဲ့။

ချိန်ဆရင်း. . . တစ်ကနေ စအော်ရင်း မြှောက်တင်လိုက်တယ်။ တကယ်ဗျာ ဆယ့်ငါးမှာ သူ့လက်ဝါးထဲ ပြန်အကျနဲ့. . ပါးစပ်တဆယ့်ငါး အတိပါဆို။ ပိုမပြောပါဘူး ဒီကောင့်ကို. . . ဒီကောင်မျက်လှည့်ပြသလိုလို. . ဘားဆပ်ကပ် အထူးပွဲပြနေသလိုလို(နွေခင်းကြောင်တောင်) လိုက်ရှုံးကို သဘောအကျကြီးကျပြီး ထိုင်ကြည့်နေတာတ တိုလူကြီး။ ကိုယ်သတိပြုမိစရာကလည်း ဒီနား ဒီလူဗလကြီးဝဲရှိတာပဲ၊ ဒီကောင့်ကို မျက်တောင်မခတ် ကြည့်ရင်း အဓိပ္ပါယ်တစ်ခုပါနိုင်တယ်လို့ထင်ရတဲ့ အပြုံးကိုပြုံးတယ်၊ ဒီကောင်ပြောတဲ့အော်ဇာပေးရှင်းပေါ့။ ပတ်ဝန်းကျင်ကို စိမ့်ပျံ့စွာ ခံစားကြည့်တတ်ခြင်းပေါ့။ ဒီကောင့်ကျောဘက်မှာရှိနေလို့ ဒီကောင် ဒီဗလကြီး သူ့ကိုကြည့်နေတာ ဘယ်သိမှာလဲ။

"ဟေ့ကောင် ဒိုင်ယံ"

"ဟေ့ကောင် မင်းကိုခေါ်နေတာ. . မင်းကို ပညာပေးတော့မှာ သတိထားတော့. . မင်းနဲ့ငါလောင်းတော့မှာ. . ၊ ငါ. . ဒီ. . ကျောက်ခဲ. . ဆယ့်ငါးပွက်တိတိ ထပွက်ရမယ်"

"မဖြစ်နိုင်တာကွာ"





"ဒါကြောင့်လောင်းမလားလို့ ပြောတာပေါ့ကွ၊ ငါက ဆယ့်လေးဆိုရှုံး၊ ဆယ့်ခြောက်ဆိုရှုံး. . ဆယ့်ငါးအတိမှ နိုင်မှာ. ."

"လုံးဝမဖြစ်နိုင်ဘူးကွာ ငါပိုက်ဆံရှိရင် အကုန်လောင်းတယ်"

"ငါချေးတယ်ကွာ. . ငါး ဒေါ်လာကြေး လောင်းမယ်၊ ရော့ဟောသမှာ ဆယ်ဒေါ်လာ မင်းပဲကိုင်ထား၊ ရှုံးရင်တော့ ကာလပေါက်ဈေးအတိုင်း ဗမာငွေ. . မင်း အရစ်ကျဆပ်ရမယ်နော်၊ မင်းအစ်မဆီက ငါလာတောင်းမှာ"

ဘယ်လိုဖြစ်နိုင်ချေရှိမှာလဲဗျာ၊ ခင်ဗျားဆိုရင်ကော မိတ်ဆွေ. . ၊ ကိုယ်လိုပဲ လောင်းမှာပဲမှတ်လား၊ ခုဟာက ကိုယ့်ပိုက်ဆံလည်းမဟုတ်၊ နိုင်ရင် ဒီကောင်က တကယ်ပေးမယ့်ဂိုက်ပါပဲ၊ လက်ထဲထည့် ပေးထားသေးတယ်။ လောင်းတာပေါ့၊ လေက ပိုတောင်လူးလာသေးတယ်၊ ဘယ်နည်းနဲ့မှ ဆယ့်ငါးချက်တိတိ မရှုပ်နိုင်ဘူးမပွက်နိုင်ဘူးဗျာ၊ (Impossible)လို့ ပိုလေးနက်အောင် အင်္ဂလိပ်စကား ညှပ်ပြောလိုက်မယ်ဗျာ. . လုံးဝ. . ဝလုံး. . အင်ပေါလ်စီးဘဲမဖြစ်နိုင်ဘူး. . ။

"လာတောင်း. . လောင်းတယ် ဟေ့ကောင်. . ၊ ငါရှုံးရင်အစ်မဆီ တစ်ရစ်ထဲလာတောင်း. ."

ဟုတ်တယ်လေ ရှုံးစရာအကြောင်းမရှိဘူး၊ ရှုံးလည်း လောလောဆယ် ဘာမှမဖြစ်ဘူး. . လောင်းတယ်၊ ကိုယ်က အသင့်ပဲ။

"ကဲ. . အသင့်. ."

"ပစ်"

"မင်း. . မှန်အောင်လိုက်ရေနော် အနိုင်၊ အရှုံးက ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



တက်နိုင်တယ်၊ ငါမင်းကို 'ရက်ပ်'လို့ရွတ်ပြရင်း ပညာပေးသွားတာ ကြားလိုက်တယ်နော်. . ၊ ငါကတော့ ပွက်သလောက် ကွက်တိလိုက်ရနိုင်တာ မင်းအမြင်ပဲ. . ငါ သစ္စာဆိုတယ်. . ၊ အမှန်အတိုင်း လိုက်ရေပေးမယ်. . ဤမှန်သောစကားကြောင့် ဆယ့်ငါးပွက်တိတိ ပွက်ပါစေ. . "

သစ္စာတွေဘာတွေတောင် ဆိုလိုက်သေးတယ်။

ဟုတ်တယ်၊ ဒီကောင်ပါးစပ်က အမြန်ရေပြပြီးပြီ။ ဒိုးကိုင်ပြပြီးပြီ၊ သူ့အိုင်ကျူက အလွန်ပြေးတာလေ၊ ကိုယ့်အဲ့လောက် မမြန်ဘူး သူ့သစ္စာကိုလည်း ဘယ်လိုလုပ် ယုံမှာလဲဗျာ. . ၊ အကြောင်းသိကြီးဟာကို. . မယုံဘူး။ ဒါကြောင့် ကိုယ်ကပဲ အကြံပေးမိတာပါ။

"ဟေ့ကောင် ငါးဒေါ်လာကြေးတောင်ကွ. . ဗမာငွေနဲ့ ငါးချိန်းလောက်ရှိတယ်. . အနိုင်အရှုံးကိစ္စ၊ နှစ်ယောက်အငြင်းပွားနိုင်တယ်. . တရားမျှတတဲ့ ဒိုင်လူကြီးလိုတယ်"

ဒီကောင်က ကိုယ့်ရဲ့ သင့်မြတ်တဲ့ တောင်းဆိုမှုကို ပယ်ချတယ်။

"မင်းက ငါဆိုထားတဲ့ သစ္စာတရားကို မယုံလို့လား၊ ငါ့ယောကျ်ားချင်းချင်း. . သူငယ်ချင်းအချင်းချင်းထားတဲ့ စကားကို မယုံကြည်ဘူးလို့ ဆိုလိုတာလား၊ ဒီမယ်. . ဒိုင်ယံမောင်. . ငါ လိုက်ရေလို့ ဆယ့်လေး၊ ဆယ့်ခြောက်ဆို ငါကိုယ်တိုင် အရှုံးပေးတယ်၊ ယုံလိုက်. . မိတ်ဆွေရင်းချာအပေါ် ထားရမယ့် သစ္စာစကားကို တည်တယ်၊ ငါဟာ လိမ်မှာပါးနပ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ကွ"

အဲ့ဒီလူကြီးကို ဒီဇာတ်လမ်းထဲ ဆွဲသွင်းမိတာလည်း ကိုယ်ပါပဲလို့. . ဆိုနေ၊ ကိုယ်က. . .





"ဒါပေမယ့် ငမိုး၊ ပြိုင်ပွဲ လောင်းပွဲဆိုတာ ပရိသတ်ရှိတယ်၊ ဒိုင်ရှိတယ်၊ ဒို့နားမှာ ပရိသတ် အဖြစ်ရော ဒိုင်အဖြစ်ပါ မှန်ကန်စွာ သမာသမတ်ကျကျ. . အဲ. . "

ကိုယ် ဗလကြီးကို လှမ်းအကြည့်. . .

"ခြံစည်းရိုးမခွတဲ့. . ဟိုခြံဝင်စား၊ ဒီခြံဝင်စား မလုပ်တဲ့. . ၊ ပြီးဆွဲရာမပါတဲ့၊ မြက်နုကြိုက် ကျန်းမာရေးလိုက်စားတဲ့. . အဲ. . တောင်သူလယ်သမားတွေရဲ့အချစ်တော် နွားအိုကြီးတစ်ကောင်. . အဲ. . ဒိုင်လူကြီးတစ်ယောက်. . မင်းတို့ကို အခမဲ့လုပ်ပေးနိုင်ပါတယ် ဘော်ဒါတို့ရဲ့"

ဗလကြီးက ကိုယ့်စကားကိုဆက်ပြောရင်း ရယ်ပြီးပြောလာတာ. . ပျော်ရွှင်ဖွယ် နှစ်လိုဖွယ် အသံနဲ့ဟန်ပါပဲ၊ ဟာသဉာဏ်လည်း ရှိတယ်. . သရော်ချင်တာတွေလည်း ပုန်းကွယ်ပါဝင်နေတဲ့ ခိုင်းနှိုင်းစကားတွေပါပဲ။

ဒီကောင်ရော ကျုပ်ရော လှမ်းကြည့်မိကြ ပြုံးပြလိုက်မိကြတယ်၊ စကားဝိုင်းထဲ ဝင်လိုက်ပုံက ခင်မင်နှစ်လိုဖွယ်ကောင်းပါတယ်၊ သူလည်း ချာတိတ်လေး ပြန်ဖြစ်ချင်ဖြစ်သွားမှာပေါ့။

ဒီကောင်က ဝဲ့လ်ကမ်းမိုင်ဘစ်(ခ်)ဘေဘီတဲ့၊ ကြိုဆိုပါတယ် ငါ့တလေးကြီးတဲ့။

"ကိုယ်ကော အလောင်းအစား မပါရဘူးလားကွ ဘော်ဒါတို့ရဲ အဲဒီအရသာကို ကြိုက်လို့. . . ကိုယ်လည်းလောင်းမယ် ဘယ်လိုလဲ"

ဒီကောင်က ပယ်ထုတ်နေတာ. . ကိုယ်ကကို အတင်းဆွဲသွင်းနေတာပါဆို. . ဒီကောင်ပယ်တဲ့စကားက ထိတယ်ကြည့်လေး



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်ဝင်လောင်းတော့ အဂတိလိုက်တော့မှာပေါ့. . အန်ကယ်ကြီးရ ဘယ်ဖြစ်မလဲ"

"ကြိုက်သွားပြီ ကိုယ်လည်းမင်းလိုပဲ. . မင်းတို့ပွဲမှာ ဆယ့်လေး၊ ဆယ့်ခြောက်ပွက်ဆို နိုင်တယ်လို့အော်မယ် စားမယ်. . ဆယ့်ငါးဆို စားလို့ပြောလိုက်မယ်. . မောင်ရင့်လိုပဲ ကိုယ်လည်းမျက်စေ့လျှင်တယ်၊ အဲ. . မောင့်ရင်လိုပဲ သစ္စာစကားတည်တယ်. . ပြီးတော့ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ယုံတဲ့လူကြီးတစ်ယောက်လည်း ဖြစ်တယ်"

ကိုယ်ပဲလောင်းကြေးခေါ်တာလေ. . .

"ဘော်ဒါကြီးက ဘယ်ဘက်ကလောင်းမှာလဲ ဘယ်လောက်လောင်းမှာလဲ. ."

"ဘယ်ဘက်လောင်းမယ်ဆိုတာ မပြောခင် လောင်းကြေးအရင်ပြောမယ်. . ကြေး. . ဘာကြေး ဘယ်လောက်ကြေးကို အရင်ညှိရမယ်ထင်တယ်"

မိုးလှိုင်တဝင်ပြောတယ်။

ကိုယ်တို့မှာက ဒေါ်လာ၊ ဘယ်မှာလဲရမှန်း ကိုယ်မသိဘူး။ ဒီဘဲကြီးဆီကနိုင်ရင် မြန်မာကျပ်ရမှာ. . ကိုယ်နိုင်ချင်လာတယ် သုံးစရာမှမရှိတာလေ။ ကိုယ့်ကောင်နိုင်အောင် ကြိုးစားအားထုတ်ချင်လာတယ်။ ဒီကောင်နိုင်မှဖြစ်မယ်. . တို့နိုင်ရမယ်။

"ကဲ. . ဖြစ်နိုင်ချေနည်းတဲ့ မောင့်ဘက်ကစပြီး ကြေးခေါ်ခွင့်ပေးတယ်"

"ခေါ်သလောက်လိုက်မှာလား ချက်ချင်းငွေချေမှာလား"

ဒီကောင်က ကျောက်ခဲလေးကို မကြည့်ဘဲ မြှောက်တင်လိုက်တယ်။ ဖတ်ခနဲ မကြည့်ဘဲ ပြန်ဖမ်းပြလိုက်ရင်းမေးတာ. .

"မင်းအခုန ပစ်တင်လိုက်တာ ဆယ့်လေးပတ်ပဲလည်တယ်"

တရုတ်သိုင်းကားမှုတ်ဘူးနော် ကိုယ် တကယ့်အဖြစ်အတိုင်းပြောနေတာ၊ ဘာအတွင်းအားမှမပါဘူး၊ မျက်စိလျှင်ကြောင်း ဘဲကြီးက အပေါ်စီး စိတ်ဓါတ်စစ်ဆင်လိုက်တာ သဘောပေါက်ကြမလားမသိဘူး. . လျှော့မတွက်နဲ့လို့ပြောလိုက်တာ. . ။

"ဆယ်ဒေါ်လာဖိုးမြန်မာငွေ အန်ကယ်မှာပါလား၊ ကာလပေါက်ဈေးနဲ့နော် ကိုးထောင်ဝန်းကျင်ပါပဲ. . အဲဒါကြေးပဲ. . ၊ ဒီမှာတင်ရှင်းကြေး ဆယ့်ငါးပွက်အတိပဲ တစ်လိုရှုံး၊ တစ်ပိုရှုံးနော်၊ ကျွန်တော့်သူငယ်ချင်းဆီမှာ ဆယ်ဒေါ်လာ ဦးယူထားလိုက်ပါ ယုံတယ်"

ကိုယ်ကလည်း ဆယ်ဒေါ်လာ လှမ်းပေးလိုက်တယ်၊ ဗလကြီးက တန်းလျားပေါ်ထိုင်နေရာက ထလာတယ်၊ သူ့အိတ်ထဲက စိုက်ဆံအိတ်ထုတ်တယ်၊ ထောင်တန်ဆယ်ရွက်နဲ့ ဆယ်ဒေါ်လာကို ထပ်လိုက်တယ်၊ တန်းလျားခုံပေါ်တင်တယ်၊ ကျောက်စရစ်တစ်ခဲတောင်းတယ်၊ ဘယ်ဘက်အိတ်ထဲက ကျောက်စရစ်ပြားတစ်လုံး ဒီကောင်ကလှမ်းပေးလိုက်တယ်၊ ခုံပေါ်ကပိုက်ဆံတွေကို ဗလကြီးက ကျောက်စရစ်ခဲလေးနဲ့ ဖိထားလိုက်တယ်။

"နောက်တစ်လုံးကောက်ကွာ ကိုယ်လည်း အလောင်းအစားမလုပ်ခင် ပစ်ကြည့်ချင်တယ် အစမ်းကစားကြည့်တာပေါ့". . တဲ့။

ဒီကောင်က နောက်တစ်ပြား ထပ်ထုတ်ပေးလိုက်တယ်။ ဘဲကြီးက အကြောအခြင်တွေ လက်လွှဲပြီးဆန့်တယ်။

ဟမလေး!. . . နည်းတဲ့ဗလကြီးမှုတ်ဘူး. . အားတုန်ရှောစ်လိုက်တယ်။







www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ စမ်းဦးမလား အန်ကယ်ကြီး"

"နည်းစနစ် လိုအပ်သွားပုံရတယ်. . ဟင်းဟင်း. . စမ်းဦးမယ်ကွာ၊ ပေး. . နောက်တစ်လုံး"

သေသေချာချာပဲ ကျောက်စရစ်လုံး ခုံးခုံးလေးပဲ၊ ပြားနေရင် ပိုပြေး၊ ပိုပွက်မယ်၊ ပိုခုန်နိုင်တယ်။ ဒါကို လူပြိန်းတောင် သိနိုင်ပါတယ်. . ။

ဒီဗလကြီးလည်း စောစောက ငပွေးကောင်မျိုးလိုင် ကိုင်တွယ်သလိုမျိုး သူ့အားကစားပစ္စည်းလေးကို မြတ်မြတ်နိုးနိုး ကိုင်တယ်။ လက်မနဲ့တောက်တင်ပြီး အပတ်ရေကိုဖတ်ပြီး ဖျတ်ခနဲ ဖျတ်ခနဲ ပြန်ဖမ်းကြည့်နေတယ်။

သူလောင်းကစားလုပ်မယ့် အဓိက ကိုင်ဒိုး(ဂိုင်ဒိုး)လေးကို လတ်နဲ့တွှမ်းဝင်အောင် ကျင့်နေပုံပဲ။

သူ ဘယ်ဘက်ကလောင်းရင်နိုင်မလဲလို့ အသေချာဆုံး စမ်းသေး စမ်းသပ်ကြည့်နေပုံ။ လောင်းကစားသမားဉာဉ်နဲ့ ဖြစ်နိုင်ခြေထောင့်စေ့အောင် ကြည့်နေတဲ့ပုံပဲ. . စေ့စပ်သေချာနေပုံလေ. . ။

တပြိုင်နက်မှာ ဒီကောင့်ကိုလည်း အနီးကပ် အကဲခတ်နေပုံပဲ၊ ကျောက်စရစ်ခဲလေးကို အနီးကပ် အပြားလိုက် အခုံးအပါး ဘက်ရွေးရင်း ဒီကောင့်မျက်လုံးကို စိုက်စူးပြီး လှမ်းကြည့်တယ်။

ဒီကောင်ကလည်း စူးစူးစိုက်စိုက်ရဲရဲတင်းတင်းပဲ ပြန်ကြည့်ရင်း သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ပါတဲ့ အပြုံးကို ခပ်လျှောင်လျှောင်ပြုံးပြလိုက်တယ်။ ပြီးမှ သာသာယာယာ ရယ်သံလေးနဲ့. . .

"အန်ကယ်လ်. . ကျွန်တော်က ကျွန်တော့်သူငယ်ချင်းကို ပညာပေးမလို့၊ အန်ကယ်လ်ပါ ပါသွားမယ်နော်. . . အားကစား





စိတ်ဓါတ်နဲ့ ကြို့ပြောတာပါ"

"ပညာဆိုတာ ဘယ်သူ့ဆီကမဆို ယူရမှာလေကွာ၊ ဝါသနာအရ အလောင်းအစားလည်း လုပ်ရသေး၊ ပညာလည်းရသေး. . ဟော့. . ဟော့. . ၊ ကဲ. . ပစ်ကြည့်ဦးမယ်နော်"

တော်တော်ပဲအားထည့်ပြီး သတိအပြည့်နဲ့ ပစ်ပါတယ်။ ဖြတ်သွားဖြတ်လာတွေက ရယ်သွားကြတယ်။ ကလေးကြီး ဆော့နေသလို ဖြစ်နေတယ် ထင်တာပဲ။

ဗိုးခနဲ. . ။

ကိုးပွက်တောင် မပြည့်ဘူး. . ရှစ်မှာ ကျွမ်းသန္တာလန်ပြီး ပလုံဆို စွပ်ခနဲ အပြားလိုက် ဒိုင်ဗင်ထိုးဆင်းသွားတယ်။

"မလွယ်ပါလားကွ"

"ကဲ. . အန်ကယ်လ်ဘယ်ဟာယူမလဲ"

"ဆယ့်ငါးချက်အတိဘက်ကပဲ လောင်းတယ်"

"ဗျာ!. ."

၄ ၄ ၄ ၄

www.burmeseclassic.com

www.burmeseclassic.com



ပျာခနဲ အလန့်တကြား ထအော်လိုက်မိတာက ကိုယ့်အသံ ပါ။ တိုယ်တို့နိုင်ပြီလေ. . ဒီကောင် ပစ်ချင်သလိုပစ်လို့ရတယ်ဆိုတဲ့ သဘောလေး မြှောက်ပစ်လိုက်ရုံနဲ့ ပလုံဆို နိုင်ပြီးနေပြီလေ. . ဒါ ကြောင့်. . ဝမ်းသာအားရ ထအော်မိတာ။

ဒီကောင်က ဗလကြီးကိုလှမ်းကြည့်တယ်. . ဇတ်ခနဲပါ၊ ဒီကောင့်မျက်လုံး လက်ခနဲဖြစ်သွားတာ ကိုယ်မြင်လိုက်တယ်။ ပြုံး တယ်၊ အနက်အဓိပ္ပါယ်တစ်ခုပါတယ်. . ဘာမှန်းတော့ မသိဘူး။

"အန်ကယ်လ် ဘာလို့ထိုးကျွေးတာလဲ. . ဖေါက်ဆို လှမ်းပစ် လိုက်ရင် အန်ကယ်လ် ရှုံးနေပြီ"

"မောင်ရင် အဲ့ဒီမေးခွန်း မေးကိုမေးရမှာ. . မင်းကို ကြိုက် သွားပြီ၊ စောစောက မင်း ဒီဘော်ဒါလေးကိုပြောခဲ့တဲ့ စကားကြောင့် ဆယ့်ငါးပွက်ကိုလောင်းတာ. . ယောကျ်ားကောင်းတစ်ယောက်ဟာ





မိတ်ဆွေရင်းချာပေါ်ထားတဲ့ သစ္စာစကားကို တည်ရတယ်ဆို၊ မင်း သူ့ကို (၁၅)ပွက် ပစ်ပြမယ် ရေပြမယ်ဆိုတဲ့စကားကို. . မင်း တည် မတည်ကြည့်မလို့ ငွေတစ်သောင်းထိုးကျွေးတာလေ. . ၊ မင်း သူ့ကို ပညာပေးမယ်ဆို. . ပေးလေ. . မင်းပညာပြလေ. . ပြီးတော့. . မင်း က ဒီဘော်ဒါလေး မင်းကို သူရဲကောင်းအဖြစ် ဟီးရိုးထားတာကို ဆက်လက်ထိန်းသိမ်းချင်မှာပါ"

ဟ. . စကားပြောကောင်းလှချည်လား။ ဟုတ်တယ်. . ဒီ ကောင်ကိုယ်ကို အင်မတတန် သူရဲကောင်းလုပ်ပြချင်တယ်။ မှန် တယ်. . ကိုယ်ကလည်း ဒီကောင့်ကို လိမ်ညာတတ်မှန်းသိသိကြီးနဲ့ သူရဲကောင်းလို့ မှတ်ယူနေတယ်။ စောက်မြင်ကပ်ကပ်ကြီးနဲ့ကို အ ထင်ကြီးနေတယ်။ ဗလကြီး ခဏချင်းအကဲခတ်လိုက်တာ ကွက်တိပဲ။ လျှော့မတွက်နဲ့. . . ။

သူလောင်းပုံနဲ့ ငွေး (၁၅)ချက်တိတိ ပစ်အောင် စိတ်ဓါတ် စစ်ဆင်လိုက်ပုံက ပညာပါတယ်။ ကဲ. . ဒီကောင်ဘာလုပ်မလဲ. . ၊ ကိုယ်ကတော့ ဒီကောင့်ကို ဘာလုပ်စေချင်နေသလဲ. . ၊ ဝန်ခံရရင် နိုင်ချင်တယ်။

မြန်မာငွေကျပ်တစ်သောင်းက ဒီကောင့်ခဲလုံးပေါ် မှုတည် နေတယ်၊ လွယ်လွယ်လေး. . . ပစ်ချလိုက်ရုံပဲ နိုင်နေပြီ၊ ငွေက တ တယ်လိုနေတာလေ. . . ။

"ကဲ. . ငါငွေသိမ်းတော့မယ် မျိုးလှိုင်. . တို့နိုင်နေပြီ. . ပစ် ချလိုက်တော့"

"နေဦး. . ငါ့ကိုယ်ငါလောင်းထားတယ် ငမောင်. . ကဲ. . လိုက်ရေကြမယ်နော် ပစ်တော့မယ်"

www.burmeseclassic.com



ဒီကောင် သူ့ဂိုင်ဒိုးပြားလေးကို လက်နဲ့တောက်ပြီး ပြန်မြှောက်ကစားနေပြီး. . ပစ်ဖို့အနေအထား ခြေထောက်ခွင်အသေအချာချရင်း. . ဘယ်နဲ့တောက် ညာနဲ့ဖမ်း၊ သုံးလေးကြိမ် ဆကြည့်နေတယ်။ ဝီးခနဲ ဖတ်ခနဲမြည်သံ ပုံမှန်ထက် မြန်မြန်လာတယ်။ ခပ်မြင့်မြင့် ဘယ်နဲ့တောက်တင်တယ်၊ ကျလာတာကို ညာနဲ့ဖမ်းပြီး ကိုယ်ဟန်ကို နွဲ့ခနဲနေအောင်ကုန်းပြီး. . ဝီးခနဲ ပစ်လိုက်တယ်။

"တစ်. နှစ်. သုံး. လေး. ငါး. ခြောက်. ခွန်. ရှစ်. ကိုး. ဆယ်. ဆယ့်တစ်. ဆယ့်နှစ်. ဆယ်သုံး. ဆယ့်လေး. ဆယ့်ငါး. . ."

သုံးယောက်စလုံး ပြိုင်တူလိုက်ရေရွတ်မိတဲ့အသံပါ။

"ဟာ. . ဆယ့်ငါးအတိပဲကွာ(. . . .)ပဲ ရှုံးပြီ. . ."

ဒါက ကိုယ့်အသံကလွဲပြီး ဘယ်သူ့ရှိဦးမှာလဲဗျာ။ ရှိစုမဲ့စု ဒေါ်လာလေး ဆယ်ရွက်ပါသွားပြီ။ ကုန်ပြီ။ ပြစားစရာ ဒါပဲရှိတာ။ ဒီကောင်မှုသွားပလားပဲ. . ဒါကလွဲလို့ ဘာဖြစ်နိုင်သေးလို့လဲ၊ လက်ခုပ်တီးသံထွက်ပေါ်လာတယ် ဗလကြီးဆီက. .၊ မတ်တတ်ကနေ ပိုက်ဆံတင်ထားတဲ့ခုံတန်းဆီ ပြုံးပြီးလျှောက်သွားတယ်၊ ခဲလုံးရော ပိုက်ဆံရော ကောက်ကိုင်တယ်၊ ဒေါ်လာဆယ်ရွက်ရော သူထပ်တင်ထားတဲ့ ထောင်တန်ဆယ်ရွက်ရော ဒီကောင့်လက်ထဲ လာထည့်တယ်. . .။

"မင်းတော်တယ်၊ ငါ့ဂုဏ်ပြုတာ ယူလိုက်တော့"

ကိုယ်က ပါးစပ်အဟောင်းသား၊ ဒီကောင်က သွားအဖွေးသားနဲ့ လှမ်းယူတယ် ဘာမှမပြောဘူး၊ ထို့နောက် ဗလကြီးကိုင်ထားဆဲ ကျောက်စရစ်ပြားလေးကို လှမ်းကြည့်တယ်။ ပြီးမှ. . .

"အန်ကယ် ကျွန်တော့်ကို ဘာလို့အရှုံးပေးတာလဲ"

[illegible]



"မင်းရဲ့အားကစားစိတ်ဓါတ်နဲ့ ကြိုပြောတာရယ်၊ ပြီးတော့ မင်းသူငယ်ချင်းကို မင်းကျွမ်းကျင်တဲ့ပညာကို သစ္စာရှိစွာပြမယ်လို့ ငါယုံထားတာ၊ အဲဒီအတိုင်းဖြစ်လာလို့ပဲ မင်းစိတ်ဓါတ်ကိုဆုချတာ"

စဉ်းစားကြည့်ကြလေဗျာ. .၊ ဘာတွေဖြစ်နေကြတာတုန်း ကိုယ့်ရှေ့မှာဖြစ်ပျက်နေတာတွေ။ ကိုယ်ဟာ ကိုယ့်ကိုယ်ကိုယ် လူလားမြောက်လှပြီထင်နေတာလေ၊ ဘယ်လိုနားလည်ရမှန်းကို မသိတော့တာလို့ ဝန်ခံပါတယ်။

ဗလကြီးနဲ့ဒီကောင် နာမည်တွေပြောရင်း လက်ဆွဲနှုတ်ဆက်နေကြတယ်။ ဒီကောင်က သူ့နာမည့်မျိုးလှိုင်လို့ နာမည်အမှန်ပြောတယ်။ ရွာနာမည်လည်းအမှန်ပဲ ဒါပေမယ့် ရန်ကုန်က ခဏလာလည်နေတဲ့ ဧည့်သည်တဲ့။

"အေး. . စိန်ထွန်းကွက်သစ်မှာ ရွှေမောင်မောင်ဆို ကလေးကအစ ခွေးအဆုံးသိကြတယ် ရောက်ရင်ဝင်". . . တဲ့။

ဟင်. . ခုမှကိုယ်သတိထားမိတာ ဗလကြီးကိုအသေအချာကြည့်မိတော့တယ်. .၊ စိန်ထွန်းကွက်သစ်ဆိုမှ မနက်ကကိုယ်တို့လိုက်ကြောင်တဲ့ခြံထဲက အယ်လ်ဇေးရှင်းနဲ့ ဗလကြီးပါလားဗျာ. . . ဘုရား. . ဘုရား. . သူ့သမီးနှစ်ယောက်လေ အမြွှာညီအစ်မလေ. . အဲဒီနှစ်ယောက်ရဲ့ ဖားသားကြီးပါကလား၊ ကိုယ်တို့ကို မမှတ်မိလို့. . မှတ်မိရင် ကုပ်ကနေဆွဲပြီး ကန်အလယ်ထိ ဆွဲလွှင့်ပစ်နိုင်တဲ့ ဗလကြီးနဲ့လေ။ ကိုယ်က နိုင်လည်းနိုင်နေပြီ၊ ဝေးလေကောင်းလေလစ်ချင်လှပြီ။

ဒီကောင်က မမှတ်မိတာလား. . သတိမပြုမိအောင်ပဲ အဲဒီတုန်းက မှန်နေခဲ့တာလား၊ ကိုယ်ကမသိမသာလစ်ဖို့ မျက်ရိပ်ပြတယ်

www.burmeseclassic.com



ဒီကောင် ကိုယ်ပြတာကို မြင်ပါတယ်၊ မနက်က အမြွာအဖော်ကွ လစ်မယ်ဆိုတဲ့ သင်္ကေတပါ. . ဒီကောင်သိကိုသိလောက်တယ်. . ဒါပေမယ့် ဒီကောင်အရစ်ရှည်နေပုံက. . .

"အန်ကယ်ရဲ့ အင်မတန်လှပတဲ့ အလောင်းအစားနဲ့ လျော်ကြေးကိုတော့ ကျွန်တော့်ဘဝမှာ မမေ့တော့ပါဘူး"

ဗလကြီး အင်မတန်သဘောကျမယ့်စကားပါ၊ သွားကြီး ဖြဲလာတယ်. .၊ ငွေး ကိုယ့်ဘက်လှမ်းကြည့်ပြီး. . .။

"ဒိုင်ယံ မင်းက ဝတ္ထုတိုရေးနေတဲ့ကောင်ဆိုတော့ အခု ဒီလိပ်ပြာကန်က အဖြစ်အပျက်လေး. . ဒီလောင်းကစားပွဲဟာ ရေးတတ်ရင် ဝတ္ထုဖြစ်တယ်၊ အဓိကဇါတ်ကောင်ကတော့. . ဒီက ဦးရွှေမောင်မောင်ပဲကွ"

ဒိုင်ယံဆိုတဲ့ အဆိုတော်ကနေ စာရေးဆရာဖြစ်သွား ပြန်ပါရော. . လုပ်ဟိုက်ဟ. .၊

"အေးပါကွာ. . ရေးမယ်၊ ကဲ. . ပြန်ရအောင်"

ဗလကြီးတတော့ သူ့ကို အဓိကဇါတ်လိုက်အဖြစ် ဝတ္ထုတောင်ရေးဦးမယ်ဆိုတော့ ပိုသဘောကျသွားတာပေါ့၊ ကိုယ်က စာရေးပါတယ်. . ကျောင်းနံရံကပ်စာစောင်မှာလေ. .။

ရေးမယ်နော်. . ဘော်ဒါကြီးဆိုတော့. .။

"အေး. . ရေးခွင့်ပေးပါတယ်ကွာ၊ နာမည်အရင်း ရွှေမောင်မောင်လို့ပါ ထည့်ရေး. . ဒါနဲ့ မင်းကလောင်နာမည်က"

"တစ်ပုဒ်မှ မဂ္ဂဇင်းမှာမပါသေးဘူးခင်ဗျ. . ဒိုင်ယံနဲ့ ရေးပါတယ်"

ကိုယ်လည်း မယုတ်မလွန် ဖောရွှေရတော့တာပေါ့. .။





"အေးကွ. . ကိုယ်က လူငယ်တွေကာယဖွံ့ဖြိုးအောင် ရှော်ကွက်အလေးမအသင်း ဖွင့်ထားတယ်. . အဲ. . စိတ်ဓါတ်နဲ့ ဉာဏ်ရည်လည်း မြင့်စေချင်တယ်. . ဒီက မျိုးလှိုင်လို မင်းလို လူငယ်တွေ တိုင်းပြည်မှာ အလွန်လိုအပ်တယ်၊ မင်းတို့လို ဦးနှောက်ပိုင်ရှင်တွေ ခန္ဓာကိုယ်လာတည်ဆောက်သင့်တယ်"

လက်စသတ်တော့ သူ့အလေးမအသင်းဝင်ဖို့ စည်းရုံးရေးဆင်းတာလည်း ပါနေပါရောလား။ တစ်သောင်းထိုးကျွေးပြီး ဘယ်လောက် ပြန်ရိတ်မလဲမသိဘူး။

ကိုယ်က လစ်ချင်နေပြီဆိုတော့. . .။

"ဟော့ကောင် မျိုးလှိုင်. . နောက်မှ အလေးမအသင်းကို သွားလေ့လာတာပေါ့ကွာ၊ ရွာမှာ ငါ့အစ်မ ငါ့ကို ဒေါင်းတောက်အောင် လိုက်ရှာနေလောက်ပြီကွ ပြန်မယ်လေ"

"နေပါဦးကွာ ဒီက ဦးရွှေမောင်မောင်ဆိုတဲ့ ဗလကြီးနဲ့ ငါ အမှတ်တရပြိုင်ပွဲလေးတစ်ခု လုပ်ကြည့်မလို့ ခေါင်းထဲပေါ်လာလို့ကွ"

"ဘာပြိုင်ပွဲပါလိမ့် မောင်မျိုးလှိုင်ရ. . မောင်ရင်က ကိုယ့်ကို ပညာပေးဖို့ ကျန်သေးပုံပါလားကွ"

ပြိုင်မယ့်သူ ပြိုင်ဆိုင်ချင်စိတ်ပေါက်လာစေမယ့် အပြုံးမျိုးလို့ ကိုယ်ကတော့ထင်တာပဲ. .။

"ကဲ. . ဘာပြိုင်မလဲ လောင်းကြေးကတော့ မပါတော့ဘူးကွ. . ပြိုင်ဖြစ်ရင် မင်းနိုင်ရင် အိမ်လိုက်ယူ"

ဗုဒ္ဓေါ တလိုက်မိတယ်၊ အိမ်လိုက်ရင် အကို့ပေါ်ပြီလေ ဟိုအမြွာညီအစ်မက ရှိနေမင့်ဟာ. . ဗလကြီး ပြန်သတိရသွားရင် -



www.burmeseclassic.com

www.burmeseclassic.com



သေပြီ။

"ကဲ. . ဘာပြိုင်မလဲ ကောင်လေး"

"အန်ကယ်လ်လက်ထဲက အဲ့ဒီကျောက်စရစ်ခဲကို ကန်ရေပြင်ပေါ် အားကုန်ပစ်ထည့်လိုက်ပါ"

"ဘာလဲ ရှုပ်ပစ်ရမှာလား အပွက်ပြိုင်မှာလား"

"မဟုတ်ဘူး အန်ကယ် အဝေးဆုံးရောက်တဲ့နေရာထိ ပစ်ပါ တစ်ပွက်ထဲ ပလုံခနဲ"

ဒီကောင်က ရွယ်တူကျောက်စရစ်ခဲကို ဘယ်ဘက်အိတ်ထဲ တထုတ်ပြီး ကြိုက်တာယူခိုင်းတယ်၊ အတူတူအပြားလည်း ညီညီဆိုတော့. . ဘဲကြီးက သူ့ဂိုင်ဒိုးကိုပဲ ယူပါတယ်၊ ဒါနဲ့ပဲ ပစ်မယ်တဲ့။

"အဲ့ဒီ အဝေးဆုံး ပလုံခနဲ ကျတဲ့နေရာကို ကျော်အောင် ကျွန်တော်က ရှုပ်ပစ်ပြီး ရေပွက်နဲ့လိုက်မယ်. . ကျော်ရမယ်. . ကဲ လောင်းမလား. ."

အင်!. . တိုလက်မောင်းလက်ဖျံက သူ့ပေါင်ထက်တောင် ကြီးသေး ဒီကောင် ပလုံခနဲကြေးပစ်တာတောင် ဘယ်လိုမှ မဖြစ်နိုင်ဘူး ဒါကို ရှုပ်ပစ်မယ် ကျော်ရမယ်တဲ့. . နိုင်သမျှ ပြန်ပေးခဲ့ရတော့မှာပဲ။

"ပြိုင်မယ်ကွာ. . ဘာကြေးလဲ"

ဗလကြီးပေးထားတဲ့ ဒေါ်လာဆယ်ရွက်နဲ့ ထောင်တန်ဆယ်ရွက်ကိုပဲပြပြီး. . .

"ဒါပါပဲ. ."

"မင်း. . ငါ့ကို တမင်ပြန်ပေးချင်လို့လား မျိုးလှိုင်"

"ကျွန်တော် ရှုံးချင်လို့ပြိုင်ခဲ့တာ တစ်ပွဲမှမရှိခဲ့ဘူး. . ခုလည်း မရှိဘူး. . နောင်လည်း မရှိဘူး"

ကျောက်ခဲပြားလေးကို ဘယ်နဲ့တောက် ညာနဲ့ဖမ်းရင်း. . သတိထားပြောလိုက်တာ. . ။

"ကြိုက်တယ်ကွာ၊ ကဲ. . ငါပစ်မယ်နော်၊ မင်းက ရှုပ်ပစ်မှာနော်. . ကျော်ရမယ်နော်. . အပွက်ရေဦးမှာလား"

"ရှုပ်ပြေးပြီး ကျော်သွားရင် အန်ကယ်ရှုံးပြီး အပွက်မပါဘူး အန်ကယ်လ်က အားကောင်းတာပဲ အဝေးဆုံး ပစ်ပါ"

ကိုယ်ကတော့ ကုန်ပြီလို့ တွက်လိုက်ပါတယ်။ ဝိုးခနဲ အသံကြီးနဲ့ ပစ်ထည့်လိုက်တာ အဝေးကြီးဗျာ၊ ပလုံခနဲ အပွက်လေး သေးသေးပဲ လှမ်းမြင်လိုက်ရတယ်။

"အဲ့ဒီအပွက်ကို ဂယက်မှတ်ထား"

စကားနဲ့အတူပဲ. . သူ့လက်ထဲကလည်း ဝိုးခနဲ ဒိုးပြားလေးလည်ပြီး ပြေးထွက်သွားတယ် လှလိုက်တာ. . ခုန်,ခုန်ပြီး. . လှစ်ခနဲလှစ်ခနဲ နေလိုက်တာ. .

"ဟာ!. . ကျော်သွားပြီ. . ဟာဟ"

သုံးလေးပွက်တောင် ခုန်ကျော်သွားသေးဗျာ၊ ဘယ်လိုလဲဆိုတဲ့ ဒီကောင့်အကြည့်ကို. . .

"အေး. . ငါရှုံးတယ်၊ ပြန်ပြောရင်တောင် ဘယ်သူမှ ယုံမှာမှတ်ဘူး. . ဟားဟား. . ကဲ. . ဒီမယ် ငါ့အလေးမအသင်းလိပ်စာ၊ ဖုန်းနံပါတ်၊ ငါ့အိမ်ပဲ၊ မင်း နိုင်တဲ့လောင်းကြေး အိမ်လိုက်ယူ. . မယူရင် ဖုန်းဆက်လိုက် အိမ်ကတစ်ယောက်နဲ့ ငါ ချက်ချင်းပို့ပေးလိုက်မယ်၊ မင်းပေးတဲ့ပညာလည်း ငါရပါတယ်. . .

အင်အားထက် ကျွမ်းကျင်မှုက နိုင်တတ်လေ့ရှိတယ်ဆိုတာ





www.burmeseclassic.com

www.burmeseclassic.com



သက်သေပြလိုက်တာပဲ. . သင်ခ်ယူကွာ၊ ကဲ. . ငွေလိုက်ယူမလား လာ. . ငါ ဆိုင်ကယ်ပါတယ်"

ကိုယ်က အတင်းတားရတော့တာပေါ့. . ၊ လိပ်စာသိနေပြီ ဖုန်းဆက်ရင်လည်း ချက်ချင်းလာပို့မယ် ကတိရနေပြီပဲ၊ ဒီကောင်က လည်း ဒီတစ်ခါ ကိုယ့်အလိုလိုက်တယ်။

"ကျွန်တော်တို့ ကိုယ်တိုင်လာခဲ့ပါဦးမယ်. . လာမှပေးပါခင်ဗျာ၊ အလေးမအသင်းကိုလည်း လေ့လာရင်းပေါ့ အန်ကယ်လ်"

"အေး. . ကိုယ်ပြန်မယ်. . မျှော်နေမယ် မောင်မျိုးလှိုင်၊ ကဲ ဘော်ဒါလေး မင်းလည်း ဝတ္တုရေးနော်. . ငါ့နာမည်နဲ့ အလေးမ အသင်းနာမည်ပါ ပါအောင်ထည့်ရေး"

"ဟုတ်ကဲ့ပါခင်ဗျာ"

ဗလကြီး ဆိုင်ကယ်ထွက်သွားမှပဲ သက်ပြင်းချပါတော့တယ် ဆို. . ။

မျက်စိအောက်က ဆိုင်ကယ်ပျောက်သွားမှပဲ ကိုယ်က. .

"မင်းကွာ ငါ့ကျတော့ အော့ဇာပေးရှင်းမကောင်းဘူးလေး ဘာလေးနဲ့ မင်းအဲ့ဒီ ဗလကြီးကို မမှတ်မိဘူး မှတ်လား၊ မင်းကွာ မြွေဖမ်းတာ. . ဘဲကြီးက မမှတ်မိလို့၊ အဲ့ဒါ စိန်ထွန်းရပ်ကွက်ထဲက ဟိုအမြွှာ ညီအစ်မအဖေကွ. . ခွေးကောင်ရ"

ငပွေးကရယ်နေတယ်။ တဖြည်းဖြည်း ရယ်ရှိန်မြင့်လာ တယ်။ အားရပါးရ အူလှိုက်သည်းလှိုက်ရယ်နေတော့တယ်။

"ဟေ့ကောင် မင်းက ဘာရယ်နေတာလဲ၊ မနက်က အင်း ခွေးလား. . အယ်ဖေ့ရှင်းလား ဆွဲထားတဲ့ ဗလကြီးကွ ငတုံးရ၊ ထပ် ပြီးသွားရဲလား. . မင်းနိုင်တဲ့ ငွေနှစ်သောင်းဆုံးပြီ. . အခု ဖုန်းဆက်





ပြီး ပိုက်ဆံတောင်းလိုက်တော့ အဲ့ဒါမှရမှာ. . "

ဒီကောင်ရယ်တာရပ်ပြီး 'သနားတယ်ငမောင်' ဆိုတဲ့ ကြည့် နေကျအကြည့် ကိုယ်ဆီရောက်လာပြန်တယ်။

"လောင်းရင် မင်းရှုံးဦးမယ် ငမောင်၊ အဲ့ဒါ ကောင်မလေး တွေ အဖေမှုတ်ဘူးကွ"

"ဘာလို့မဟုတ်ရမှာလဲ မင်းကမှန်နေတာ၊ ငါကခြံထဲ သေ သေချာချာကြည့်နေခဲ့တာကွ"

"ဒါဆို အထဲက အလေးမရုံဆိုင်းဘုတ်ကို မင်းလှမ်းကြည့် မိလား"

"ဟင့်အင်း"

"အော့ဇာပေးရှင်းဆိုတာ အဲ့ဒါကိုပြောတာ ငမောင်၊ ပန်း မီးသီးယပ်(စ်)အလေးမအသင်း ဆိုင်းဘုတ်ဘေးမှာ နည်းပြရွှေမောင် မောင်. . ငွေမောင်မောင်. . ဆိုပြီး လည်ပင်းဖက်ထားတဲ့ပုံကို မင်း မမြင်ဘူးလား. . အမြွှာညီအစ်ကိုကွ"

ကိုယ် ခွေးကြီးနဲ့ ဗလကြီးပဲ လှမ်းကြည့်မိတာလေ၊ ဒါက အန္တရာယ်အရင်ပေးမှာလေ. . ဘယ်သိမှာလဲ။

"ငါတို့ဝင်လာကတည်းက ဒီဘဲကြီး လှမ်းကြည့်နေတာပဲ၊ တို့နှစ်ယောက်က မနက်က ဒီဗိုင်းပဲလေ. . သူ့အဖေဆို မြင်မြင်ချင်း မှတ်မိပြီး တစ်ခုခုတော့ ဟန်ချက်ပျက်သွားမှာပဲ. . ခုဟာ လုံးဝ မသိ တဲ့ပုံပဲ ခပ်အေးအေးပဲ. . ၊ သူ မနက်က အိမ်မှာရှိမနေတာ သေချာ သွားတယ်၊ အမြွှာတစ်ယောက်ပဲဆိုတာ ငါတန်းသိတယ် ငမောင်၊ အမြွှာမျိုးရိုးဟာ အမြွှာမွေးလေ့ရှိတယ်၊ ဒါကြောင့် ဒီဗလကြီး ငါတို့ စိတ်ဝင်စားလာအောင် သူ့ရှေ့မှာ လက်တန်းပြဇါတ်နဲ့ ငါလှေ့တျှင်း



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ကျွမ်းကျင်မှုကို လှလှပပ တင်ဆက်လိုက်တာ”

“ဘာ. . ဒီအကွက်ဝင်လာအောင် မင်း တမင်ရွှေ့ယူတာ ဟုတ်လား”

“မင်းတောင် မရိပ်မိဘဲ ဒီဇါတ်လမ်းထဲ ဇါတ်တိုက်ထားသလို ပီပီပြင်ပြင် ပါဝင်သရုပ်ဆောင်ပြီး. . ဗလကြီး အလောင်းအစား လုပ်လာအောင် မင်းသွေးဆောင်ခဲ့သေးတာပဲလေ. . အဲ့ဒါကို ငါ ရယ်နေတာ”

ဘုရားရေ ဒီတစ်ခါက တကယ်တ,လိုက်တာပါ။

ဒီကောင်က ဗလကြီးကို ပယ်ထုတ်နေတာကို. . ကိုယ်က ဒိုင်လူကြီးအဖြစ်ရအောင် သွေးဆောင်ခဲ့တာလေ။ လောင်းရင် နိုင်ပြီဆိုတဲ့ လောဘလည်း ကိုယ်ပဲဝင်ခဲ့တာလေ. . . ဟုတ်ပ့ါ။

အမိကတရားခံ လူလိမ်က ကိုယ်ဖြစ်နေတာလေ။ ဒီကောင့် လုပ်ပေါက်ကို ဘုရားတမိတာ လွန်သလားဗျာ။ ဟိုအရင်က နေအေး လိမ်နည်း ဖတ်ဖူးတယ်။ ဒီကောင်က နေအေး တစ်ဒါဇင် လာခဲ့. . အလိမ်ခံပြီး အလိမ်ခံရမှန်းတောင် မသိဘဲ(ဆလံပေးပါတယ် ကိုမွေး ဆိုပြီ)ကြည်ကြည်နူးနူး ပြန်သွားရလိမ့်မယ်လို့ ကိုယ်တော့ထင်တာပဲ။

“ငါက ဒိုင်လူကြီးမလိုပါဘူးကွာဆိုတာ မင်းက ငါ့ကို မယုံလို အတင်းဆွယ်ပြီး ဗလကြီးကို ထည့်တာလေ. . ဟား. . ဟား”

“သူက မင်းကို တစ်ချိန်းလုံး ထိုင်ကြည့်ပြီး သဘောကျနေ တာကို ငါကမြင်နေရတယ်လေ၊ မင်းကလည်း ဘားဆပ်ကပ်လို လုပ် နေတာကိုးကွ”

“အဲ့ဒါ ငါလေ့ကျင့်ထားတာတွေကွ. . ရွာက ကန်သာယာ မှာ အပျင်းပြေဆော့ရာကနေ လေ့ကျင့်ဖြစ်သွားတာ. . . လိုရမယ်ရ





ပေါ့. . ခုတော့ အသုံးဝင်သွားပြီလေ. . မင်းယူတတ်ရင် ပညာကြီးပဲ မောင်. . ”

ကိုယ်အရမ်းသိချင်တဲ့မေးခွန်းတွေ ခေါင်းသဲ တန်းစီဝင်လာ တယ်။

“ရှစ်ချက်၊ ဆယ်တစ်ချက်တွေ၊ ဆယ့်ငါးချက်တွေက တစ် ကယ်ပွက်အောင် မင်းလေ့ကျင့်ထားတာလား. . ”

“မင်းကို အခုထပ်ပစ်ပြရဦးမလား လောင်းရဲသေးလား”

“မလောင်းရဲပါဘူး အာစရိရာ. . အရေးကြီးတာက မင်းကို သူက ဆယ့်ငါးချက်ပွက်ရမယ်လို့ လောင်းတာလေ မင်းဘာလို့ ဆယ် ငါးချက်အထိ ပစ်ပြလိုက်တာလဲ . . မင်းရှုံးမှာလေကွာ. . ”

“မင်း. . အမိကသိချင်နေတာက ငါ ဟိုဗလကြီးကို ဆယ့် ငါးပွက်ပစ်ပြီး ဘာလို့ အရှုံးပေးလိုက်သလဲဆိုတာ မှုတ်လား”

“အေး. . ဟုတ်တယ်၊ ငါ အတော်ဒေါကန်သွားတာ မင်းကို စောက်ရူးလို့ ဆဲမိသေးတာ. . ၊ ကဲ. . အဲ့ဒီတုန်းက မင်းဘာလို့ အရှုံး ပစ်တာလဲ. . ကဲ”

“အေးကွ သူက (၁၅)ပွက်လို့ မထင်ပဲလောင်းတော့ မင်းလို ပဲ ငါလည်း စိတ်ထဲ ဗျာခနဲအော်လိုက်မိတယ်။ ပြီးမှ သူ့ကို လျှော့တွက် လို့မရတော့ဘူးလို့ သိလိုက်တယ်၊ သူလောင်းပုံက ဟုတ်မှမဟုတ်တာ ဒါကြောင့် အန်ကယ်လ် ဘာလို့ ထိုးကျွေးတာလဲ လို့မေးလိုက်တာ လေ. . . ၊

သူပြန်ဖြေတာက ဆိုက်ကိုပါတယ်. . မင်းအပေါ် မိတ်ဆွေ ကောင်း ပီမပီ ကတိတည်မတည် ကြည့်မလို့တဲ့၊ မင်းကိုပညာပေးမှာ တိုလည်း ကြည့်ချင်လို့တဲ့၊ ငါက မင်းရဲ့ ဟီးရိုးဆိုတာ သူသိတယ်တဲ့

www.burmeseclassic.com



မင်းစဉ်းစားကြည့်လေ၊ ငါ (၁၅)ပွက်ပစ်ပြရုံကလွဲပြီး မရှိတော့ဘူး"

"အေးကွ ပလုံခနဲဆို မင်းခင်းကျင်းလာတာနဲ့ ဇာတ်သိမ်းနဲ့က သောက်တလွဲဖြစ်သွားမယ်"

ကိုယ်ဇာတ်ရည် နည်းနည်းလည်လာတယ်။

"အေး ဒါကြောင့်. . မပစ်ခင် ငါ့ကိုယ်ငါလောင်းလိုက်တယ်၊ လေ့ကျင့်ထားတဲ့အတိုင်း ပစ်နိုင်ရင် ဒီဗလကြီးကို ငါ ဆိုက်ကိုအရတော့ ပညာပြအနိုင်ရမှာပဲလို့၊ ဒါပဲလေ. . ငါဝန်ခံမှာ တစ်ခုတော့ရှိတယ်နော် ဒီဗလကြီးက ဟန်ဆောင်ကောင်းတဲ့ သံသယ ဝင်လာတာက. . အမိကအချက်ပဲ၊ သိသိကြီးနဲ့ ငါတို့ အရည်အချင်းကို စမ်းသပ်နေသလားလို့လည်း ထင်လာတယ်၊ ဒါကြောင့်. . ငါ ကွက်တိပစ်ပြလိုက်တာပဲ"

"ဗလကြီးမင်းကို ဆုကြေးပြန်လျော်သွားလိမ့်မယ်လို့ ထင်ထားလား"

"မထင်ပါဘူး. . ငါကိုက ငါ့လေ့ကျင့်ထားတဲ့ပညာကို ပြကိုပြမှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်လို့ပဲ၊ 'ပလုံ'ခနဲ ပစ်ချရင် ငါ့ပညာ အလကားဖြစ်သွားမှာပေါ့။

ယောက္ခမလောင်းကြီးက သားမက်ရွေးနေတာလို့ပဲ တွေးလိုက်တယ်. . ဟားဟားဟား၊ ငွေလည်းထပ်နိုင်တယ် ပညာလည်းပြလိုက်တယ်၊ အလေးမအသင်းနဲ့ အိမ်ကိုလည်း တရားဝင်သွားလို့ရတယ်. . အမြတ်ကြီးပဲ. . ဟားဟားဟားဟား၊

ဖြူးနေတဲ့ လမ်းစကွ. ဟားဟား၊ ဟိုအမြွာညီအစ်မကို ပညာပေးဖို့ လမ်းစပါရတယ်. . ဟားဟားဟားဟား. . . "

တကယ့်စစ်ပွဲကြီးတစ်ပွဲ အောင်နိုင်သူလို ဒီကောင် ရယ်နေ





ပုံကို ကိုယ်သဘောအကျကြီး ကျနေမိတာ ဆန်းသလား. . ဖြူ


ဟုတ်ကဲ့၊ စီးမျောမှုတစ်ခုဆိုတဲ့ ရှုထောင့်ကနေ သဘာဝတ

ကြည့်ပြီး. . ဖြေ။

www.burmeseclassic.com

www.burmeseclassic.com

အလိုအပ်ဆုံးက...
စား...ဝတ်...နေ...မှု
လူမှုဘဝအားလုံး
အဆင်ပြေချောမွေ့နေရမယ်...
တရားမျှတ လွတ်လပ်ခြင်း...ဟာ
  ကမ္ဘာမကြေသီချင်းထဲက
  ထွက်လာပြီး...
လောကကြီးထဲ...အပြင်လောကကြီးထဲ...
အဆင်ပြေချောမွေ့နေရမယ်...
ဒါမှ...
အဖြူရောင်မှသားမဲ့...စကားတွေ...
လက်ာတွေချောလာမယ်...ဒါမှ...
ကမ္ဘာကြီး ဒီထက်ပိုချောလာမယ်...
ကိုယ့်အထင်ပြောပါတယ်၊
ခင်ဗျား သဘောမတူလည်း ရတယ်၊ ၊







# အခန်း (၄)

**လမ်း**ပေါ် လှည့်ရောင်းတဲ့ အိုက်စကရင်တွေ ထွက်ဝယ်ကြတယ်. . ၊ ဝယ်နေတုန်း ပလတ်စတစ်ကောက်တဲ့ ကလေးနှစ်ယောက်ကို နှစ်ခွက်စီ ဒီကောင်ဝယ်ကျွေးလိုက်ပြီး အဝေးထိ လိုက်ကြည့်နေတယ်။ ပီတိလားမသိဘူး၊ မျက်လုံးတွေ နူးညံ့ပြီး မျက်ရည်ဝဲလို့. . . ။

"အေးကွာ မိဘရင်ခွင်မှာ လိုချင်တာ ပူဆာဆိုးနွဲ့ ကောင်းယူလို့ရပြီး ကျောင်းတက်နေရမယ့် ကလေးတွေ". . တဲ့

ကြေကြေကွဲကွဲလည်း ပြောလိုက်သေးတယ်. . ၊ ဒီကောင်

www.burmeseclassic.com



စနစ်ကြီးကို ဖြုံငုံပြီး အဲလို ခဏခဏ ပြောတတ်တယ်၊ ကိုတာရေးတဲ့ လိပ်ပြာကနန်ပေါင်ပေါ်ပြန်ထိုင် ရေခဲမုန့်စားရင်း ကိုယ်က. . .

"ငါမင်းကိုမေးဖို့ မေးခွန်းတွေ ရှိသေးတယ်. . နေဦး ဘာက စမေးရမလဲ. . အဲ. . သိပြီ၊ မင်း. . အဲ့ဒီ ဦးရွှေမောင်မောင်ဆီကို တကယ်ပဲ သွားမှာလား"

"ဩော် မင်းကလည်း ဟိုအမြွာမလေးတွေ ဘယ်လောက် လှသလဲ၊ အဲ့ဒီနှစ်ယောက်ကို လက်တစ်ဖက်တည်းနဲ့ ငါ သိမ်းပိုက်ဖို့ လမ်းစပဲ. . မတော်တဆရတဲ့ ဒီအခွင့်အရေးကိုမှ ငါမသုံးဘဲ နေမလားကွ၊ ငါ့ပျော်စရာ အနာဂတ်ကြီးကို အလွတ်ခံရမလားကွ. . . အမြွာတွေရဲ့ ဆိုက်ကို့ကို ငါသိတယ်၊ အဲ့ဒီနှစ်ယောက်စလုံး ကိုကို မျိုးဆိုပြီး သူ့ဟာသူ ဇွတ်တိုးလာစေရမယ်. . . ဟင်းဟင်း. . မင်း လောင်းဦးမလား"

ဟုတ်နေတယ်. . .။ ကိုယ်နဲ့ဘာမှမဆိုင်ဘဲနဲ့ အဲ့ဒီအမြွာ ညီအစ်မ သုခရောက်ဖို့ထက် ဒုက္ခရောက်တော့မှာကို ကြိုတွေးပြီး ရင်ထဲလေးတေးတေးဖြစ်သွားတယ်။ ရယ်မောသဘောကျ ကျန်ရစ်ခဲ့တဲ့ အသံလေးတွေ ပြန်ကြားလာတယ်။ တော်တော်လှလှလေးတွေပါ၊ နှစ်ယောက်စလုံး အလိမ်အညာကြောမှာ မိန်းမောနစ်မျောနေပုံ တွေတောင် မြင်လာရသလိုပါပဲ။ ဒီကောင် တကယ်စွမ်းတာကို ယုံ နေတယ်။

"ငါက လောင်းပါပြီတဲ့. . . အဲ့ဒီနှစ်ယောက်စလုံး မင်းစက် ကွင်းထဲ ဝင်လာလိမ့်မယ်၊ မင်းအညာကနေ သိမ်းပိုက်ကိုင်တွယ်လိမ့် မယ်ဆိုတဲ့ဘက်က လောင်းပါပြီတဲ့. .၊ ကဲ. . မင်းက ကိုကိုမျိုးလို့ ဇွတ်ဝင်မတိုးတဲ့ ဘက်ကလောင်းမှာမို့တဲ့လား. . မလုပ်ဘဲနေမလား"





"ဟင်းဟင်း. . သူတို့မှာ ငါ့ထက်အပုံကြီးသာတဲ့ ချောင်းစေး ကိုယ်စီ ရှိနေပါတယ်ဆိုတာတောင် တစ်လက်မမှ နောက်ဆုတ်မနေ ဘူး၊ အမြွာဆိုတာ အကြိုက်တူတယ်. . . ငါ့တစ်ယောက်တည်းကို ကြိုက်လာစေရမယ်. . "

"ငါတော့ သူတို့လေးတွေဘက်က ရင်လေးနေမိတယ်"

"မင်းကို ငါ ကြိုသတိပေးနေတယ်နော်. . ငါနဲ့ပေါင်းရင် မင်းပျက်စီးနိုင်တယ်"

"တိုးတက်ပျက်စီးတယ်လို့ သုံးနှုန်းရတယ်ကွ၊ မင်း ဘာအစီ အစဉ်ရှိသေးလဲ မျိုးလှိုင်. . ငါကတော့ အိပ်ချင်နေပြီ"

"တည်းခိုခန်းသွားအိပ်မလား မင်းအိပ်ရေးဝမှဖြစ်မယ်၊ ညဉ့်ဘက်အစီအစဉ်တွေရှိတယ်"

"ဘာလုပ်မှာလဲ"

"ဟ! မင်းမေ့နေပလား မင်းကဒိုင်ယံလေ. . မင်း အိုးရှင်း မှာ သီချင်းဆိုရမယ်လေ. . . မင်း အိပ်ရေးဝဝ အိပ်ရမယ်. . ဟုတ် တယ်"

"ဘာကွ. . မင်းက တကယ် ဟိုထမင်းဆိုင်က အဒေါ်ကြီး ကို ချိန်းတွေ့မလို့လား၊ ကားမတွေ့လည်း ဝင်ခဲ့တွေဘာတွေနဲ့ မင်း ချိန်းခဲ့တာ ရှိုးတာမှုတ်ဘူးလား"

"မင်းကလည်းကွာ အဒေါ်ကြီးအရွယ်မဟုတ်ပါဘူး မွှေး ကြိုင်နေတဲ့နံ့သာတုံး အစစ်ကြီးကွ၊ အဲဒါမျိုးက ပိုကြွေပြလို့ ကောင်း တာ၊ တို့အရွယ်တွေကို သူစိတ်ကူးယဉ်နေခဲ့ရတာ ကြာရောပေါ့. . ဒါမျိုးက မင်း ပါရမီဖြည့်ပေးသင့်တယ် ကုသိုလ်တောင်ရသေးတယ် ဟားဟား. . ငါ့မမ မြဝတီမယ်ကြီးနဲ့လည်း အဆော်ဆင်တယ်. .



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါ"

"ငါ့အစ်မမျှော်နေမယ်ကွ. . . ငါသီချင်းဆိုချင်ပေမယ့် မလိုက်ရဲဘူး၊ မတော်ကွာ ကိုတင်ရွှေနဲ့ သူနဲ့တွေ့ပြီး အလိမ်တွေပေါ်ကုန်ရင် ငါပါအမှုတွဲကွ"

"မင်းပူသင့်တယ် ဟုတ်တယ်. . အဲဒီတစ်ပေါက်ရှိတယ်၊ ဒါပေမယ့် မင်းကတီးဝိုင်းနားမှာနေ ငါကဝင်ပေါက်နားက စားပွဲမှာ စောင့်မယ် သူဝတ်စားဆင်ယင်လာပုံ သူဝင်လာပုံကို အကဲခတ်ရုံနဲ့ အဖြေကို ကြိုသိနိုင်ပါတယ်ကွာ၊ မင်း သီချင်းဆိုကောင်းတာပဲ. . ငါနားထောင်ချင်တယ်. . မမကိုကြွားချင်တယ် အဆင်ပြေအောင် ငါချုပ်နိုင်ပါတယ်၊ မင်းအစ်မဆီလည်း ဖုန်းဆက်ပြီး စိတ်ချအောင် ပြောပေါ့. . အကြောင်းလှလှတွေ အများကြီးပါ"

တကယ်ဆို ကိုယ်လည်းမပြန်ချင်ပါဘူး. . ကိုယ်က ရွာက ဘွန်ဒ္ဒောမှာသီချင်းစဆိုတာ. . နောက်တော့မင်္ဂလာဆောင်တို့၊ တန်ဆောင်တိုင်တို့မှာ ရွာက ကိုဆန်း ဝိုင်းနဲ့ဆိုဖူးတယ် ပိုးလည်းရှိတယ်၊ အိုးရှင်းဝိုင်းနဲ့ဆိုရင် ပိုမိုက်တာပေါ့. . ဘီယာလေးခပ်ထွေထွေနဲ့ ဖီးလ်အပြည့်နဲ့. . .။

"ခပ်စောစောသွားပြီး သီချင်းတော့ တိုက်ကြည့်ချင်သေးတယ်ကွာ၊ ငါ့ကိုယ်ငါယုံကြည်မှုအပြည့်ရအောင် အဲဒီဝိုင်းက K.B သမားနဲ့ ငါရွာမှာဆိုဖူးတဲ့ သီချင်းသုံးပုဒ်တောင်ရှိတယ်"

"ဒါဆို မင်းဆိုဖို့ ဆုံးဖြတ်လိုက်ပြီနော်. . ကဲ မင်းအိပ်ရေးဝအောင်အိပ်ရမယ်၊ သီချင်းတိုက်ရမယ်၊ ငါအကောင်းဆုံးဝန်ဆောင်မှုပေးမယ် ငါ့မင်းသားကို". . . တဲ့။

ဒီကောင့်မျက်နှာ ရွှင်သွားတယ်၊ ဟိုမမဆိုတာကြီးကို သူ





ဒီည ကောင်းကောင်းကိုင်တွယ်ပြတော့မယ်ဆိုတာ ကိုယ်ယုံတယ်၊ ကိုယ့်ကို တည်ကြက်အနေနဲ့ စင်ပေါ်တင်ပြီး စင်အောက်မှာ ဒီကောင် ကောင်းကောင်းပညာခန်းပြတော့မယ်။

"ဟော့ကောင် တည်းခိုခန်းသွားမနေနဲ့ ပိုက်ဆံချွေတာမယ်၊ သွန်းဘုရားထဲမှာ ငါတစ်ခါသွားအိပ်ဖူးတယ်၊ အဲ့ဒီမှာ အရမ်းအေးချမ်းတယ်"

"မမလာရင် ပိုက်ဆံက အရေးကို မှုတ်တော့ပါဘူးကွာ၊ မင်းကြိုက်တဲ့နေရာမှာ အိပ်ပါ။ နားပါ. . မင်းသား၊ မင်းကိုပြုစုဖို့ ကာကွယ်စောင့်ရှောက်ဖို့ ဘက်စမင်းက ငါပေါ့. . ကိုမျိုးခိုင်ပြောသလို. . မင်းသားခိုင်းဖတ်လေးပေါ့. . ဟာဟ"

အဲ့သလိုနဲ့ ညွှန့်ရုပ်ရှင်ရုံကိုဖြတ်ပြီး သွန်းဘုရားထဲ ရောက်လာကြတယ်။ အေးအေးလူလူ အိပ်နေတဲ့လူတွေ လေးငါးခြောက်ယောက်ရှိနေတယ်။ နေရာကောင်းကောင်း လေတဖြူးဖြူးကို. . ဒီကောင်ကရွေးပြီး လည်သာလောင်းကုတ်နဲ့ ကြမ်းကိုခါတယ်. . . ကိုယ်တိုင် လည်သာအင်္ကျီကို ဖြန့်ခင်းပြီး. . .

"စက်ရာဆောင်လို့ သဘောထားပါ အရှင်မင်းသား၊ စက်တော်ခေါ် ပျော်တော်ရှိပါ၊ ငယ်ကျွန်ကြီး အိပ်ဖန်စောင့်ပါ့မယ်"

ကိုယ်လည်း သူ့အင်္ကျီပေါ် ပက်လက်လှန်လှဲလိုက်တယ်၊ အကြောတွေ လျှော့ချလိုက်တယ်၊ သူကဘေးမှာ ညအတွက် စဉ်းစားနေပုံပဲ သူ့ဟာသူပြုံးနေတယ်။

"နေဦးကွ ငါမေးဦးမယ်၊ မင်းနဲ့ဗလကြီး နောက်ဆုံးသောင်းပွဲမှာ. . သူ့ဗလနဲ့ သူ့ပစ်အားကို မင်းဘယ်လိုမှ မယှဉ်နိုင်ဘူးလို့ ငါထင်ထားတာ. . မင်းကဘယ်လို အနိုင်ရမယ်ဆိုတာ သေချာပေါက်"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောသွားတာ မင်းမကြားဘူးလား"

"ဘာပါလိမ့် ငါသတိမထားမိဘူး"

"မင်းပေးတဲ့ပညာ ငါရပါတယ်. . တဲ့၊ အင်အားထက် ကျွမ်းကျင်မှုက နိုင်တယ်ဆိုတာလေ. . ဟားဟား. . .၊ ဒီဗလကြီး ရိပ်တောင်မရိပ်မိသွားတဲ့ အထူးကိစ္စတစ်ခု ရှိတယ်ကွ၊ အဲ့ဒါကြောင့် သူရှုံးသွားတာ. . အဲ့ဒါကတော့ ငါရဲ့ကြိုတင်ပြင်ဆင်မှုပဲကွ. . ငါ အမြဲတန်း ကြိုတင်ပြင်ဆင်မှုတွေရှိခဲ့တယ်၊ အဲ့ဒါ ငါ့အားသာချက်ပဲ"

ဘယ်လိုကြိုတင်ပြင်ဆင်လာတာလဲ. . ကိုယ်သိချင်လာတာပေါ့။ ဘာကိုကြိုသိလို့ ဘာကိုပြင်ဆင်လာတာလဲ၊ အိမ်က ထွက်တတည်းက ဒီဗလကြီးနဲ့ ကန်ပေါင်မှာ ခဲပစ်ပြိုင်ရမယ်လို့ ဘယ်လိုမှ ကြိုမသိနိုင်ပေါင်ဗျာ. . ။

"ဘာလဲ. . မင်းက အကြားအမြင်ပေါက်နေလို့လား. . "

"ဘယ်တလာကွာ"

"ဒါဆို မင်းက ဘာကိုကြိုမြင်လို့ ဘာကိုကြိုပြင်လာသလဲ"

"အဲ့ဒါ ငါ့အားသာချက် ငါ့ဝှက်ဖဲကွ၊ မင်းကိုလည်း ငါမပြောနိုင်ဘူး သူငယ်ချင်း. . ဆရာစားကတော့. . ဟဲ. . ဟဲ. . တစ်ကွက်ချန်ရမှာပေါ့ကွာ၊ သတ်ချင်သတ်လိုက် မပြောဘူး"

ကိုယ်လည်း ဆက်မေးမနေတော့ဘူး။ ဒါပေမယ့် စိတ်ထဲ နိုလိုးခုလု ဖြစ်နေတယ်၊ ဟိုက ပစ်ထည့်လိုက်တာ အဝေးကြီးပါဗျာ၊ ဒီကောင် အားနှစ်ဆထပ်ထည့်ပစ်တာအောင် မမီနိုင်တဲ့ အကွာအဝေး။ ဒါကို ရှုပ်ပစ်ပြီး လိုက်ကျော်တာကတော့ မျက်မြင်မို့သာ ယုံလိုက်ရတာ မျက်လှည့်ပြလိုက်သလိုပဲ၊ ဖုန်းဆက်တောင်းရင် ရောက်လာမယ့် ငွေနှစ်သောင်းကိစ္စ ခေါင်းထဲတွေးနေလို့ မျက်စိမှိတ်ထား





ပေမယ့် ရုတ်တရက် အိပ်မပျော်ဘူး ဖြစ်နေတယ်။

ဒီကောင်က မင်းပျော်အောင်အိပ်. . ငါ နေကြာစေ့နဲ့ တွင်းယာ သွားဝယ်ဦးမယ်ဆိုပြီး ထသွားလေရဲ့။ သူ့အကျီပေါ် ဟိုလိမ့်ဒီလိမ့်လုပ်ရင်း. . နားရွက်ကို ခိုးလိုးခုလု လာဖြစ်တယ်၊ သူ့အကျီ ညာဘက်လက်က ခေါက်ပြီး ခေါင်းအောက် ရောက်လာတာပါ။

"ဟ!. . ဘာလဲဟ!. . ဖုတုတုနဲ့. . "

လည်သာအကျီ ညာဘက်လက်ဖျားမှာ တစ်ခုခုမာတာတာလေး ဖုနေတယ်၊ ထထိုင်ပြီး သေသေချာချာ ကိုင်ကြည့်တယ်၊ လည်သာအသားနဲ့ အတွင်းခံပိုးသားကြားမှာ ဒိုးပြားလေးနှစ်ခု ရှိနေတယ်၊ အသေအချာလှန်ကြည့်ပြီး ဆွဲထုတ်လိုက်တယ်။

"ဟာ!. . ဒါဟာ ဒီကောင့်ဝှက်ဖဲ"

ကိုယ်တော်တော်မှုပဲ အံ့သြသွားတယ်. .၊ ဝိုင်းစက်နေတဲ့ ကျောက်စရစ်အပြားအရွယ် အိုးခြမ်းပဲ့လေးနှစ်ပြား ဖြစ်နေတယ်။ သိတယ်မှတ်လား ခွက်ခွက်လေးလေ။ ကျောက်ခဲလောက်လည်း မလေးဘူး။ ဒါနဲ့ရှုပ်ပစ်ရင် အဝေးကြီးပြေးတော့မှာပေါ့. . တမင်ဝိုင်းနေအောင် သွေးထားတယ်။ ပြီးတော့. . ခုံးနေတဲ့မျက်နှာပြင်က ပြောင်ချောမှုတ်ဘူး ပန်းဖော်ထားတဲ့အိုးကို ခွဲပစ်လိုက်တာဆိုတော့ လည်နေရင် အဖုဖုလေးတွေက. . ရေကို အားနဲ့ယက်တော့တာပေါ့ ပက်လက်ပစ်တာလေ။

ဒါကြောင့် ကျောက်စရစ်ဒိုးအစစ်ကို ဘယ်နဲ့တောက်. . ညာနဲ့ဖမ်းရင်း လက်ထဲကို ဒီအိုးခြမ်းပဲ့ရောက်လာတာ မသိအောင် မျက်လှည့်ပြလိုက်တာပါလား. . ။ ဟာ. . ဒီကောင့်ပညာ၊ ဒီကောင်ရဲ့ ကြိုတင်ပြင်ဆင်မှု၊ ဒီကောင် ဒီအိုးခြမ်းပဲ့တို့ ဖနှစ်တာဘူ



www.burmeseclassic.com

www.burmeseclassic.com



လှေ့ကျင့်ထားမှ . . ကိုယ်တွေးရင်းတွေးရင်း ပြုံးလာတယ်၊ ဒီကောင့်ကို ဩချရပါတော့တယ်။ အလိမ်ခံလိုက်ရတဲ့ ဗလကြီး ဘယ်လိုမှ သိမသွားဘူး၊ ကိုယ်တစ်ပြားယူလိုက်တယ်၊ တစ်ပြားကို ပြန်ထည့်ထားလိုက်တယ်၊ ဒီကောင့် လျှို့ဝှက်ချက်လေ။

ဒါကို ငါသိပြီဟော့ကောင် မင်းပညာ၊ မင်းလျှို့ဝှက်ချက်လို့ လက်ဆုပ်လက်ကိုင်ပြလို့ရပြီ၊ ခွေးကောင်. . လူလိမ်။

ဒါပေမယ့် ကိုယ်ဆုံးဖြတ်လိုက်တယ်၊ အမှတ်တရ ပစ္စည်းအဖြစ် အိုးခြမ်းပဲ့အပိုင်းလေးကို ဘောင်းဘီရှေ့အိတ်ထဲ ထည့်လိုက်တယ်၊ မသိချင်ယောင်ဆောင်လိုက်တယ်၊ ပြန်အိပ်နေလိုက်တယ်။

ကိုယ်စိတ်ထဲရှင်းပြီး ကျေကျေနပ်နပ်ဖြစ်သွားတယ်။ စိတ်ထဲပေ့ါပါးပြီး နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်သွားပါတော့တယ်။

၎ ၎ ၎ ၎



**ကိုယ်**ပြန်နိုးလာတော့ နေ့တော်တော်စောင်းနေပြီ. . . ဒီကောင် ပြန်မလာသေးဘူး၊ ဘုရားပေါ်ပတ်ရှာတယ်. . မတွေ့ဘူး၊ ကွမ်းယာ ဆိုင်တစ်ဆိုင် ဘုရားရှေ့မှာ သွားတွေ့တယ်။

"အစ်မ ကျွန်တော့်အရွယ်လောက် အသားဖြူဖြူ အရပ်မြင့်မြင့်ကောင်တစ်ယောက် ကွမ်းယာလာမဝယ်ဘူးလား"

"လာမှာပေါ့ကွယ် အစ်မလည်း သတိမပြုမိဘူး". . တဲ့၊

ဒုက္ခပဲ သူ့အင်္ကျီထဲ ပိုက်ဆံရှာကြည့်တယ်။ တစ်ပြားမှ မရှိဘူး၊ ကိုယ် ဒီကောင်ပြန်မလာရင် ဒုက္ခရောက်ပြီ၊ ကွမ်းယာဆိုင်က အမျိုးသမီးက ဟန်းဖုန်းတွေ ဘာတွေနဲ့ သဘောကောင်းပုံရ

"အစ်မ ကျွန်တော့်သူငယ်ချင်းဆီ ပိုက်ဆံတွေပါ ...

ဗျာ၊ ဖုန်းလေးတစ်ချက်လောက် ဆက်ကြည့်ပါရစေ"

ချိုချိုသာသာပြောရတာပေါ့. . ပေးဆက် ... ဒီကောင့်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဟန်းဖုံးပါမယ်ထင်လို့ ဆက်ကြည့်တာပါ၊ ကိုင်တာက သူ့ဖါးသား ကြီးဖြစ်နေတယ်။

"မောင်မောင် အဲ့ဒီ ခွေးမသားကို ချက်ချင်း အိမ်ပြန်လာဖို့ ပြောလိုက်စမ်းကွာ". . တဲ့။

"ဒီမှာ ကျွန်တော့်ကိုပါထားပြီး လစ်သွားတာ ပြန်ကိုမလာလို့ ဆက်တာ". . လို့ပြောပြီး ဖုန်းချလိုက်တယ်။ အစ်မဆီလည်း လှမ်း ဆက်တယ်။

"မောင်မောင် အဖေပြန်ရောက်နေတယ်၊ အခုအိမ်ပြန်လာ နင်ဖို့ ဖုန်းဝယ်လာတယ်"

"ဟာ ဝမ်းသာလိုက်တာဗျာ၊ အဖေ ဒီည အိမ်မှာအိပ်မှာ လား"

"အေး ဒီညကားပြင်မယ်တဲ့ ပြီးရင်တော့ ဆက်ထွက်မယ်တဲ့ နင့်တို့ ပိုက်ဆံလည်း ပေးမလို့၊ ရောက်ရာကနေ နင် အခုပြန်လာခဲ့"

"ဟုတ်တဲ့"

**တာတာ. . ဖေဖေဖုန်းဝယ်လာတယ်တဲ့။**

ဖုန်းပြန်ပေးပြီး ကျေးဇူးတင်ကြောင်းပြောရတယ်။ ဘုရား တစ်ပတ်,ပတ်ပြီးလိုက်ရှာသေးတယ်။ ဒီကောင် ဘယ်ခွင်ထဲ လျှောက် ဖန်နေပြန်လည်း မသိဘူး၊ ကိုယ့်မှာ ကားခသုံးရာ အရေးပေါ်လို တယ်။ ဒုက္ခပဲ. . . ဟိုဗလကြီး လိပ်စာကဒ်လည်း ချန်မထားခဲ့ဘူး၊ အိမ်လည်း ကိုယ်မသွားရဲဘူး. . ခက်တော့နေပြီ။

ထူးပါဘူး. . ဟိုရောက်မှ ယူပါဗျာလို့ စပယ်ယာကို ရှက် ရှက်နဲ့ပဲ ပြောစီးရတော့မှာပဲ၊ ကိုယ် ပန်းလှိုင်ထဲက ကားလေးဂိတ် ကိုလာခဲ့တယ်။ လမ်းမှာလည်း ရွာကအသိတစ်ယောက်တလေ တွေ့



လိုတွေ့ငြား ကျိုးကန်းတောင်းမျှော် ကြည့်လာရတယ်။

တစ်ယောက်မှ မတွေ့ဘူးဗျာ။ ဝေါကားတစ်စီး ထွက်လာ တယ်၊ စပယ်ယာကလည်း မျက်မှန်းတောင် မတန်းမိသူဖြစ်နေ တယ်။ ထူးပါဘူး. . တွယ်ပြီး တက်လိုက်တယ်။ မတ်တတ်ခိုရင်း အခြေအနေကြည့်ပြောရတော့မှာပဲ၊ အဖေက ကုန်ကားမောင်းတာ တစ်ခါတလေမှပြန်တာ အဖေနဲ့လွဲလို့မဖြစ်ဘူး၊ ဘိုင်က ကျနေပြီ။

စပယ်ယာကြည့်ရတာ ခပ်ပျော်ပျော် ခပ်လောင်လောင်ဆို တော့ သဘောကောင်းပုံရပါတယ်။ ပြောရမှာ ရှက်နေတော့ ကားထဲ က ခရီးသည်တွေ မမြင်အောင် အထဲလည်း ငုံ့မကြည့်ဖြစ်ဘူး။ ကိုယ့် မျက်နှာကိုတောင် ခေါင်းမော့ပြီး ဝှက်နေရတဲ့ဘဝလေ။

"နောက်ကားပါတယ် ဆရာသမားရေ. . အသံမကြားရင် ပူတာအိုအထိ ဆွဲထား"

"ရှေ့မှတ်တိုင်မှာ လူမရှိဘူးဆရာ. . ခဏတော့ရပ် မှတ် တိုင်ပဲ ချွတ်တင်လိုက်ရအောင်"

"ကဲ. . ခုချိန်ကစပြီး ပိုက်ဆံအိတ်လေးတွေ ဖွင့်မယ်၊ အ စုတ်ဆုံး အပြဲဆုံး ဆယ်လိုတိတ်လေးတွေ ကပ်ထားတဲ့ စက္ကူရွက် လေးတွေ ထုတ်မယ်"

"အဲ့ဒီရှေ့က ရေအိုးစင်တည့်တည့်မှာ ရပ်ပေးပါတဲ့ ဆရာ ရေ. . . ဒီတစ်ခါ လမ်းဖေါက်ပေးထား ခြင်ထောင်ထဲအထိ ထောင်ပို့ ပေးမယ်"

"ခဏစောင့်ဆရာ၊ ဟိုအစ်မ သနပ်ခါးလိမ်းရင်း ချေးတွေ ခြစ်တံပျောက်နေလို့တဲ့"

စပယ်ယာက ပါးစပ်မပိတ်ရအောင် ခရီးသည်တွေကို

www.burmeseclassic.com

www.burmeseclassic.com



အရှိမ်းဖေါက်လာတယ်။ အထဲက ပိုက်ဆံသိမ်းပြီး အပြင်ပြန် ထွက်လာတယ်။ ကိုယ့်ကိုလှမ်းကြည့်တယ်၊ ကိုယ်က သူ့ကို ပြုံးပြပြီး နားနားကပ်ပြောရတယ်။

"အစ်ကို လမ်းဆုံကျမှ ပိုက်ဆံယူဗျာ. . နော်. . ဘိုင်ပြတ်လာလို့"

"ဟင်. . ဘယ်လိုကွ ညီလေး"

သူပြန်မေးတယ်. . အသံကအကျယ်ကြီးပဲ၊ ကိုယ်က အဲ့ဒီအတိုင်းပဲ ကပ်ပြောရပြန်တယ်။

"ကျယ်ကျယ်ပြောညီလေး. . အစ်ကိုက နားလေးတယ်ကွ၊ ထပ်ပြောဦး. . ဘာ"

တမင် နားမှာလက်ကာပြီးမေးတာ၊ တကယ်ထင်ပြီး ကိုယ်က အသံမြှင့်ပြောရပြန်တာပေါ့။ အထဲမှာ ချာတိတ်မတွေ ပါတယ်၊ ကြားသွားမှာလည်း စိုးရသေးတာ၊ ရှက်စရာကြီးလေဗျာ၊ ဝတ်စားထားတာက အပျံစားဖြစ်နေပြီး အိတ်ထဲတစ်ပြားမှ မကပ်ဘူး၊ လက်ထဲမှာကလည်း လည်သာအင်္ကျီအကောင်းစားနဲ့။

"လမ်းဆုံကျမှ ကားခယူပါလို့ပြောတာပါခင်ဗျာ"

"ဟော့. . . လမ်းဆုံကျမှ ပိုက်ဆံ ကားခယူပါဟုတ်လား. . ပိုက်ဆံတစ်ပြားမှ မပါလို့ ဟုတ်လား"

"တိုးတိုးလုပ်ပါဗျာ"

"အင်. . တိုးတိုးပြောရမယ် ဟုတ်လား"

ကားထဲက တဝါးဝါးရယ်သံတွေ ထွက်လာတယ်။

"ငါ့ညီ ရှုတင်ကပြန်လာပြီး သရုပ်ဆောင်ခ အကြွေးထိလာပုံရတယ်. . ဟားဟား. . အလကားစီးသွားပါကွာ"





အကျယ်ကြီးဗျာ၊ တမင်လောင်နေတာလေ ကိုယ့်မျက်နှာရဲနေလို့ တမင်ကြည့်စယ်တာ တော်တော်ဆိုးတဲ့လူဗျာ။

ကားရပ်ရပ်ချင်းပဲ ကိုဆန်နီကြီးဆိုင်ထဲ အပြေးဆင်းပြီး ပိုက်ဆံသုံးရာလာပြန်ပေးတော့. . လားလား. . ကားပေါ်က ဆင်းလာကြတာက မနက်က ဇင်မတို့ အေးသီမတို့ အုပ်စု။ ကိုယ့် တစ်ပြည်သူလေးပါ ပါတယ်ဗျာ၊ ဟက်တက်ကို ကွဲတာပဲ. . .။

"ရော့. . နောင်ကြီး"

"ဒီအုပ်စုက စိုက်ရှင်းပေးပြီးပြီ ညီလေးရ၊ မင်း အောင်မြင်လာရင် ဇာတ်ဖမ်းဆက်လို့ရတာပေါ့"

"မဇင်မ ပိုက်ဆံဘယ်သူစိုက်ရှင်းတာလဲဟင်. . ရော့ပါ ပြန်ယူပါ"

"နင့်အတွက် မမယောက်မလေးက ရှင်းပေးထားတာ၊ နင်ဟာနင်ပြန်ပေး"

ဟိုကလည်း ပြန်မယူဘူးဗျာ ကားဖင်မြီးမှာ ထုပ်ဆီးတိုးသလို ဖြစ်နေတုန်း ဟိုးကားထဲက နောက်ဆုံးဆင်းလာတာက ကိုမိုးခိုင်ရဲ့ မဒမ်ဖြစ်နေတယ်။ စကားအလွန်တတ်တဲ့ သူ့သားတော်မောင်က ကိုယ့်ကိုလှမ်းကြည့်ရင်း. .

"မေကြီး. . မေကြီး. . . ကိုမောင်ဝတ်ထားတာ ဖေကြီးအင်္ကျီ. . ဖေကြီးဘောင်းဘီ. . ဖေကြီးဂျာကင်တွေ. . ကျန်ပေး. . ကျန်ပေး. . အထုကျန်ချွတ်ပေး. . ကျန်ချွတ်"

"ဟဲ့ဟဲ့. . သားလေး မှတ်ပါဘူး. . ဒါ သူ့အင်္ကျီတွေပါဟဲ့"

ကလေးက အတင်းအော်ရင်း အင်္ကျီကို လိုက်ချွတ်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မှုတ်ဘူး ဒါဖေကြီးဟာတွေ၊ မနက်က အိပ်ခန်းထဲဝင်ပြီး ဝတ်နေကြတာ သား အီးအီးပါရင်း လှမ်းညင်နေရတယ်. . . ချွတ် မချွတ်ရင် အော်နိုမယ်. . "

"ဝါး. . ဟား. . ဟား. . "

ကားဂိတ်ကြီးမှာဗျာ၊ ဟိုအုပ်စုတွေရှေ့မှာဗျာ၊ ခုနစ်သံချီနဲ့ ထအော်ပါတော့တယ်။ ကိုယ်လည်း ရှက်ရှက်နဲ့ ဂျာကင်ရော၊ ဂျာစီရော ဆွဲချွတ်ပြီး ကလေးကိုပေးရတယ်။ ငပွေးအကျီကြီး အပေါ်က ထပ်ဝတ်တယ်. . .

"ဘောင်းဘီရော. . ဖိနပ်ရော. . ချွတ်ပေး"


"အေးပါကွာ ချွတ်ပေးပါမယ်၊ ဒီမှာကတော့ မဖြစ်လို့ပါ"

ကိုယ်ဟာကိုယ်ပဲ စိတ်ထဲက. . နောက်ကျတဲ့ခြေထောက် သစ္စာဖေါက်ဆိုပြီး ကိုမျိုးခိုင်ရှိမယ့် ငြိမ့်ကဖီးကို သုတ်ခြေတင်ရတော့တယ်။

"အားလုံး အနီးကပ်မြင်ဖူးပါတယ်. . မောင်လေးရဲ့ အဲ့ဖင်ပြောင်၊ မောင်မောင်ရဲ့ ရှက်မနေပါနဲ့". . တဲ့။

ဖြစ်ရပ်ပုံများ ပြောပါတယ်။

အေး. . . ဆို၊ ဟက်တက်ကြီးပါဆို။




www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၇)

မျှော်ကြ အုန်းသီးရသလိုပဲဆိုတာ ကြားဖူးကြမှာပါ. . ကိုယ် အရမ်းလိုချင်နေခဲ့တဲ့ ဟန်းဖုန်းလေးရတယ်လေ၊ ကိုယ့်အား သားကြီးက ဆယ်ဘီးကားမောင်းတယ်၊ သူဌေးရဲ့ လူယုံလိုလည်းဖြစ် တယ်၊ ကိုယ်တို့မောင်နှမက အမေမရှိတော့ဘူးလေ၊ အမေဆုံးသွားခဲ့ တာ ကိုယ်ခြောက်တန်း စတက်တဲ့နှစ်ဆိုတော့ ငါးနှစ်ပြည့်တော့မယ် ပေါ့၊ အမေက ပန်းနာရင်ကျပ်ရှိတယ်၊ အဲ့ဒီရောဂါနဲ့ပဲ ဆုံးသွားခဲ့ရ မယ့်. . အဖေ့စိတ်ကြောင့်လည်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဖေက ညောင်လေးပင်မှာ မယားငယ်ရှိတယ်။ အမေရှိတုန်းက ဖြတ်သွားဖြတ်လာ အဲ့ဒီမိန်းမ ပါလာဖူးတယ်။ ကုန်သည်ပါတဲ့. . ဒါပေမယ့် သိသာပါတယ်၊ ခုတော့ တရားဝင်ယူထားတယ်။ ညီလေးတစ်ယောက်တောင် ဖအေတူမအေကွဲရှိတယ်။ ကိုယ်လည်းရောက်ဖူးတယ်. . ချစ်တာပါပဲ။

ကိုယ့်ညီပဲ ကိုယ်ကတော့ ဘာရယ်မှုတ်ဘူးပေ့ါ။ အစ်မကတော့ လုံးဝပဲ အဖေ့ကို အဲ့ဒီကိစ္စ ခုထိခွင့်မလွှတ်ဘူး။ အဖေဝင်လာရင်တောင် ဘာပေးပေးမယူဘူး. . အဲ. . ကိုယ်ကတော့ ဘာဖြစ်ဖြစ်ယူတယ်။

အစ်မက အဖေ့အပေါ် သမီးဝတ္တရားတော့ ကျေပါတယ်၊ ဟိုမိန်းမကို ကြည့်မရတာကတော့ ငါလည်းတတ်နိုင်ဘူးတဲ့၊ ညီလေး မြတ်ဘုန်းမောင်လို့ခေါ်တဲ့ ဂျစ်တူးလေးကိုတော့ အဖေနဲ့ ဟိုမိန်းမအလစ်မှာ ဖက်ဖက်နမ်းတယ်၊ လိုချင်တာ ဝယ်ပေးတယ်. . ။ အစ်မအလှပြင်ဆိုင်က ရွာမှာ အအောင်မြင်ဆုံးလေ၊ အစ်မက လျှံပါတယ်။

စာမေးပွဲအောင်မှာကို ကိုယ်လည်းသေချာတယ်၊ အဖေလည်းယုံတယ်။ ဒါကြောင့် ကိုယ်ပူစာတာကို အဖေဝယ်ပေးတာလေ၊ ကားပိုင်မှမှုတ်တာ အဖေက ဒရိုင်ဘာပဲ သူအတော်ချစ်လို့ဝယ်ပေးတာ၊ သူ့မိန်းမ လက်ကောက်တစ်ကွင်း ထုပစ်ရတယ်လို့စပယ်ယာကိုနာထူး ပြောတယ်။ မုန့်ဖိုးလည်း သုံးသောင်းပေးသွားလို့ ကိုယ်သာသာယာယာပဲ ဖုန်းကလိတော့တာပါ။

ငဖီးရော တားကက်ကောက ဘောစိသားတွေလေ၊ ဒီကောင်တွေ ဖုန်းကိုင်နေတာကြာပြီ ဆယ်ဂဏန်းကျော်ကတည်းက၊ ကိုယ်ကတစ်မျိုး တစ်ခါမှ သူတို့ဆီကယူမကိုင်ဘူး၊ ဖုန်းဆက်စရာကလည်း အိမ်ကအစ်မဆီနဲ့ အဖေ့မိန်းမ အန်တီမြရှင်ဆီပဲရှိတာလေ၊ ဒီကောင်တွေကိုလည်း ကိုယ်က အလွန့်အလွန်အရေးကြီးမှ အိမ်ကကြိုးဖုန်းနဲ့ဆက်တာ၊ သူတို့ကပဲဆက် သူတို့ပဲအိမ်လာနေတာဆိုတော့ယူမကိုင်ဘူး၊ ဘယ်လိုပြောမလဲ ကိုယ်ကမကိုင်နိုင်လို့လို့ ပြောချင်လည်းပြော ဟန်းဖုန်းကို ခါးမှာတချိတ်တည်းချိတ်ပြီး လူကြားထဲမလိုအပ်ဘဲ တဂီဂီထုတ်ထုတ်လုပ်နေတာတွေကိုလည်း ကိုယ်ကသိပ်ကြည့်မရဘူး၊ တားကက်ကတော့. . ပစ္စည်းမဲ့ဒေါသပေ့ါကွာ. . တဲ့။

ထားပါ. . ကိုယ်ဖုန်းရရချင်း အရမ်းလုပ်ချင်တာက နာမည်တောင်မသိသေးတဲ့ မဇင်မေသူ(ဇင်မ)ယောက်မလေးကို ဖုန်းနဲ့စကား ပြောချင်တာပါပဲ။ ဘယ်သူ့ဆီမှမဆက်သေးခင်ပဲ သူ့ဆီအရင်ဆုံး ဆက်ချင်တယ်။

ဒီလောက် သောက်ရှက်တဖျန်းဖျန်း သူ့ရှေ့ကွဲနေတဲ့ကြားက အဲဒီရောဂါပိုးက စက္ကန့်တိုင်း အကောင်ရေပွါးနေခြင်းပါပဲ။ ဘာရောဂါလည်းဗျာ. . နော်။ မဇင်မမှာ ဟန်းဖုန်းရှိတယ်၊ ဒီကောင်မလေးမှာလည်း ရှိမှာပဲ၊ မဇင်မဖုန်းနံပါတ်က အစ်မစားပွဲမှန်ကြည်အောက်မှာ အထင်းသားရှိတယ်။ အဲ့ဒီအုပ်စုထဲမှာ မဇင်မက ချောလည်းချောတယ် သဘောလည်းကောင်းတယ်။ ကိုယ့်ကိုလည်း ခင်တယ်၊ သူ့ဆီကနေ ကောင်မလေးဖုန်းနံပါတ် တောင်းလိုက်ရင်တော့ရနိုင်တယ် ဒါပေမယ့် သူကဖွလိုက်ရင်. . အဲ့ဒါကြောက်နေမိတာ။

ကတ်တလောက်ဖတ်လိုက်၊ ဖုန်းကလိလိုက်နဲ့ ကိုယ် [illegible] မျက်နှာလေးပဲ မြင်နေတော့တယ်။ တစ်နေကုန် ဖုန်းပဲကလိ[illegible] တစ်ပြည်သူလေးကိုပဲ သတိရနေတော့တယ်။

တောကဟာတွေနဲ့ ဘာမှမဆိုင်အောင် လှ[illegible]






www.burmeseclassic.com

www.burmeseclassic.com



ချင်း ချစ်သွားတာလား. . ဟော့ကောင်ဆိုပြီး ကိုယ့်ဟာကိုယ် ပြန်မေးမိတယ်. . ဟုတ်တယ်တဲ့။

ပြီးတော့. . သူနဲ့စကားပြောခွင့်ရရင် ရင်းနှီးသွားရင် ကိုယ်ရှက်ခဲ့သမျှတွေ ပြေသွားမယ်လို့ ထင်နေတယ်။

ထင်တာမှတ်ပါဘူး သေချာနေတာပါ၊ အစ်မဆီပဲ အပူကပ်ရမှာပဲ. . ။ ဆိုင်မှာ လူရှင်းတဲ့ ညနေခင်းကျတော့ အစ်မ ထမင်းဟင်းချက်နေတာကို ဝိုင်းကူပေးနေမိတယ်။ ဝိုင်းကူတာကလည်း. . အိုးယောင်ဝါးပါ. . အိုးခွက်ပန်းကန်ဆေး၊ ဟင်းရွက်သင်၊ တံမြက်စည်းလှဲ၊ ဟိုဟာယူပေး၊ ဒါယူပေး၊ မဆလာပြေးဝယ်. . ။

ဒါဆိုအစ်မက အရမ်းပျော်တာ. . ဒီပြင်လည်း ဘာမှမခိုင်းပါဘူး၊ စာပဲသွားလုပ်စမ်း ဆိုတာမျိုးလေ ကိုယ်က အဝတ်တောင်လျှော်ရတာမှတ်ဘူး။

မောင်နှမနှစ်ယောက်တည်း ရှိတဲ့အပြင် ကိုယ်က စာတော်တယ်၊ ထန်းရည်မသောက်ဘူး၊ ကွမ်းမစားဘူး၊ ဆေးလိပ်မသောက်ဘူး၊ တစ်ခါမှလည်း စော်မရှုပ်ဘူးဆိုတော့. . လိမ္မာတဲ့မောင်လေးထဲ ကိုယ်ပါတာပေါ့၊ ကိုယ်က စာမေးပွဲအောင်ဖို့ပဲ စိတ်ရှိတာရယ်ကြောင့်ပဲ ဖြစ်မယ်ထင်တာပဲ။

ဖေးနဲ့ တားကက်ကလည်း ကောင်မလေးတွေအကြောင်း သိပ်မပြောကြဘူး။ ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ရမယ်ဆိုတဲ့ စိတ်တွေပဲ ရှိကြတယ်။ ငွေးနဲ့ မပေါင်းဖို့တော့ အစ်မက သုံးလေးခါ သတိပေးဖူးတယ်။ ဒါပေမယ့် ကိုယ်က ဒီကောင့်ဆီက ဘာမှကူးစက်မလာဘူးလေ။

"အစ်မ ကျွန်တော် ဆယ်တန်းအောင်ဖို့ သေချာတယ်နော်"





"အေးလေ ဆရာမဒေါ်တင်မြမြတောင် ငါ့မောင်ကို ဆိုနိုင်အနည်းဆုံးပဲလို့ မှန်းထားတာပဲ၊ အဲ့ဒါဘာဖြစ်လဲ နင်အာဖေ့ဆီက လိုချင်တာ ရပြီးပြီပဲ၊ ဘာလိုချင်လို့လဲ အောင်စာရင်းထွက်ရင် အစ်မဝယ်ပေးမယ်"

ကိုယ်က ငရုတ်ဆုံထဲ ကြက်သွန်နီ၊ အဖြူ၊ ချင်းတွေထည့်ထောင်းရင်း အကြံထုတ်နေတာလေ. . ၊ ရေစိမ်ထားတဲ့ ငရုတ်သီးခြောက်လည်းပါတာပေါ့။

"မဇင်မယောက်မလေးက တော်တော်ချောတယ်နော်"

"အေး"

ထမင်းအိုးမီးတက်လို့ ခလုတ်ပိတ်ရင်း အစ်မကဒါပဲ ပြန်ပြောတယ်။ ဝက်သားတွေ ဆားနန္ဒင်းနယ်နေတယ်။

"မဇင်မက အဲ့ဒီလူနဲ့ ဘယ်တော့ယူမှာလဲဟင်"

"မောင်မောင် နင် အဲ့လိုမျိုးဘယ်တုန်းက စပ်စုဖူးလို့လဲ"

"ဩော် မဇင်မက. . ယောက်မလေး. . ယောက်မလေးလို့ ခေါ်တာက သူ့အစ်ကိုနဲ့ယူပြီးမှ ခေါ်ရမယ်ထင်လို့ပါ။ ခုဟာက ယူမှမယူရသေးတာ"

စကားမရှိ စကားရှာရတာပါဗျာ။

"အခု ဘယ်လိုခေါ်ရမလဲ"

"ယောက်မလောင်းလို့ပဲ ခေါ်သင့်တာပေါ့ဗျာ၊ အဲ့ဒါကို ပြောနေတာ"

ဆီအိုးတင်တယ်၊ မီးမြှင့်တယ်၊ ဝက်သားထဲ ပဲငံပြာရည်ထည့်နယ်ပြန်တယ်။

"အစ်မ. . အစ်မစိတ်ထဲရှိတာ ဖြေကြည့်နော်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မေးစရာတစ်ခုရှိလို့"

ဘာလဲဟဲ့ဆိုတဲ့အကြည့်နဲ့ ကြည့်တယ်။ ငရုတ်ကျည်ပွေ့ကို ကပ်ပါလာတဲ့ ငရုတ်သီးဖတ်ကြီးကို မြင်နေရတယ်။

"အဲဒီကောင်မလေးကို အစ်မယောက်မလောင်း မတော်ချင်ဘူးလားဟင်"

"ဘာ. . ဖင်မဘဲကြီး လေးဆယ်ကျော်ကို ငါက လင်တော်ရမယ် ဟုတ်လားငမောင်၊ ချမ်းသာပေမယ့် အသားမည်းသွားကြဲ ဗိုက်ခေါက်ထူကြီးနဲ့ နင်ကငါ့ကို သဘောတူနေတယ် ဟုတ်လား"

"ဟာ!"

"ပြောင်း!. . "

ဒေါက်ကန်ပြီးငရုတ်ကျည်ပွေ့ကို ထောင်းချလိုက်မိတယ်။

"အား!"

ငရုတ်သီးဖတ်က တန်းပြီး ညာဘက်မျက်လုံးထဲဝင်ပါတယ်။

"အား!. . စပ်တယ်. . စပ်တယ်"

"ကောင်းတယ်. . ကောင်းတယ်. . နင်ငါ့ကို မဟုတ်မဟတ်ကြီးနဲ့ပေးစားလို့ အဲ့ဒါဘုရားရိုက်တာ"

စပ်ရတဲ့အထဲ အစ်မကတလွဲတွေပြောနေတော့ ဒေါကန်လာတာပေါ့၊ နောက်ဖေးရေကပြင်ကို ဆွဲခေါ်နေတဲ့အစ်မကို မမြင်မတန်းရှန်းကန်ရင်း ကိုယ်ပါလာတယ်။ မမညွန့်ကြီးက ရေကပြင်နားတကန်မှာ အဝတ်လျှော်နေတယ်။

"ဟဲ. . မပွတ်နဲ့ မပွတ်နဲ့လေ၊ မမညွန့်လုပ်ပေးမယ်. . ညာဘက်ကိုဝင်တာမဟုတ်လား. . လုံချည်မလိုက်"

သူ့ဟာသူပဲ လုံချည်ကိုဆွဲလှန်ပြီး ဘယ်ဘက်ခြေမကို ရေ





တစ်ခွက်ကြီး ခပ်လောင်းပါတော့တယ်၊ ကိုယ်က သိပ္ပံသမား . . မှင်စားကြည့်ဗျာ ညာဘက်မျက်လုံး ငရုတ်သီးဖတ်ဝင်လို့ အဲသည်အသန် စပ်နေတာကို ဘယ်ဘက်ခြေမနဲ့ ဘာဆိုင်လို့လဲဗျာ။

စပ်တာလည်း မပျောက်ပါဘူး။

"ပေးပါဗျာ ရေတစ်ခွက်"

ညာဘက်မျက်လုံးကို ရေခွက်ထဲနှစ်ပြီး ပေကလပ် ပေကလပ် လုပ်လိုက်မှ သက်သာသွားတယ်။ ဒါတောင် အရှင်းမပျောက်ဘူး စပ်တုန်းပဲ။ အစ်မကတော့ ရှဲခနဲ ဝက်သားလုံးရင်း ရယ်နေတယ်။

"နေ. . နေမပျောက်ရင် နောက်တစ်နည်းရှိသေးတယ် လာခဲ့"

"ဘာလုပ်ဦးမလို့လဲ ဒေါ်ညွန့်ရာ"

"လာပါဆို မျက်နှာသုတ်. . အဲဒီ ခေါင်းလျှော်တဲ့ ခုတင်ပေါ် လှဲလိုက်"

မမညွန့်က ကလေးအမေ. . အိမ်မှာ အဝတ်လာလျှော်ပေးနေကျလေ။

"ဒီ ခုံရှည်ပေါ်မှာကော မရဘူးလားဗျာ စပ်တုန်းပဲဗျ"

"ရတယ် ပက်လက်လှန်၊ မျက်စေ့မှိတ်ထား"

ဘာနည်းမှန်းတော့မသိဘူး စပ်နေတုန်းဆိုတော့ အပြုအစုခံချင်နေတာပေါ့၊ သူပြောသလိုပဲ လှဲလိုက်တယ်၊ မျက်စိမှိတ်လိုက်တယ်၊ မမညွန့်က ကိုယ့်ရင်ဘတ်နားက ခုံစွန်းမှာ ဝင်ထိုင်တာသိလိုက်တယ်၊ ကိုယ့်မျက်နှာကိုဖိပြီး ညာဘက်မျက်ခွံကို လက်သည်းညှိုးနဲ့ ဖွဖွကိုင်ထားတယ်။

"နေဦး မဖွင့်နဲ့. . ဖွင့်ဆိုမှဖွင့်"



www.burmeseclassic.com

www.burmeseclassic.com



တောက်ခနဲ ဘာကျလာမှန်းမသိဘူး မျက်ခွံနဲ့မျက်စိထောင့်ကို အစက်သုံးလေးစက် ကျလာတယ်၊ သူကမျက်ခွံကို လက်နဲ့ဖြဲပြီး ဖွင့်လိုက်ပိတ်လိုက် လုပ်တယ်၊ ဟုတ်သဗျ. . အေးခနဲဖြစ်သွားတယ်။

"ဘယ်လိုလဲ ကောင်းလားလူလေး"

"ကောင်းတယ် ကောင်းတယ် မမညွန့်. . လုပ်ပေးပါဦး"

ဖြစ်ချင်တော့ အဲဒီအချိန်မှာမှ မဇင်မရယ် ကောင်မလေးရယ်က မနေ့ကခေါင်းစီးကျန်ခဲ့တာဆိုလား နှစ်ယောက်သား ဆိုင်ထဲဝင်လာကြတယ်၊ အစ်မက နောက်ဖေးကနေ အကျယ်ကြီးလှမ်းအော်တယ်လေ၊ ဟိုနှစ်ယောက်အတိုင်းသား ကြားမှာပေါ့ဗျာ. . ။

"မမညွန့်ရေ အဲ့ဒါငမောင့်ကို ဘုရားရိုက်တာလေ၊ ကျွန်မကို ဇင်မယူမယ့်ကားအုံနာနဲ့ ပေးစားလို့"

"ဘယ်ကလာဗျာ၊ အဲဒီရန်ကုန်သူလေးကို အစ်မယောက်မ မတော်ချင်ဘူးလားလို့ မေးတာက အဲဒီ ကောင်မလေးကို ကျွန်တော်မြင်မြင်ချင်းကြိုက်နေလို့ဗျ၊ ကျွန်တော်ယူရင် အစ်မယောက်မ မဖြစ်ဘူးလား"

"ဟင်! ဘာပြောတယ်၊ နင်ကနို့နံ့စင်သေးလို့လား ငမောင်"

အစ်မက နောက်ဖေးကစွတ်အော်နေတယ် ကိုယ်က မျက်စိပိတ်ထားတယ်၊ ဆိုင်ရှေ့ကိုကျောပေးပြီး မမညွန့်က ကိုယ့်ကို မျက်စဉ်းခတ်ပေးနေတာလေ. . ။

မဇင်မနဲ့ အဲဒီကိုယ့်တစ်ပြည်သူလေးကလည်း သူတို့ ရုတ်တရက်ဝင်လာပြီး မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ကြောင်ငေးပြီး ပါးစပ်အဟောင်းသားရပ်ကြည့်နေတဲ့ အချိန်လေ။ မြင်ကွင်းက ဆိုင်ထဲကခုံရှည်မှာ ကိုယ်ကပက်လက်လေး မမညွန့်ရဲ့သားမြတ်က ကိုယ့်မျက်





နှာပေါ် အုပ်မိုးလျက်ကြီးလေ. . ဆိုင်ထဲမှာက နှစ်ယောက်တည်းလေ မမညွန့်က ကလေးအမေဆိုပေမယ့် အရင်ကနာမည်ကြီး တွင်းတောင်ကိုင် လုံးကြီးပေါက်လှကြီးလေ။ နို့ရည်အစက်ချပြီး မျက်စဉ်းခတ်ပေးနေတာလို့ ဘယ်သူကထင်မှာတုန်းဗျာ။ ဖြစ်နေပုံ။

အဲ့ဒါကြောင့်ပြောတာပေါ့ဗျာ။ ဟိုသီချင်းအစလေးလို ကိုယ့်ရဲ့အချစ်က ပွင့်သစ်စမှာပဲ ဟက်တက်ကြီးပါဆိုနေ။





www.burmeseclassic.com

www.burmeseclassic.com

Love at first sight..တဲ့..
မြင်မြင်ချင်းချစ်ကြတာ...
ရင်ခုန်နှုန်းတူလို့ဖြစ်နိုင်တယ်၊
ဗုဒ္ဓအလိုအရ
သံသရာအဆက်ဆက်က
ပန္နက်ရေစက်ကြောင့်ဖြစ်နိုင်တယ်၊
သိပ္ပံနည်းကျ...
အကြည့်မှာရှိတဲ့ လှိုင်းအလျားတူလို့ဖြစ်နိုင်တယ်၊
ဦးနှောက်ကပို့တဲ့...
မေတ္တာဝို့(လ်)အား ညီမျှလို့ဖြစ်နိုင်တယ်၊
အထင်ကြီးမှုတစ်ခုခု
ပြောင်းပြန်ညီမျှ အချိုးကျလို့ဖြစ်နိုင်တယ်၊
ရှည်ပါတယ်ဗျာ....
အသေချာဆုံး(ကျွန်တော့်ကောက်ချက်)
တစ်ခါမှ မမြင်ဖူးကြလို့
ဖြစ်ပျက်သွားတာပါ။ ။







# အခန်း (၈)

ကိုယ့်အဖြစ်ကို ငဖိုးနဲ့တားကက်ကို ငြိမ့်က ထောင့်ခုံလေးမှာ တိုးတိုးတိတ်တိတ် ပြန်ပြောပြနေမိတယ်။

ငဖိုးဖြိုးဝေက လူကသာပိန်ကပ်နေတာ ပါးစပ်ကပြဲတဲ့အပြင် အရယ်အလွန်သန်တယ်လေ။ ဒီကောင့်ကိုပဲ သိပ်အသံမထွက်ဖို့ တန့်နေရတယ်။ တားကက်တင်ကိုကတော့ ထိန်းရယ်ရင်း ကိုယ်က ဒီကောင်ခါပဲ စော်အကြောင်းပြောဖူးတာဆိုတော့. . .

"ငါတို့ ချစ်သူငယ်ချင်း အချစ်ဆိုသော ကမ္ဘာန[illegible] . . စတင်တွေ့ရှိပေပြီတကား". . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အချစ်အကြောင်းပြောပြီဆိုကတည်းက ကိုယ်အဲ့ဒီမနက် အိပ်ရာကနိုးပုံကနေ ရွာကိုပြန်ရောက်တဲ့အထိ ကိုမျိုးခိုင်သားလေး အင်္ကျီပြန်တောင်းတဲ့အထိ ပါတာပေါ့။ ပထမပိုင်းအနေနဲ့ ငပွေး လုပ်ပေါက်တွေပါ ခရေစေ့တွင်း ကျပြန်ပြောပြရင်း ငဖီးရယ်နေလို့ ဟပ်ဖတိုင်းနဲ့ ခဏရပ်ဆိုင်းနေလိုက်တယ်။

"ဒါဆို အဲဒီလည်သာလောင်းကုတ်အင်္ကျီက မင်းဆီမှာပေါ့ ငမောင်"

"အေးလေ ဒီကောင်လာမှမယူသေးတာ ဒီကောင်ရွာကိုကော ပြန်ရောက်သေးရဲ့လား"

"အဲဒါ ငါ့အင်္ကျီကွ၊ ငါနည်းနည်းဝလာလို့ ကြပ်နေတာနဲ့ မဝတ်တော့တာ"

"လက်စသတ်တော့ မင်းအင်္ကျီကိုး တားကက်ရ"

"အေး. . ပြန်မပေးနဲ့ ပျောက်သွားပြီးပြောလိုက်၊ ငါ့ဆီကယူထားတာ နှစ်ချီနေပြီး မင်းဝတ်နေ ငါဘော်ဒီချပြီးမှ ပြန်ယူမယ်"

တိုယ်တာ ဒီကောင်ဗလကြီးကို အိုးခြမ်းပဲ့နဲ့လိမ်ရင်း အမြွာညီအစ်မပါ ဒီတောင့်ညွတ်ကွင်းထဲ ရောက်နိုင်ကြောင်း. . စိတ်ပူကြောင်း၊ ဖုန်းနံပါတ်သိရင် ဒီကောင်လူလိမ်ဖြစ်ကြောင်း၊ လာရင်ငွေမပေးဖို့ အသင်းပေးမဝင်ဖို့ ဒီအိုးခြမ်းပဲ့လေးနဲ့ အခိုင်အမာသက်သေပြချင်ကြောင်းတွေ ရိုးရိုးစင်းစင်းပဲ ပြောပြနေမိတယ်။

ချစ်စရာ အမြွာညီမလေးကို ဒီကောင်ဖြားယောင်းသွေးဆောင်ပြီး ဖျက်ဆီးနိုင်စွမ်းရှိကြောင်းနဲ့ အိုးခြမ်းပဲ့လေးကိုပါ တင်ကိုကိုပေးလိုက်တယ်၊ မင်း ကြုံရင်ဒါလေးပြပြီး သတိပေးဖို့ တွင်တွင်မှာနေမိတယ်၊ ရွာကဗလကြီးဦးဆန်နီမှာ အဲဒီအသင်းဖုန်းရှိနိုင်တယ်လို့





တင်ကိုကပြောတယ်။

ငဖီးက ပလွေလက်မောင်းကို ကွေးကြည့်ရင်း. .

"မင်းက ဘယ်မှာဘော်ဒီချမှာလဲ တားကက်"

"ကိုဆန်နီကြီးက မင်းဘော်ဒီချချင်ရင် ငါ့ဆရာသမားတွေရှိတယ် အပ်ပေးမယ်တဲ့ ရွှေမောင်မောင်တို့ဆီ ပို့ပေးမယ်". . တဲ့။

ကော်ဖီလက်ကျန်သွန်ပြီး ရေနွေးကျင်းတယ်၊ ရေနွေးမှာတယ်၊ ပြီးမှ. . .

"ငါကွာ အဲဒီမဇင်မယောက်မလေးဆီ ဖုန်းဆက်ချင်တယ်"

တားကက်က. . .

"နေပါဦး ဘယ်ဇင်မလဲကွ"

"ဘူတာရုံလမ်းက ဇင်မေသူလေကွာ ကိုယ့်အစ်မက ဇင်မပဲခေါ်လို့ ဇင်မလို့ပဲသိခဲ့တာ"

"ဟာ အဲဒီဇင်မေသူနဲ့ ငပွေးမျိုးလှိုင်နဲ့ ဇာတ်လမ်းရှိတယ်ဟော့ကောင်"

ကိုယ်စိတ်ဝင်စားသွားတယ်။ ငပွေးကရွာလယ်ပိုင်းမှာနေတာ ဘူတာရုံလမ်းဘက်ကနေပဲ အမြဲထွက်လာတတ်တာ ကိုယ်သတိထားမိတယ်။

"ဘယ်လို ဇာတ်လမ်းမျိုးလဲ တားကက်၊ ဖြစ်ဖူးလား"

"သေသေချာချာဖြစ်ဖူးတာပေါ့ကွာ၊ ညဘက်ချိန်းတွေ့ရင် ငါ အစောင့်ခဏခဏလိုက်ပေးဖူးတယ်. . အောက်စောင့်ပေါ့၊ အဲ့ မဇင်မေသူက ဒီကောင့်ကိုခေါက်ပြီး ရန်ကုန်က အသက်ကြီးကြီးကားအုံနာဘောစိနဲ့ ယူမယ်လို့ ငါ့ကို ဒီကောင်ပဲပြောဖူးတာ။

ဒါဆို မင်းရဲ့ တစ်ပြည်သူလေးဟာ အဲ့ဒီဘောစိညီမတွေး



www.burmeseclassic.com

www.burmeseclassic.com



လေးပဲ ဖြစ်လိမ့်မယ်"

ကိုယ်ပိုပြီး စိတ်ဝင်စားလာတယ်၊ တားကက်က အရေးတကြီးစကားပြောရင် သူလုပ်နေကျအတိုင်း ဘေးဘီကြည့်ရင်း ခေါင်းကို ကိုင်းလာတယ်။ လေသံနဲ့ပြောတာ. . .

"ဒီကောင် အဲဒီဘောစိဖုန်းနံပါတ်ကို အသေအလဲ လိုက်စုံစမ်းနေတာ ငါသိတယ်၊ ပါးစပ်ကလည်း ကြုံးဝါနေတယ်၊ မစားရတဲ့အမည်း သဲနဲ့ပက်မယ်တဲ့"

"ဒါဆို ဒီကောင်ဘာလုပ်မလို့လဲ၊ မင်းတို့ဘယ်လိုထင်လဲ"

"ဟ ရှင်းနေတာပဲ၊ ဒီကောင်က သူ့ချိန်းတွေ့ပုံကို ငါ့ကိုအသေးစိတ် ပြန်ပြန်ပြောပြနေကျလေကွာ"

ငဖီးက ဆဲရင်း. .

"နှာဘူး အဲဒီစကားနားထောင်ချင်လို့ မင်း အောက်စောင့်လိုက်လိုက်လုပ်တာမှုတ်လား"

"ငဖီးရာ ဒါအရေးမကြီးပါဘူး၊ ငပွေး ဘယ်လိုသဲနဲ့ပက်မယ်ထင်လဲ တားကက်"

"ဘဲကြီးရဲ့ ဖုန်းနံပါတ်ရရင် ဖုန်းထဲကနေပြောမယ့် အဖျက်စကား ဒီကောင့်မှာရှိတယ်ကွ၊ မဇင်မေသူရဲ့ လျှို့ဝှက်အပ်သောနေရာမှာ(. . . . .)ရှိတယ်တဲ့"

ငဖီးရောကိုယ်ပါ အံ့သြသွားတယ်။ မဇင်မေသူက လှပေမယ့် ဆင်းရဲတယ်။ အမေတစ်ခု သမီးတစ်ခု အိမ်ဆိုင်လေးနဲ့ အမေ့ကို လုပ်ကျွေးနေတာ၊ ဘောစိကိုယူရင် ချမ်းချမ်းသာသာ နေရမှာ၊ ငပွေးကလည်း ယူမှာမှုမှုတ်တာ၊ ဒီကောင်က သဲနဲ့ပက်မယ်ဆိုတာ မဇင်မကို ဘဝဖျက်ပစ်မှာလေ. .။





ကိုယ်ငေါင်သွားတယ်။ ငြိမ့်ကဖီးကိုမလာခင်. . နေ့တစ်ခုအစ်မပြောခဲ့တဲ့စကားတွေ နားထဲပြန်ကြားလာတယ်။

"ငါ့မောင် နင်တကယ်ကြိုက်ရင် နာမည်ကိုယ့်ဟာကိုယ်ဖေဇင်မကို ပိုင်အောင်ပေါင်း၊ အဲဒီဘောစိက ဇင်မကိုယူပြီးရင် ပဲခူးမှာ စတိုးဆိုင်ကြီးဖွင့်ပေးမယ်တဲ့၊ သမီးယောက်မနှစ်ယောက် ဦးစီးကြပေါ့လို့ပြောတယ်တဲ့၊ ခြံဝယ်ပြီး တိုက်ပုလေးတောင်ဆောက်ပြီးပြီ၊ အဲဒီခြံထဲမှာပဲ စတိုးဆိုင်ဆောက်နေပြီတဲ့ ကောင်မလေးလည်း ဆယ်တန်းပဲ၊ အောင်ရင် ပဲခူးကောလိပ်ပဲ တက်လိမ့်မယ်တဲ့၊ အမှတ်မကောင်းရင်ပေါ့. . "

အစ်မက ကိုယ်စာမေးပွဲအောင်မှ ရည်းစားထားခွင့်ပေးထားတယ်၊ အောင်မှာလည်း သိနေတယ်၊ အဲ့ဒီကောင်မလေးကို သူလည်း ချစ်တယ်တဲ့၊ နင်ရအောင်လိုက်နိုင်ရင် ကြိုက်တာဝယ်ပေးမယ်တဲ့၊ မဇင်မေသူဘဝ ကောင်းစားရေးဟာ ကိုယ့်တာဝန်ကြီး တစ်ရပ်လို ဖြစ်လာတယ်။ ကိုယ်က ဒီကောင်တွေပါ ပါလာအောင်. . .

"မမဇင်က ငါတို့ရွာသူကွ၊ ငါကလည်း သူ့ယောက်မလေးကို တကယ်ချစ်တယ်ကွာ. . ငါတို့ဘယ်လိုလုပ်ကြမလဲ သူငယ်ချင်းတို့"

"အေးကွာ အမြန်ဆုံး အကြံထုတ်ကြတာပေါ့၊ ဒီကောင်က မကောင်းတဲ့ဘက်မှာ ချွန်တာကို တို့က သွားအားကျနေမိကြတယ်၊ ဒီကောင်က မကောင်းတဲ့ခေါင်း. . တို့က ကောင်းတဲ့ခေါင်းတွေ သုံးခေါင်းပေါင်းရင် ဒီကောင်ကိုနိုင်ပါတယ်ကွာ"

တားကက်ကမေးတယ်။

"နေပါဦး မဇင်မေသူက အဲ့ဒီဘဲကြီးနဲ့ ဘယ်တော့ယူကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝါကျွတ်ရင်လို့ အစ်မပြောတာပဲ၊ ခုမှ ဝါဝင်တာလေ. . ဒါကြောင့် သမီးယောက်မ ဒီထက်ပိုခင်အောင် ဝါကျွတ်တဲ့အထိ မမဇင်မေသူဆီမှာ လာထားတာတဲ့"

ကိုယ်တို့အတွေးကိုယ်စီနဲ့ အကြံထုတ်နေကြတယ်၊ ဟုတ်ပြီ။ ကိုယ့်ခေါင်းထဲဝင်လာတာက ငြိမ့်ငြိမ့်လေးဖွင့်နေတဲ့ ကိုခင်မောင်တိုး သီချင်းစာသားပဲ. . .

×××သန့်စင်စွာ×××နေလိုခြင်းနဲ့×××ရင်းနှီးယုံ×××

ဟုတ်တယ် ငါတို့အားလုံး အသန့်စင်ဆုံး နေထိုင်မှုကို ရွေးရမယ်။ အမှန်တရားဘက်က အတတ်နိုင်ဆုံးရပ်တည်မယ်။

"သူငယ်ချင်းတို့ အမှန်တရားကို မြတ်နိုးကြလား"

"မေးနေစရာလားကွ ဗိုလ်ချုပ်အောင်ဆန်းကို. . . တို့သုံးယောက်လုံး ချစ်တာပဲဥစ္စာ"

"တို့ အမှန်တရားနဲ့ပဲ ရပ်တည်မယ်၊ ရင်ဆိုင်မယ် ဘယ်လိုလဲ"

"အေး"

"ရက်(စ်). . အမှန်တရားနဲ့ဘဲ တိုက်ခိုက်အနိုင်ယူမယ်"

လက်ဝါးတွေ အချင်းချင်းရိုက်လိုက်ကြတယ်။ စည်းလုံးခြင်းဟာ အမှန်တရားအတွက် ခွန်အားဖြစ်လာတယ်။

"ကဲ. . တားကက်တင်ကိုကြီး မင်းနဲ့ မမဇင်မေသူက ပိုခင်တယ်၊ မင်းမှာ မမဇင်မေသူရဲ့ ဟန်းဖုံးနံပါတ်ရှိလား"

"ရှိတာပေါ့ကွ. . . သူ့ဆိုင်ရောက်တုန်းက လိုလိုမယ်မယ် တောင်းထားမိတာ. . ကြာပါပြီ"

"အခု သူတို့နှစ်ယောက် အဆက်အသွယ်ရှိသေးလား"





"မဇင်မက ငါယောက်ျားယူတော့မှာဆိုပြီး စ,ဖြတ်လိုက်လို့ ဒီကောင် ဒေါကန်နေတာကြာပြီ. . လ,ချီနေပြီ"

"အေး. . ကောင်းတယ်၊ မမဇင်မဖုန်းနံပါတ် ငါ့ကိုပေး. . ငါ မမဇင်မ အမှန်အတိုင်း သူ့ဘဲကြီးကို ပြောရဲအောင် စည်းရုံးမယ်"

ခုမှပဲ အိတ်ထဲက ဖုန်းကို ထုတ်တယ်။ မမဇင်မေသူ ဖုန်းကို ရိုက်ထည့်လိုက်တယ်။ ငဖိုးကဆဲရင်း. .

"မင်းဖုန်းရှိတာ မပြောဘူး. . ခွေးကောင် ငမောင်"

"မနေ့ကမှ ဖားသားကြီး ဝယ်ပေးတာ ငါကလိနေလို့ မင်းတို့ဆီ မဆက်ဖြစ်တာ"

"မင်းက မဇင်မကို ဘယ်လိုစည်းရုံးမလဲ. . ငမောင်"

"ငါက စာရေးဆရာလုပ်မယ့်ကောင်လေ. . ဟင်းဟင်း. . စကားလုံးရွေးရဦးမှာပေ့ါ၊ အချိန်နည်းနည်းတော့ ယူရမယ် မမဇင်မ နားဝင်မှာပါလေ. . ၊ မမဇင်မကိုလည်း သူ့ဘဲကြီးကိုပြောဖို့ စကားသင်ပေးရဦးမှာကွ. . တန်ဆာဆင်ပြောရမယ်၊ ရိုးစင်းဖြူစင်ရမယ်လေ"

ကိုယ် သန့်စင်ခန်းခဏကွာဆိုပြီး. . ငြိမ့်ကဖီးနောက်ဖေးတာ ခြံကျယ်ကြီးထဲထွက်လာခဲ့တယ်။ ခြံထောင့်က သပြေပင်ကြီးအောက်က ခုံတန်းလေးမှာထိုင်ပြီး မမဇင်မ(ခေါ်)မမဇင်မေသူဆီ ဖုန်းခေါ်လိုက်တယ်၊ စိတ်လည်း နည်းနည်းလှုပ်ရှားနေတယ်၊ တိုယ့်ဖုန်းနံပါတ် ဟိုဘက်မှာ သွားပေါ်မယ်. . မမြင်ဖူးတဲ့ဖုန်းနံပါတ်ဖြစ်နေတယ် အဲဒါကို နည်းနည်းအစ်လိုက်တယ်။

"ဟဲလို. . ဘယ်သူပါလဲရှင်"

"ကျွန်တော်ဘယ်သူဆိုတာမပြောခင် အရင်ဆုံးပြောချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သစ္စာစကားကို ပြောခွင့်ပြုပါလားခင်ဗျား"

"ဟုတ်ကဲ့ ပြောပါရှင်"

"ကျွန်တော်ဟာ မဇင်မေသူရဲ့ အကျိုးကို လိုလားသူ ဖြစ်ပါတယ်၊ ဟိုသစ္စ ဤစကားမှန်ပါ၏၊ ဤမှန်သော သစ္စာစကားကြောင့် ဖုန်းမချလိုက်ပါနဲ့"

"ဟုတ်ကဲ့ နားထောင်နေပါတယ်"

"ကျွန်တော်ဟာ ဘယ်သူဆိုတာ မကြာခင်သိလာပါလိမ့်မယ်၊ မဇင်မေသူရဲ့ အကျိုးတစ်ခုကို ကာကွယ်စောင့်ရှောက်ပြီးရင် ပြောပြပါ့မယ်၊ ဒါမှမဟုတ် မဇင်မေသူအပေါ် ကျရောက်လာနိုင်တဲ့ အန္တရာယ်တစ်ခုကို တားဆီးပြီးချိန်ကျမှ ကျွန်တော် လူလုံးထွက်ပြပါမယ့်"

"ရှင်! . . ဘာအန္တရာယ်များ ရှိနေလို့ပါလဲရှင် . . ရင်ထိတ်လိုက်တာ"

မဇင်မအသံတွေ တုန်နေတယ်၊ ဟင်း . . ဟင်း . . ကိုယ်ဟာကိုယ်လည်း ကျေနပ်မိတယ်၊ ငါပြောတာဆိုတာ မိုက်နေပါလား။

"လောလောဆယ် ဘာအန္တရာယ်မှတော့ မရှိသေးပါဘူး၊ ရှိလာနိုင်တာကို မြင်ထားလို့ပါ မဇင်မေသူခင်ဗျား . . မဇင်မေသူနဲ့ ညီမလေးအပေါ် ကျလာမယ့် အန္တရာယ်တွေအတွက် ကျွန်တော်ရှိပါတယ် . . မပူပါနဲ့၊ အသေးအမွှားလေးတွေကတော့ ကြိုတင်သတိပေးရုံနဲ့ ရှောင်ကွင်းသွားမှာပါ၊ ကြိုတင်သတိပေးနိုင်ဖို့ အဲဒီကို အမြန်ဆုံးဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်ဟူသမျှ သိခွင့်ပေးထားစေချင်ပါတယ်၊ ကြီးမားတဲ့ကိစ္စတွေတော့ ကျွန်တော်တို့ပဲ ဖြေရှင်းပစ်ပါ့မယ်"

"ကျွန်တော်တို့ဆိုတာက"



"ရဲသုံးဘော်လို့ပဲ အခုနေခါ မှတ်ထားလိုက်ပါ၊ မဇင်မေသူရဲ့ အနာဂတ်ဘဝ အဆင်ပြေအောင် အခမဲ့ ကိုယ်ကျိုးစွန့် ကူညီကြမယ့် အမှန်တရားကို မြတ်နိုးသော ရဲသုံးဘော်ပါ၊ ကဲ ဒီဖုန်းနံပါတ်ကတော့ သိနေပါပြီ၊ ဒီဖုန်းကိုဆက်မရရင် နောက်ဖုန်းတစ်ခုရှိရင် ယုံကြည်စွာ အားကိုးစွာ ပေးထားပါ၊ ဆိုးကျိုးဘာအတွက်မှ မသုံးပါဘူး၊ ယုံလား နှောင့်ယှက်တယ်ထင်လား"

"ယုံပါတယ် နှောင့်ယှက်တယ်လို့လည်း မထင်ပါဘူး"

"ဒါဆို မဇင်မေသူရဲ့ ညီမလေးဖုန်းနံပါတ်ပေးထားပါ"

ဖုန်းနံပါတ်တစ်ခုပြောတယ်၊ ခေါင်းထဲမှတ်လိုက်တယ်၊ ပြီးမှ ရိုက်ထည့်မယ်။

"ကျေးဇူးတင်တယ်၊ မဇင်မေသူ ယုံကြည်တဲ့အတွက်ပါ"

"ဒီဘက်ကကော အဲ့ဒီဖုန်းနံပါတ်ကို ပြန်ဆက်လို့ရမလား"

ဟ! . . ဟုတ်သား ပြန်ဆက်ရင် မပေါ်သင့်တာ ပေါ်တော့မယ်၊ အချိန်ကစောသေးတယ်၊ သူ့ယောက်မလေးဆီ ပုံမှန် message လှမ်းပို့ပြီး စိတ်ဝင်စားလာအောင် တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် လုပ်ရဦးမှာရှိသေးတယ်။

"လောလောဆယ် ကျွန်တော်တို့ကို မဆက်သွယ်ပါနဲ့ဦး လို့၊ ဝှက်ကိစ္စရှိလို့ ဖုန်းကဒ်ရော နံပါတ်ပါ မကြာခဏ ပြောင်းသုံးနေရလို့ပါ၊ ကျွန်တော်တို့ပဲ ကိစ္စရှိရင် ဆက်ပါ့မယ် . . ဖုန်းနှစ်ခုစလုံး အမြဲ အသင့်ဖွင့်ထားပါ"

"ဟုတ် . . ဟုတ်ကဲ့ပါရှင်"

"ကျေးဇူးပါပဲ၊ နောက်ဆို ကျွန်တော့်ကို တော့စကားပြောပါ ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com




ဖုန်းမပိတ်ခင် 'ဘယ်ကဟဲဟင်' လို့ကြားလိုက်မိသလိုပဲ။

ဖုန်းပိတ်လိုက်တယ်၊ ရဟူးလို့ ထခုန်လိုက်မိတယ်။ ပျော်လိုက်တာ ကောင်မလေးဖုန်းနံပါတ်ရပြီ။ ပထမအဆင့် ချောချောမောမော အောင်မြင်သွားပြီ။

ဟာ!. . ခင်ဗျားညီမနာမည်လေး တဆိတ်ပြောပါဆိုတဲ့ စကား ကျန်ခဲ့တယ်။ အရေးကြီးတာမှ ကျန်ခဲ့တယ်ဗျာ။

အို. . နောက်ဆိုသိရမှာပါ၊ အီဖေကိုယ့်အရည်အချင်းက မနေပါဘူး။ ဟာဟ. . ဟိုကောင်နှစ်ကောင်ဆီ ပြန်လာနေတဲ့ ခြေထောက်နှစ်ချောင်း မြေကြီးနဲ့ မထိဘူး။

ဖေဖေရေ. . ဖေဖေ့သား ချစ်သူရတော့မယ်၊ ကျေးဇူးပဲ။




www.burmeseclassic.com


www.burmeseclassic.com

# နှင်း



အစ,တပြန်နေကြေးဆို
ဝင်းတလေးနဲ့ အနီးဆုံးဝန်းကျင်က
ဘီလီယံနာသူဌေးကတော်ကြီးရဲ့
ဝင်းကြာတိုက် ရှိုင်းမလားပဲ
သားအိမ်ကြားမှာ..ပြန်နေချင်တယ်
ဝင်းလိုတရအောင်...လျှံနေအောင်...။
အစတပြန်စားကြေးဆို..
ဝင်းတလေးတစေ
ကိုယ်တအားငံ... အချစ်ညှာတံလေးပါတဲ့...
အချစ်ပန်းသီးအကျွန်တလေး
ဝင်းတို့ပဲကျွေးချင်တယ်။
ဝင်းအချစ်နဲ့ ဝလင်အောင်...။
(ကိုယ့်အချစ်ကို လက်ခံလောက်အောင်)
အစကပြန်ပြောကြေးဆိုလည်း..
ရှည်ရှည်ဝေးဝေးပြောမနေတော့ပါဘူး..
ဝင်းကိုချစ်တယ်..
နှင်း..နေး..အောင်..။ ။





## အခန်း (၄)

1. Clear bright...

Like a full moon....I wish....

"ဆန်းစသီတဂူလလို့ ချမ်းမြကြည်ဖြူကြပါစေ" ဒါမှမဟုတ် "ချမ်းမြေ့သီတဂူကြည်ဖြူပါစေ"လို့ မြန်မာလို အဓိပ္ပါယ်ပေါ့ ဆိုတဲ့ ဘိုလိုရိုက်ထည့်လိုက်ပြီး ည ရှစ်နာရီတိတိမှာ ပထမဆုံး လှမ်းပို့လိုက် တယ်။ ကိုယ့်ဖုန်းနဲ့ပါပဲ. . message ပေါ့၊ ညတိုင်း ပို့မယ်ဆိုတဲ့ အာ ဘော နံပါတ်စဉ်တစ်လို့တောင် တပ်လိုက်သေးတယ်။ ခဏနေတော့ message ပြန်ဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



to whom do u wish..တဲ့

"ဘယ်သူ့အတွက် ဆုတောင်းပေးတာလဲ" လို့ ပြန်မေးတာပါ. . ၊ တော်တယ် ကောင်မလေးရေ. . ဟဲဟဲ. . ငါ့လိုပဲ။ ချက်ချင်းပဲ ပြန်ပို့လိုက်တယ်။ ကဗျာလည်းဆန်ရမယ်၊ လှလည်းလှရမယ်လေ၊ မဇင်မလည်း မသိအောင်ပေါ့။

မိန်းကလေးတွေဟာ သူတို့ရဲ့ သီးသန့်လျှို့ဝှက်ချက်ကို ဘယ်သူနဲ့မှ မတိုင်ပင်ဘူးလို့ စိတ်ပညာစာအုပ်တစ်အုပ်မှာ ဖတ်ဖူးတယ်လေ။ မဇင်မကို ကောင်မလေးသွားပြရင် ရဲသုံးဘော်ဖုန်းမှန်းသိသွားနိုင်တယ်၊ မဇင်မ မသိအောင် ကဗျာဆန်အောင်. . .

for your eyes only လို့ပို့လိုက်တယ်။

ချက်ချင်းပြန်လာတယ်။

good night 007 တဲ့။

"ကောင်းသောညဥ့်ပါ ဂျိမ်းဘွန်း" လို့ ပြန်ပို့တာလေ။

"မင်းမျက်လုံးများအတွက်သာ" ဆိုတာက ဂျိမ်းဘွန်းဇါတ်ကားတစ်ကားနာမည်လေဗျာ။ ဟားဟား. . ကောင်မလေးလည်း ဟာသဉာဏ်ရှိတယ်. . ကိုယ်လိုပဲ. . ဟဲဟဲ။ ရဟူး။

2. R u butterfly,

Or busy bee,

Or pray pot?

I m only lonely flower.

(မင်းက လိပ်ပြာလား?

ပျားပိတုန်းလား?

ဘုရားညောင်ရေအိုးလား?



ကိုယ်ကတော့. . အထီးကျန်ပန်းတစ်ပွင့်ပါ။)

နောက်နေ့ညဥ့် ရှစ်နာရီတိတိမှာ ထပ်ပို့လိုက်တာပါ ရှယ်တရက် ဖွင့်မဖတ်တာလား၊ ရေချိုးခန်းဝင်နေလား၊ အိမ်သာတက်ရင် ဖုန်းယူသွားလေ့မရှိတာလား မသိဘူးဗျာ. . တော်တော်နဲ့ ပြန်မလာဘူး။ မန်ယူဘောပွဲကြည့်ဖို့ ငမီးတို့နဲ့ ချိန်းထားတယ်၊ ဒီကောင်တွေ ဖုန်းလှမ်းဆက်တယ်၊ မအားသေးဘူး လာမယ်ကွာ၊ ငါ့အတွက် ဂျီပေါ်ဘီပေါ် ငါးချိန်းလောင်းပေးဆိုပြီး ဖုန်းပိတ်လိုက်တယ်။ ပြန်လာမယ့်သူကလေးရဲ့ message ထက် ဘာမှပိုအရေးမကြီးဘူးဗျ။ အိမ်မှာတီဗွီနဲ့ စကိုင်းနက်ရှိပေမယ့် အစ်မအနားယူချိန်လေး ကိုရီးယားကား ကြည့်ပါစေ ကိုယ်က ဟေးခန်း'ဟားခန်း ဆဲလို့လည်းရတဲ့ ရုံမှာ သွားကြည့်လေ့ရှိတယ်။ ဘောပွဲပထမပိုင်းပြီးလောက်မှ message ဝင်လာတယ်။ ရင်ခုန်စွာ ဖွင့်ဖတ်လိုက်တော့. . .

R u flower sure.

I m silky hair.

"ရှင်က ပန်းတစ်ပွင့်ဆိုတာ သေချာရင်

ကျွန်မက ပိုးသားလို ဆံကေသာလေးပေါ့" တဲ့။

စဉ်းစားစရာမလိုအောင် ရှင်းနေပါတယ်ဗျာ။ ရင်တွေ ထဒိန်းဒိန်းတောင် မြည်လာတယ်။ သူပန်မယ်တဲ့. . ဒါ အဖြေသဘောပဲလေ။ ရင်ခုန်းသံမြန်လွန်းလို့ ဘာပြန်ရေးရမလဲလို့ စဉ်းစားရတော့တာပေါ့ သူ့ဆီက မက်ဆေ့ချ် message ထပ်ဝင်လာတယ်။

R u poet?

"ရှင်က ကဗျာဆရာလားလို့မေးတာ"

I m trying to become a great poet.



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန်းနားတဲ့ ကဗျာဆရာဖြစ်လာဖို့ ကြိုးစားဆဲပါ။

ကောင်မလေးလည်း ကဗျာကို ချစ်တတ်ပုံရတယ်။

ကဗျာ ချစ်သူချင်းဆိုတာ ရေသောက်မြစ်တူတာပဲလေ. . မိုးစေ့တူတာပဲလေ ဒီအကိုင်းအခက်တွေကနေ မျိုးတူအသီးအပွင့်တွေပဲ ဝေကာ အမှန်ဖူးပွင့်လာမှာပေါ့. . အချစ်ပွင့်ပါ။

ဟော. . . ပြန်လာပြန်ပြီ။ အမြန်ဖွင့်ကြည့်လိုက်တယ်။

Sure u become a thief....

It is NAT YWAR MOE'S Poem.

"သေချာတာက ရှင်သူခိုးဖြစ်လာလိမ့်မယ်၊ အဲ့ဒါ နတ်ရွာမိုးကဗျာ". . တဲ့။ သေဟနန္ဒိယ။

ရိုးရိုးမသေဘဲ. . လဲပြီးသေလိုက်ဟာ၊ ပင့်ပြီးမှ ရိုက်ချလိုက်တာ ဆယ်ပေစည်းထဲ ဒိုင်းခနဲပဲ။

ငဖိုးဆီက ဖုန်းဝင်လာတယ်. . ဘောပွဲပြီးသွားပြီတဲ့။

နှစ်ကျပ်ကွက်တဲ့. . ဘီပေါ်ဆိုတာက မန်ယူ(၂)ဂိုး (၃)ဂိုးသွင်းရမယ်၊ ဂျီဂေါ်ဆိုတာက ဂိုးပေါင်း(၃)လုံးအထက် ဖြစ်ရမယ်။ နှစ်ကျပ်ကွက်ဆိုတာက ဘီရောဂျီရော နိုင်တာ အောင်တာ. . .

ဒီမှာ နန္ဒိယလဲသေနေတဲ့ သတင်းဆိုးကြီးနဲ့ ညစ်နေတာ. . သတင်းကောင်းဝင်လာလို့ ပျော်သွားပြီး ဝမ်းသာအားရ လှမ်းမေးမိတယ်။

"ဘယ်လိုပြီးသွားလဲ သူငယ်ချင်း"

"ဖိုးဖိုးလေ (. . . )ကောင်၊ မင်းအတိုင်းလိုက်ရိုက်တာ ငါတို့နှစ်ကောင်လဲ ကုန်ပြီ"

ဖိုးဖိုးဆိုတာ သူည. . သူည၊ ဘယ်ဘက်မှ ဂိုးမသွင်းတာ၊





ကြုံးပြီး ကိုယ်ကန်တဲ့ နှစ်လုံးစလုံး တိုင်ထိပြီး ပြန်ထွက်တဲ့ ညဥ့်ပါင်းဒီနေ့ပြက္ခဒိန်မှာ ပြဿဒါးဖြစ်နိုင်တယ်။ နဂါးခေါင်းလည်း အဝီနီဘက် လှည့်သွားပုံပါဗျာ။

၅ ၅ ၅ ၅

www.burmeseclassic.com



**နောက်**နေ့မနက်ကျတော့ သုံးယောက်သား ဝေါင်ပြီး ငြိမ့်မှာထိုင်နေမိကြတယ်။ ကိုယ့်ကြောင့် သုံးကောင်လုံး နှစ်ကျပ်ကွက်ရှုံးတာလေ။ ကိုယ်ဖွန်ကြောင်ရင်း မွန်ပြီးပါးစပ်ထဲရှိတာ ပြောလိုက်မိတာဆိုတော့. . ဒီအကြောင်း ဒီကောင်တွေကို မပြောသေးတာပဲကောင်းပါတယ်။ ကောင်မလေးနဲ့လည်း အဆင်ပြေသေးတာမှုတ်တော့. . ပြေမှပဲ အားရပါးရ ပြောတော့မယ်လို့ စဉ်းစားနေတာပေ့ါ။ ဒီကောင်နှစ်ကောင်က ဘာစဉ်းစားနေလဲတော့မသိဘူး၊ ကိုယ်ကတော့ ကောင်မလေးက သူ့နိုးဆိုတာပဲ စဉ်းစားနေတယ်။ ဒီညဥ့်ဘယ်လို message ပို့မလဲပေ့ါ။ ငဖီးက. .

"ဟေ့ကောင် ငမောင်. . ဘာအခြေအနေတိုးတက်သေးလဲ"

"ဘာ အခြေအနေလဲကွ. . မင်းက အရင်းမရှိ မဖျားမရှိ"

"အမှန်တရား မစ်ရှင်လေကွာ"





"ဘာမစ်ရှင်"

တားကက်တင်ကိုက ခွက်ကို ဂေါက်ခနဲ ဆောင့်ချရင်း. .

"ရဲသုံးဘော် မစ်ရှင်လေကွာ၊ မင်း ဟိုးတစ်နေ့က မမဇင်မေသူကို ဖုန်းဆက်ပြီး မစ်ရှင်အစကတော့ အိုကေသွားပြီ အချိန်တိုင်းဒီမစ်ရှင်ပဲ ခေါင်းထဲထည့်ထားကြတော့ဆို. . မင်းမလာခင် ငါတို့နှစ်ယောက် ဒါပဲဆွေးနွေးနေတာကွ. . မင်းရောက်လာမှ စကားဖြတ်ပြီးတို့ခေါင်းဆောင် ဘာများမြွက်ကြားမလဲလို့. . စောင့်နေကြတာ"

ဟိုက်!. . ဟုတ်သားပါကလား၊ ကောင်မလေးမစ်ရှင်ပဲ စဉ်းစားနေမိတာ နှစ်ရက်၊ နှစ်ညနဲ့ တစ်မနက်တောင် ရှိသွားပြီပဲ၊ အို. . အချစ်ကလေး မင်းကိုယ့်ကို လွှမ်းမိုးလွန်းလို့ချည့်။

"မင်းတို့ကော ဘာစဉ်းစားထားကြလဲ. . . ကဲ"

တင်ကိုက သူ့ပဲခူးအလေးမအသင်းကို ဇာတ်စုံခင်းသတိပေးပြီးကြောင်းပြောရင်း. . .

"ငါကတော့ ငပွေးကိုစောင့်နေတာ တွေ့ရင်ဗြောင်ပဲ ကော်လာဆွဲပြီး ဟေ့ကောင် မဇင်မကိုမင်းလည်းမယူနိုင်ဘူး၊ တင့်တောင့်တင့်တယ်လည်း မထားနိုင်ဘူး. . ဒါ တို့ရွာသူကွ၊ ငါတို့က ကာကွယ်ရမယ်၊ မင်းနှောင့်ယှက်ရင် မင်းအသက် ဖက်နဲ့ထုတ်ထားလို့ ပြောရင်း လက်သီးနမ်းခိုင်းမယ် ဒါပဲလေ"

"အကြမ်းဖက်သင့်ရင် ငါမီးစိမ်းပြမယ်၊ အနုနည်းတွေ အများကြီးရှိသေးတယ်ကွ. . ငဖီးကကော. ."

ငဖီးကကွမ်းသွေးထွေးရင်း. . .

"ငါလည်း အနုနည်းနဲ့ ငပွေးကိုအရင်စည်း[illegible]

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ မစားရတဲ့အမဲတို့[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘူး သူငယ်ချင်း၊ ပြဟ္မစိုရ်တရားနဲ့ပဲ နေကြတာ. . မင်းက သဲနဲ့ပက်လည်း ဝေတ်နေတဲ့လူကတော့ ရေဆေးစားမှာပဲ"

"ဟာ. . မင်းစကားက ဟိုစေတနာ မေတ္တာရှင်ကြီးကို စော်ကားသလိုကြီးကွာ၊ ဥပမာ သိပ်မလှဘူး မယဉ်ဘူး"

တားကက်တင်ကိုက လှောင်ရယ်ရင်း. .

"ဟားဟား. . ယောက်ဖလောင်းကြီးကို ငမောင်ကာကွယ်နေပုံကွာ၊ မုန့်ဆီကြော်က ဘယ်နားနေမှန်းမသိသေးဘူး ခွါနာလျှာနာ ရောဂါက ထနေပြီ. . ဟားဟား. ."

"လှသကွာ အဲ့ဒီဥပမာ ငမောင်နဲ့ကွက်တိပဲ ဟားဟား. . ဒါကြောင့် အမြီးလေးမြှောက်လိုက် အီးလေးပေါက်လိုက်နဲ့ မြိုင်လိုက်ဖို့ပဲ စဉ်းစားရင်း တို့ရဲ့အရေးကြီးတဲ့ ရဲသုံးဘော်မစ်ရှင်ကို မေ့နေတာ"

ကွက်တိကိုထိပါတယ်။

ဒါပေမယ့် မသိချင်ယောင်ဆောင်ရင်း. . .

"ငဖီး မင်းဖုန်းနံပါတ်ကို မမဇင်မေသူ မသိပါဘူးနော်"

"ဘာလိုလို့လုပ်သိမှာလဲ တစ်ညဉ့်လုံး ငါစဉ်းစားလာတဲ့ အကြံပေးစကားတွေ သွားပြောမလို့"

"မင်းဖုန်းက ဘာဖြစ်နေလို့လဲ"

"ဟိုတစ်ခါ ငါပြောဖူးတယ်လေကွာ. . ရဲသုံးဘော်က ထိပ်တန်းလျှို့ဝှက်ကောင်တွေဖုန်း အမျိုးမျိုးသုံးတယ်လို့"

"ငါ့ဖုန်းသုံးလို့ ငါ့ဆီဆက်လာရင် ငါကဘာပြောရမလဲ"

"အထက်က ညွှန်ကြားချက်မရလို့ စကားပြောခွင့် မရှိသေးပါခင်ဗျာပေါ့၊ ဖုန်းပိတ်လိုက် ဒါပဲ"

ငဖီးဖုန်းယူပြီးထွက်ခဲ့တယ်၊ ငြိမ့်နောက်က သပြေပင်အောင်မြေကိုပေါ့၊ ကိုယ့်ဖုန်းကို ငဖီးတောင်းသေးတယ်၊ မလောဲဘူး [illegible] ရင် ပေါ်ကုန်မှာတွေရှိလို့။ ငြိမ်းချမ်းတဲ့ သပြေပင်ကြီးအောက် ထိုင်ရောက်လာတယ်၊ ငှက်သံလေးတွေ နားထောင်ရင်း ခုံတန်းလျားမှာ ထိုင်လိုက်တယ်။

ငဖီးဖုန်းကိုဖွင့်လိုက်တယ်။ ရတနာသုံးပါးနဲ့ မိဘဆရာသမားကို တိုင်တည်လိုက်တယ်၊ အမှန်တရားကို ဖေါ်ဆောင်ပါမည်။ ဤမှန်သော သစ္စာစကားကြောင့် အဆင်ပြေချောမွေ့ပါစေသား။ မဇင်မရဲ့ ဖုန်းကိုနှိပ်လိုက်တယ်။ Calling Tone သံဝင်လာတယ်။

"ဟဲလို ဘယ်သူပါလဲရှင်"

အသံက အရင်တစ်ခါအသံထက် စာနေသလိုပဲ. . .

"ရဲသုံးဘော်ပါခင်ဗျာ ရဲသုံးဘော်ရဲ့ခေါင်းဆောင်ပါ"

"ဝမ်းသာလိုက်တာရှင် နှစ်ရက် ဖုန်းမဆက်လို့ ကျွန်မအကျိုးကို လိုလားသူကို မျှော်နေမိပါတယ်၊ ကျွန်မမှာ ဘာအန္တရာယ်များ ကျရောက်လာမလဲလို့ အိပ်တောင်မပျော်ပါဘူးရှင်၊ အရင်တစ်ခါဆက်တဲ့နံပါတ်လည်း မှုတ်ဘူးနော်"

အရင်ထက်တောင် စကားပြောတာ ရဲရင့်ချိုသာနေပါတော့တယ်။ ငါကွလို့လဲ ကျိတ်ပြီးဂုဏ်ယူလိုက်မိ၊ အသံမမှတ်မိအောင် အစ်ပြီး. . .

"ဖုန်းကဒ်ရော နံပါတ်ပါပြောင်းပြီး ဆက်မယ်လို့ ပြောဖူးတာ မေ့သွားပြီထင်တယ်၊ လျှို့ဝှက်ကိုယ်ကျိုးစွန့်အဖွဲ့ဆိုတာ အရေး သတိရှိရတယ်လေ"

"ဟုတ်ကဲ့ရှင် ကြောက်နေတော့ မေ့သွားလို့ပါ"

"ရဲသုံးဘော်ရှိတယ်. . ဘာမှကြောက်စရာမလိုဘူး"






www.burmeseclassic.com

www.burmeseclassic.com



"မကြောက်နဲ့ဆိုပေမယ့် ကျွန်မ အနာဂတ်အန္တရာယ် အကြီးကြီးရှိတယ်ဆိုတော့ ကျွန်မက အမေနဲ့ ညီမလေးနဲ့ မိန်းမသားသုံးယောက်ပဲ နေရတာလေ ကြောက်တာပေါ့ရှင်၊ ရှင်းရှင်းပြောပါ ကျွန်မ အနာဂတ်အန္တရာယ်ဆိုတာကို အခုပဲပြောပြပါ. ."

အင်း. . အရိပ်အမြွက်တော့ ပြောပြထားမှ၊ စကားတန်ဆာဆင်ပြောမှ. . .

"အဲ့ဒါကိုပြောမလို့ပါပဲ မဇင်မေသူဟာ မိခင်အိုကြီးကို လုပ်ကျွေးနေတဲ့ သမီးကောင်း သမီးမြတ်ဆိုတာ ကျွန်တော်တို့ သိတယ်၊ ဝါကျွတ်ရင် သူဌေးကတော်ဖြစ်တော့မယ်၊ မိခင်အိုကြီးကို ဒီထက်မက ကျွေးမွေးဆပ်နိုင်တော့မယ်၊ အဲ့ဒါမှန်ပါသလား"

"အမှန်ပါပဲရှင်"

"အနားမှာ ခင်ဗျား ညီမ အတီအကျပြောရရင် မဇင်မေသူရဲ့ ယောက်မလောင်းလေးရှိလား"

"ရှိ. . ရှိပါတယ်၊ အဲ. . သူရုပ်ရှင်ကြည့်နေပါတယ်ရှင်"

"လာလာဆယ် သူကြားလို့မဖြစ်ဘူး. . စပီကာမဖွင့်ထားပါနဲ့ သူနဲ့ ခပ်ဝေးဝေးကို သွားနားထောင်ပါ"

ခဏ အသံပြတ်သွားတယ် ပြီးမှ. .

"ညီခန်းကနေ ကျွန်မအခု ဝရန်တာကို ရောက်နေပါပြီ၊ စပီကာလည်း ဖွင့်မထားပါဘူး ပြောပါတော့ရှင်. . ကျွန်မရင်တွေ တုန်လိုက်တာ"

"သေသေချာချာ နားထောင်နော်၊ ခင်ဗျား မင်္ဂလာပွဲကို မဖျက်,ဖျက်အောင် ဖျက်မယ့်သူရှိတယ်"

"ရှင်!"





"မလန့်သွားပါနဲ့. . အဲ့ဒီအဖျက်ကောင်ကို ကျွန်တော်တို့က ရအောင်တားမလို့ပါ"

"ဘယ်. . ဘယ်သူလဲဟင်"

တော်တော် ဗျာများသွားရှာမှာပဲ သူ့ဘဝပျက်မယ့် အရေးလေ။ သနားကြင်နာစိတ်တွေ တဖွားဖွားဝင်လာတယ်။

"ပြောလိုက်ရင် ခင်ဗျားသိပါတယ်. . မပြောခင် မေးခွန်းနည်းနည်းမေးချင်တယ်. . သိပ်အရေးကြီးတယ်. . အမှန်အတိုင်းဖြေပါ"

"ဖြေပါမယ်ရှင် မေးပါ"

"ခင်ဗျား ခင်ပွန်းလောင်းက ခင်ဗျားကို အရမ်းချစ်သလား"

ခဏငြိမ်နေပြန်တယ်၊ ဘေးကစကားသံ မသဲမကွဲဝင်လာလို့ ဖြစ်မယ်. . .

"သူက ကျွန်မထက်အများကြီး အသက်ကြီးတယ်၊ ဖြူစင်တယ်၊ နူးညံ့သိမ်မွေ့တယ်၊ ကျွန်မကို ငုံထားမတတ်အောင်ပဲ ချစ်တာပေါ့ရှင်"

"ခင်ဗျားကကော သူ့ကို. . . ဆောရီး မဖြေလည်းရတယ်နော်"

"ဖြေမယ်. . ဖြေမယ်. . ကိုကြီးက ကျွန်မဘဝရဲ့ တယ်ထင်ရှင် ကျေးဇူးရှင်ပဲ၊ ကျွန်မအမေကိုလည်း သူ့အမေလိုပဲချစ်တယ် ကျွန်မ အားကိုးတယ်၊ ကြည်ညိုတယ်၊ မြတ်နိုးတယ်၊ ချစ်တာသာကိုတယ်. . အဲ့ဒါ သစ္စာစကားပဲ"

ပြောနေပုံက မာန်ပါလိုက်တာ၊ အနားမှာ သူ့ညီမ အဲ. . ကိုယ့်ကောင်မလေးရှိနေလို့များလား ထိုလိုအသေသ

"ဒီလိုဆို သိပ်ချစ်ကြတဲ့ ချစ်သူတွေဟာ နားလည်မှု ခွင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်မှုလည်း သိပ်ရှိဖို့လိုတာပေါ့. . .

မြဖို့ဆိုတာက. . . မတွဲခင်တည်းက အားသာချက်၊ အားနည်းချက်၊ လျှို့ဝှက်ချက်တွေကို ဖွင့်ပြောပြီး အကျေအလည် နားလည်မှု ယူရတယ်. . ဒါမှ မြမှာ၊ လူဆိုတာ အမှန်အမှား ဒွန်တွဲနေတာပဲ၊ မှားရင်ဝန်ခံတာ လူပီသတယ်၊ ဘယ်တော့မှ အဲ့ဒီအမှားကို ဆက်မလုပ်ရင် လူပိုပီသတယ်"

ခဏကြာအောင် ငြိမ်သက်သွားသည်။ သူမှားဖူးတာကို ပြန်တွေးပြီး နောင်တရနေတာ သေချာပြီထင်သည်။

"ဟဲလို မဇင်မေသူရှိသေးရဲ့လား"

"ရှိတယ် ဘာကိုပြောချင်မှန်းမသိလို့ စဉ်းစားနေတာ"

"သူနဲ့ မဇင်မေသူ မဆုံစည်းခင်က. . သူ့ဘက်ကိုယ့်ဘက် ခွင့်လွှတ်လို့မရနိုင်တဲ့ အမှားတွေရှိခဲ့ဖူးရင် ရှိခဲ့ဖူးမယ်ဗျာ၊ အဲ့ဒါကို ပွင့်ပွင့်လင်းလင်း ဝန်ခံဆွေးနွေးဖူးသလားလို့ မေးကြည့်တာ. . . မတွေ့ခင်က ဖြစ်ခဲ့တာတွေကို ခွင့်လွှတ်တတ်တဲ့ မြင့်မြတ်စိတ်ထား ရှိကြသလားလို့ မေးနေတာ"

"သူက လူပျိုကြီးပဲ ရည်းစားရှိဖူးတယ်တဲ့၊ အတူအိပ်ရင်လည်း အိပ်ဖူးမှာပေါ့ ယောက်ျားလေးပဲ. . နှစ်ယောက်စလုံး သွေးစစ်ကြည့်ပြီးပြီ နဂ္ဂတစ်ချည်းပဲ ဘာရောဂါမှ မရှိကြဘူး၊ နှစ်ဦးကြားမှာလည်း ဘာပြဿနာမှ မရှိဘူး"

"ရှိတယ် မဇင်မ. . . မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုတဲ့ လူယုတ်မာတစ်ကောင် ရှိနေလို့ အဲ့ဒီကောင် မပက်နိုင်အောင် ကျွန်တော်တို့ ဝင်လာတာ"

"မစားရတဲ့အမဲ သဲနဲ့ပက်မယ့် လူယုတ်မာ ဟုတ်လား. . ၊





နေပါဦး ဘယ်သူပါလိမ့် ဘယ်လိုပက်မှာလဲ"

"မမဇင်မေ အစ်မ ဒေါသသံအရမ်းပါနေတယ်၊ စိတ်အေးပါ ကျွန်တော်ပြောသင့်တာပြောပါ့မယ်၊ မမဇင်မရဲ့ လျှို့ဝှက်အပ်သောနေရာမှာ ထူးဆန်းတဲ့အမှတ်အသား ရှိနေတာကို သိနေတဲ့ကောင်ပဲ၊ မမခင်ပွန်းလောင်းကို သူ အဲ့ဒီအကြောင်းပြောဖို့ သူကြွားဝါးနေတယ်၊ ဖုန်းနံပါတ် လိုက်စုံစမ်းနေတယ်၊ ကဲ. . . ပြဿနာတော့ အဲ့ဒါပဲ"

မပြောမဖြစ်လို့သာ ပြောချလိုက်ရတာ၊ ဘယ်သူမှ မသိဘူးလို့ သူမထင်ထားပုံရတယ်။ အတော်ရှက်သွားရှာလိမ့်မယ် တတ်နိုင်ဘူးဗျာ၊ သူနဲ့ ခဏခဏ ချိန်းတွေ့ခဲ့တာ ငပွေးကောင်မျိုးလှိုင်တို့။

"ဟဲလို မမဇင်မ ကန်တော့ဗျာ၊ အဲ့ဒီလျှို့ဝှက်အမှတ်အသား မမမှာရှိလား"

"ရှိတယ် ဒါကို အမေနဲ့ငါပဲသိတာ အဲ့ဒီကောင်. . ဘယ်သူလဲ. . . ဘယ်သူလဲ. . .

ဘယ်သူလဲ. . .

ဘယ်သူလဲ. . .

ဘယ်သူလဲ. . ."

တစ်ခုခုတော့ အကြီးအကျယ်လွဲနေပြီဆိုတာ သိလိုက်ပြီ။ ကိုယ်မှန်း မဇင်မသိရင်လည်း သိပါစေတော့။

"အစ်မ. . အစ်မ. . မဇင်မ. . မမဇင်မ စိတ်ထိန်းပါ. . တိုးတိုးလုပ်ပါ. . ကောင်မလေးကြားသွားပါ့မယ်ဗျာ၊ ကျွန်တော်. . ငမောင်ပါ"

"ငါ စပီကာဖွင့်ထားတာ၊ အနားမှာ မေဓိ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ချိန်လုံးရှိတယ် ဒီကိစ္စကိုရှင်းမှဖြစ်မယ်၊ ဟိုတစ်ခါ ရဲသုံးဘော် ဆိုပြီး ဆက်တာလည်း ဒီအသံပဲတဲ့"

"ဗျာ အဲ့ဒီတုန်းက သူဖုန်းကိုင်တာလား"

"အေး ငါရေချိုးခန်းဝင်နေလို့ သူနားထောင်ရင်း အသံပါ ဖမ်းထားတယ်၊ ငါလည်း နားထောင်ပြီးပြီ အခုလည်း သူအစအဆုံး ကြားနေတာ ငမောင်ရဲ့"

"ကျွန်. . ကျွန်တော် message ပို့နေတာရော သူ. . သူ မမဇင်မကို ပြောလားဟင်၊ သူ့သဘောထားသိချင်တယ်ဗျာ၊ အဲ့ဒါ ကျွန်တော့် သေရေးရှင်ရေး မို့လို့ပါဗျာ"

"ဟဲ့. . ငမောင် လောလောဆယ် ငါ့သေရေးရှင်ရေးက နင့် လက်ထဲမှာလေ၊ ငါ့ကိုသဲနဲ့ပက်မှာ ဘယ်ကောင်လဲပြော. . . ငါ့ကို လိုက်ဖူးတဲ့ကောင်. . မရတဲ့ကောင်ပဲဖြစ်မယ်"

"မျိုးလှိုင်"

"ဟင်းဟင်း. . ထင်လိုက်သား၊ ဒီမှာ ငမောင်. . မျိုးလှိုင် သဲနဲ့ပက်မှာက ငါ့ကိုမှုတ်ဘူး. . မျိုးလှိုင်လိမ်ကြောညာကြောမှာ မျော ဖူးတဲ့ မေမို့ကိုပက်တာ နင့်သေရေးရှင်ရေးလေးကို ပက်တာဟဲ့. . သိပလား"

"ဗျာ"

မျိုးလှိုင်ရဲ့ သားကောင်ပစ်မှတ်က. . ဟာ. . . ။

အောင်သပြေပြင်ကြီးရော၊ ကောင်းကင်နဲ့ မဟာပထဝီ မြေ ကြီးရော၊ ဩကာသလောကကြီးပါ ချာလပတ်လည်ထွက်သွားပါ တော့တယ်။ မျိုးလှိုင်ရဲ့ ကွန်ရက်မှာ ကိုယ့်ချစ်သူလေ ပက်လက် မှောက်ခုံ ဖြစ်နေလိုက်ပုံများဗျာ၊ သွားပြီကွာ. . သွားပြီ. . ။





ကိုယ့်အိတ်ထဲက ဖုန်းသံ တတီတီမြည်လာမှ. . [illegible] ကိုယ့်အစ်မအသံကြားမှ. . ဝီခေါ် အောင်လည်နေတဲ့ [illegible] ထိုးရပ်ပြီး ပုံမှန်ပြန်လည်ပတ်တော့တယ်။

♣ အဲဒီကိစ္စလား…ငါဒီလို..ကြားတယ်..
ကိုယ်သိထားတာကတော့…
ကျွန်တော့်အမြင်အရ…ကနေ
လုပ်သားပြည်သူ့အပေါင်းတို့ခင်ဗျား
… … ..ဖြစ်ပါ၍…တစ်အိမ်တစ်ယောက် … …
အကယ်၍မတက်ရောက်ပါက…အထိ၊
♣ ဒူးတိုက်၊ မျက်နှာစုံညီ
ဘရီဖီ…မိတင်း…ကနေ
တွေ့ဆုံပွဲ ဟောပြောပွဲ
ဘာနှင့်ဘာနှင့်လဲလှယ်ပွဲ….အထိ၊
♣ ဘာ အရေး..ညာအရေး..
ခွေးနစ်ကောင်ကိုက်တဲ့အရေး …ကနေ
ပတ်ဝန်းကျင်ထိန်းသိမ်းရေး…
လက်နက်လျှော့ချရေး…
ကမ္ဘာကြီးပူနွေးလာသည့်အရေး…အထိ၊
♣ ဟဲ့…မိအေး..ညည်းကငါ့ကို ဒီလိုပြောတယ်ဆို…ကနေ
လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား..
……… ၏ အဆိုကို….အထိ ..၊
မိမိအရေး…
မိမိဝန်းကျင်အရေး…
မိမိရပ်ရွာအရေး…
မိမိတိုင်းပြည်အရေး…
မိမိကမ္ဘာအရေး…
အားလုံးဟာ ငြိမ်းချမ်းရေး ..ပါပဲ
ဆွေးနွေးမှ အဖြေပေါ်တာချည်းပါပဲ၊ ၊







# အခန်း (၁၀)

"ပြဿနာတော့တက်နေပြီ တင်ကို၊ မဇင်မနဲ့ မိုးလှိုင် ချိန်းတွေ့ဖို့ နေနေသာသာ ရည်စားတောင် ဖြစ်ခဲ့ပုံမရဘူးကွ၊ မဇင်မ နဲ့ မိုးလှိုင်ချိန်းတွေ့တာကို မင်းမျက်စေ့တဲ့ တပ်အပ်မြင်ဖူးလား . . ပြော"

"အေး. . အဲ့ဒါတော့ ဘယ်လိုမြင်ဖူးမှာလဲကွ၊ သူတ[illegible] သွားတယ်၊ ငါက ခြံဝက ပုဏ္ဏားရိပ်ချုပ်ပုတ်ထဲကပဲ စောင့်[illegible] ချွေးတွေသံတွေနဲ့ သူပြန်ထွက်လာမှ လူရိပ်လူခြည်[illegible] ပြန်တာလေ"

www.burmeseclassic.com



"မင်းက ချောင်းလည်း မကြည့်ရဘဲနဲ့ ဘာလိုက်လုပ်တာလဲ"

ကိုယ်မေးရတော့မယ်လေ အတိအကျသိမှဖြစ်တော့မှ မှတ်လား။

ငဖိုးဖြိုးဝေက ဝင်ပြောတယ်. . .

"မမြင်ရလည်း ကြားရတယ်လေကွာ၊ မဇင်မကြီးက တောင့်တယ်၊ လှတယ်၊ မျိုးလှိုင်က သူဘယ်လိုနေထိုင်ခဲ့တယ်ဆိုတာ. . . ဒီကောင့်ကို ပြန်ပြောပြတယ်၊ ဟုတ်လား တားကက်"

"အေး. . ဟုတ်တယ်၊ အဲ့ဒါနားထောင်ချင်လို့ လိုက်လိုက်စောင့်ပေးတာ၊ ဒီကောင်က မြင်လာအောင် အသေးစိတ်ပြန်ပြောတတ်တယ်ကွ. . မစားရ ဝခမန်းပါပဲ"

"ဟုတ်ပြီ မင်းပိုပြီးယုံကြည်အောင် မဇင်မရဲ့ လျှို့ဝှက်အပ်သောနေရာမှာ ထင်ရှားတဲ့အမှတ်အသား ရှိတယ်လို့ ပြောထားတာကွ၊ သူ တစ်ကိုယ်လုံး မြင်ဖူးတယ်ပေါ့ကွာ"

ငဖိုးက ကွမ်းယာဝါးထွေးရင်း တားကက်ကို ပေစောင်းစောင်းကြည့်တယ်။

"ငပွေးကလိမ်ရင် ပိရိတယ်လေကွာ၊ အဲ့လိုနေရာမှာ အဲ့လိုအမှတ်အသားရှိတယ်ဆိုတော့ ဒီနှာဘူးကြီး နှာတံထဲ ကလိကလိဖြစ်တော့တာပေါ့။ သွားလှန်ကြည့်လို့မှ မရတာ၊ ရှိမယ် မထင်ပါဘူး"

"အေး ငါလည်း အဲ့ဒါကိုပဲ ဥပါယ်တံမျဉ်နဲ့ မမဇင်မကို မေးကြည့်တယ်"

ငဖိုးရော တားကက်ပါ တွဲ့ခနဲ ကိုယ့်ကိုပြိုင်တူကြည့်ရင်း ခေါင်းတွေတိုးလာပြီး. .



"ဘာပြောလဲဟင် ငမောင်"

"ရှိတယ်တဲ့ကွ"

ဟာခနဲ သံပြိုင်အော်ရင်း. .

"ဒါဆို မျိုးလှိုင်ပြောတာ ဟုတ်နေတာပေါ့"

"ခက်နေတဲ့ပြဿနာက အဲ့ဒါပဲ၊ မမဇင်လည်း အရမ်းအံ့ဩသွားတယ်ကွ၊ အဲ့ဒါကို သူနဲ့ သူ့အမေပဲသိတာတဲ့၊ အဲ့ဒါကိုသိနေတဲ့လူက မမဇင်မ သတို့သားကို ပြောတော့မယ် မစားရတဲ့အမဲ သဲနဲ့ပက်တော့မယ်လို့ ငါကပြောချလိုက်တော့. . ဘယ်သူလဲ ဘယ်သူလဲနဲ့. . ဒေါသတကြီး ထ,အော်တာ ဟော့ကောင်တွေရေ၊

စဉ်းစားကြည့် မျိုးလှိုင်နဲ့ ချိန်းတွေ့ဖူးခဲ့ရင် ဘာညာဆိုရင် သူတန်းသိမယ့် ကိစ္စလေကွာ. . အဲ့ဒီပြဿနာကို ငါတို့ ရဲသုံးဘော်ရှင်းရတော့မယ်၊ ရဲသုံးဘော်ဆိုတာ ငါတို့မှန်းလည်း သိသွားပြီကွ"

အားလုံးငြိမ်ကျသွားတယ်။ မမဇင်မရဲ့ မမြင်အပ်သောတို့ကို ဒီကောင်ဘယ်လို သိနေတာလဲ၊ အဲ့ဒါဟာ အဓိကပြဿနာပဲ မဖြေရှင်းနိုင်ရင် ကိုယ်တို့ပြဿနာအပြင် သူ့ယောက်မ၊ သူ့သတို့သားကြီးနဲ့ပါ အကျယ်အကျယ်မငြိမ်းဖွယ်တွေ. . . ဟူး. . . ရင်လေး[illegible]ဘိတော့။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်ကြောင့်လေး ဆိုတာလိုမျိုး၊ အကျိုးလိုလို့ညောင်ရေလောင်း ပတ်ထမ်းနဲ့တွေ့ ဆိုတာမျိုး. . . သောက်ကျိုးတော့နည်းပြီ။

"ငါထုတ်ပြောတော့မယ်ကွာ၊ ငါကြေကွဲရပြီ၊ ဆွေမျိုး သူငယ်ချင်းတို့. . ငါ့ချစ်သူလေးက မျိုးလှိုင်နဲ့ ဘယ်လိုတွေပြီး [illegible] သုံးသွားလည်း ငါမသိဘူးကွာ၊ ဒီကောင်က လတ်တ[illegible] [illegible]တောင် သဲနဲ့ပက်မှာက ငါ့ချစ်သူ မလည်မဝယ်လေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရွာပြီကွာ”

ငဖိုးက. . .

“အေးကွ ဒီကောင်မဇင်မကို မရလို့၊ သူယောက်ျားရဲ့ညီမ နှမ်းလည်းသိလို့ ကလဲ့စားချေတာဖြစ်မယ်. . နေပါဦး မင်း ချာတိတ် ခနဲ့ ဒီကောင်ဖြစ်တာကော သေချာလို့လား၊ ရွာရောက်တာမှ တစ်လ မပြည့်သေးဘူး”

တားကက်က. .

“ဒီကောင် လက်ကျမြန်ချက်က လက်လန်တယ်ဟေ့ကောင် မနေ့က ငါ ဦးဆန်နီဆီက ဖုန်းနံပါတ်ရလို့ ရွှေမောင်မောင် အလေးမ အသင်းကို ဖုန်းလှမ်းတော့တယ်၊ ချာတိတ်မတစ်ယောက် ကိုင်တယ်၊ ငါက မျိုးလှိုင်ဆိုတဲ့ကောင် လာသေးလား ဆိုတော့. . ဟို လည်သာ လောင်းကုတ်နဲ့ ခပ်ချောချော အပြောကောင်းတဲ့ တစ်ယောက်လား တဲ့. . ဖုန်းတော့လှမ်းဆက်တယ်တဲ့. . နက်ဖန်တွေ့ချင်တယ်လို့ပြော တယ်တဲ့. . နှစ်ယောက်စလုံးလာပါတဲ့၊

အဲ့ဒီကောင်လူလိမ်ဆိုတော့ မဖြစ်နိုင်တာ. . ရှင်က ဘယ် သူလဲ၊ ဘာလဲနဲ့ ငါ့ကိုရန်လုပ်နေသေးတယ်. . သူ့ဦးလေးနဲ့ စကား ပြောပြီး၊ မယုံရင် အဲ့ဒီအကျိုနဲ့ အိုးခြမ်းပဲ့ ရွာမှာရှိတယ်လို့ ပြောလိုက် ရတယ်. . ၊ ဒီနေ့ ကိုဆန်နီဆီလာရင်းနဲ့ တို့ဆီလာလည်ဖြစ်မလား မသိဘူး၊ ဒီကောင် အဲလောက်လက်ကျမြန်တယ်ကွ”

ကိုယ်တို့ကို ကျောပေးပြီး အကြာကြီး ထိုင်နားထောင်နေတဲ့ ဟိုဘက်ဝိုင်းက ကာဗိုက်ကိုဝင်းလှိုင်ကို သူတို့နှစ်ကောင်ရော ကိုယ် ရော သတိမထားမိကြဘူး၊ ပြုံးပြီးခေါင်းညိတ်ပြီး ထထွက်သွားတာ ကိုလည်း မသိလိုက်ကြဘူး။



“ကဲ. . ငါ့ကောင်တွေ ငါ့အစ်မဖုန်းဆက်ထားတယ်၊ အိမ် မှာ ဒူးတိုက်မျက်နှာစုံညီ ဘရီဖီရှိတယ်. . မမဇင်မတို့အဖွဲ့တွေ လာ လိမ့်မယ်”

“ဟာ!. . သက်ာရှင်းပွဲလုပ်မှာပေါ့၊ ပြဿနာပဲ ငမောင်”

တင်ကိုကြီး တုန်သွားတယ်. . ငဖိုးကငွေရှင်းတယ်. . ကိုယ် က. .

“လာပါကွာ Face your problem တဲ့၊ ပြဿနာကို မျက်နှာ ချင်းဆိုင်ပါတဲ့၊ တို့အမှန်တရားအတိုင်း တို့စေတနာအတိုင်း ရင်ဆိုင် လိုက်ကြတာပေါ့၊ အမှန်တရားကို မြတ်နိုးရင်. . ထ. . ကြ”

ညီညီညာညာပဲ ထလိုက်ကြတယ်၊ လက်ဝါးတွေ ရိုက်လိုက် ကြတယ်။ ဖြောင်းခနဲ အသံမထွက်ဘူး. . ဖတ်ခနဲပဲ မြည်တယ်။

၄ ၄ ၄ ၄

www.burmeseclassic.com

www.burmeseclassic.com



**အစ်**မက 'ဆိုင်ပိတ်သည်' ဆိုင်းဘုတ်ချိတ်ထားတယ်။ တင်ကိုတို့ အိမ်နားမှာနေတဲ့ အေးသီမက တံမြက်စည်းလှဲနေတယ်၊ ကော်ဖီတွေ ကွက်ကီးတွေပြင်ထားတယ်၊ မမဇင်မနဲ့ မေမီ မရောက်သေးဘူး၊ ကိုယ်တို့ မျက်နှာပိုးသေသေပဲ ဝင်ထိုင်ကြတယ်။ ငဖီးနဲ့ တားကက်က မင်္ဂလာဆောင်ဟောင်းတွေ လှန်ရင်း အတင်းအာရုံသွင်းတယ်။ တိုယ်က အီးပါချင်သလိုလို သေးပေါက်ချင်သလိုလိုမို့ အိမ်သာဘက်ဝင်လာတယ်။ အစ်မက ရေနွေးအိုး ခါတ်ဘူးထဲထည့်နေတယ်၊ အစ်မမျက်နှာအနေအထားက သာမန်ပဲ. . .

"အစ်မ. . မမဇင်မက ဘာပြောလို့ ဘာအခမ်းအနား လုပ်နေတာလဲ"

"သူ့မင်္ဂလာဆောင်အတွက် လူရင်းတွေကို အကြို ကော်ဖီတိုက်ရင်း တိုင်ပင်ဆွေးနွေးစရာရှိလို့တဲ့၊ ပဲခူးကညှော့သည်တွေလည်း လာချင်လာမယ်တဲ့၊ သူ့အိမ်က ချောင်ကျလို့ ပြီးတော့ မင်္ဂလာဆောင်





ရင် အစ်မက သတို့သား သတို့သမီး အရံအားလုံး ပြင်ပေးရမှာဆိုတော့ ကြိုတင်မိတ်ဆက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဟူး. . လူစုံတက်စုံရှေ့ ရှင်းရတော့မှာပါလား. . မမဇင်မပြောပုံ စီစဉ်ပုံက ပညာပါတယ်. .၊ အေးလေ သူ့မှာ အမဲစက်မရှိဘူးဆိုတာ. . .

မမီးနဲ့ ကိုဝင်းလှိုင်ဆိုင်ကယ်နဲ့ ရောက်လာတယ်။ လှမ်းမြင်ရတယ်။

အစ်မက သူ့သူငယ်ချင်းအရင်းမို့ ကိုဝင်းလှိုင်ကို. . .

"ဟဲ့ အကျိုးအပွဲဆောင်တဲ့အကောင် နင့်ဘယ်သူဖိတ်လို့လဲ"

"ကာဗိုက်ရေဒါမှာ အစားအသောက် အစက်အပျောက်လေးတွေ မီးလင်းအချက်ပြတယ်လေ၊ မီးလာရင် ငါပါရမှာပေါ့ဟဲ့ မိစမ်းရဲ့၊ V.I.P လာတယ်လို့မှတ်လိုက်၊ ငါ့ကိုအရင် ဦးဖယ်ပြီးမှ စားကြ ကုသိုလ်ရလိမ့်မယ်"

လှစ်ခနဲ ဖင်ကော့ဆိုင်ကယ်လေး ဝင်ရပ်တယ်. .။ ကိုယ့်ကောင်မလေးနဲ့ မမဇင်မပေါ့။ ကိုယ် အစ်မအိပ်ခန်းထဲ ဝင်ပြေးတယ်။ တံခါးပိတ်လိုက်မိတယ်။

ဒိတ်ဒိတ်!. . ဒိတ်ဒိတ်!. .

မကြာခင်ပဲ အားလုံးဝိုင်းထိုင်သံကြားတယ်။

မဇင်မက. . .

"အခန်းအနားစပါတော့မယ်. . ရဲသုံးဆော် ခေါ်[illegible] နေရာယူဖို့ ဖိတ်ခေါ်ပါတယ်ရှင်"

"ဟဲ့!. . ဘာတွေလည်း ဇင်စရဲ"

"ကျွန်မ မင်္ဂလာဆောင်ဖြစ်မြောက်ရေး တာတွယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



လှို့ဝှက်မစ်ရှင် အဖွဲ့သားတွေလေ”

“ဟယ်. . ငါဘာမှမသိရပါလား ဇင်မရယ် လင်းစမ်းပါဦး”

မမဇင်မက ရှိုင်းရှိုင်းပျပျတွေမပါဘဲ ဖုန်းဝင်လာတာကစပြီး အားလုံး လိပ်ပတ်လည်အောင် ရှင်းပြလိုက်တယ်၊ ကိုယ် မထွက်ရဲသေးဘူး. .။

“အဲဒါပဲ မမစမ်း. . . မစားရတဲ့အမဲကို သဲနဲ့ပက်မယ့်သူရဲ့ ရန်က ရဲသုံးဘော်က ကာကွယ်မလို့တဲ့. . ပက်မယ့်သူလည်း သိပါပြီ၊ မသိသေးတာလေးတွေရှိလို့ မေးဖို့မြန်းဖို့ ရဲသုံးဘော် ကွန်မင်ဒါကြီး ထွက်ပါတော့ရှင်”

“ဟဲ့!. . မောင်မောင် ဘာလုပ်နေတာလဲ ပုဆိုးပျောက်နေ ပြန်ပလား”

ဝါးခနဲရယ်သံထွက်လာအောင် မမီးက ဖေါက်တယ်။ ကိုယ် ကြောက်ဒူးတွေ တုန်နေတယ်။ မမို့ဆီကို ကိုယ်မက်ဆေ့စ် ပို့တဲ့ အကြောင်းမပါသေးဘူး။

ပြီးတော့. . လှို့ဝှက်အပ်သောနေရာ၌ ထင်ရှားသော အမှတ်အသားကိစ္စ မပြောသေးဘူး။ ကိုယ်အားတင်းနေရတယ်။

အစ်မအသံ. . .

“မောင်မောင် နင်က အခန်းထဲက မထွက်ရဲအောင် ဘာတွေ မဟုတ်တာလုပ်ထားလဲ”

ထွက်တယ်ကွာ။ face လုပ်တယ်. . . လာပြီဗျို့။

“မဟုတ်တာ ဘာမှမလုပ်ဘူး. . . လုပ်မိရင်လည်း အမှန်တရားအတွက် လုပ်တာပဲ၊ ကဲ. . မမဇင်မ မေးချင်တာမေး”

လွတ်နေတဲ့ ကိုဝင်းလှိုင်ဘေးမှ ခပ်ရဲရဲပုံစံနဲ့ ဝင်ထိုင်လိုက်





တယ် ကိုဝင်းလှိုင်က ပခုံးလှမ်းဖက်ထားတယ်၊ မသိမသာ ဖျစ်ညှစ်တယ်။

“ကဲ. . အားလုံးမောင်နှမတွေပဲ အရင်းတွေလိုနေခဲ့တာပဲ ပွင့်ပွင့်လင်းလင်းပဲမေးမယ်နော်. . .

မျိုးလှိုင်နဲ့မမ ဖြစ်နေတယ်လို့ ရဲသုံးဘော်က ထင်နေကြတယ်၊ ဘယ်အချက်နဲ့ အခိုင်အမာ သက်သေပြမလဲ”

ကိုယ် တင်ကို(တားကက်)ကို လှမ်းကြည့်လိုက်တယ်။

“ပြောလိုက်လေ တင်ကို”

“ဒီ. . ဒီလိုပါ မမဇင်မနဲ့ ချိန်းထားတယ်. . ခြံဝက လိုက်စောင့်ပေးပါဆိုလို့ ကျွန်တော် သုံးခါလိုက်စောင့်ပေးဖူးတယ်၊ တစ်နာရီလောက်ကြာမှ ချွေးတွေ သံတွေနဲ့ ပြန်ထွက်လာတယ်၊ အဲ့ဒါကို ငမောင့်ကို ပြောပြမိတယ်၊ ဒါပါပဲ. . .”

တဟဲဟဲ အူနှိပ်ရယ်သံထွက်လာတယ် အေးသီမဆီက. . .

တားကက်က. . .

“ခင်ဗျားက ဘာဟာသပါလို့ ရယ်တာလဲဗျ”

“တင်ကိုရယ် အဲ့ဒါ နင်အလိမ်ခံရတာဟဲ့. . . နင့်အဖေ အမေက အိမ်အပေါ်ထပ်မှာ အိပ်တယ်၊ နင်က ညဥ့်နက်သန်းခေါင် တစ်ခါတလေ မိုးအလင်း အောက်ထပ်မှာ ဂိမ်းနှိပ်တယ်”

“အဲ့ဒါဘာဖြစ်လဲ”

“ဘာဖြစ်ရမလဲ နင့်အိမ်မှာ ပစ္စည်းတွေ ခဏခဏပျောက်တာ မိသွားလို့ ဟိုတလောက နင့်အမေကြီး,ကြီးကျင် အလုပ်ထုတ်လိုက်တဲ့ အိမ်ဖေါ်မ မိနော်လေ”

“အေးလေ အဲ့ဒါဘာဖြစ်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ မိနော်က မျိုးလှိုင်ဘိုင်ကျလို့ ပုံပိုးနေတာဟဲ့၊ နင့်ကို ပ,ထုတ်ပြီး မိနော်နဲ့ လာလာအိပ်နေတာဟဲ့၊ ငါ အပေါ့ထသွားရင်း တပ်လပ်ကြီးမြင်တာ သိပလား၊ ကိစ္စပြီးမှ နင့်ဆီပြန်ပြေးရတာ ချွေး တလုံးလုံးဖြစ်တာပေါ့. . တားကက် ပေါတာ ပစ်မလွဲရဲ့"

တဟားဟား ရယ်ပွဲဖွဲ့ဖြစ်ပါတော့တယ်။ ဖါတ်ရည်လည် သွားကြ၊ ပေါ့ပါးသွားကြလို့လည်းဖြစ်ပါတယ်။

"ခွေးမသားနဲ့ ခွေးမသမီး တွေ့ရင် လည်ပင်းညှစ်သတ်မယ်၊ ငါ့မှာတော့ သရဲကြောက်ရ၊ ခြင်တဖတ်ဖတ်ရိုက်ရနဲ့. . ဟွန်း"

မျိုးလှိုင်ပြန်ပြောတဲ့အကြောင်း နားထောင်လို့ကောင်းတယ် ဆိုတာတော့. . ဘယ်ဝင်ပြောလို့ ကောင်းမလဲဗျာ။

"တစ်ခုပဲကျန်တော့တယ် မမစမ်း၊ ကန်တော့ အစ်ကိုဝင်း လှိုင်. . ငါ့မောင်တွေလည်း နားနဲ့မနာ ဖဝါးနဲ့နာပါကွယ်၊ မျိုးလှိုင်က သိနေတယ်တဲ့. . အဲ့. . ဘာသိတာလဲဆိုတော့ ကျွန်မရဲ့ လျှို့ဝှက် အပ်သောနေရာမှာ ထူးခြားတဲ့အမှတ်အသား ရှိတယ်တဲ့၊ သူ ကျွန်မ ကို ရည်စားစာပေးဖူးတာကို သူရှေ့တွင် မြင်းချေးပုံထဲ ထိုးထည့်ဖူး တယ်၊ ဒါကြောင့် မစားရတဲ့အမဲ သဲနဲ့ပက်မယ်. .၊ ကျွန်မယူမယ့် ယောကျာ်းကို သူနဲ့ အိပ်တုန်းက မြင်ခဲ့ဖူးတယ်ပေါ့လေ. . ဖွင့်ချမယ် ပွဲဖျက်မယ်တဲ့"

တင်ကိုက. . .

"ဒီကောင် အဲ့ဒီအတိုင်းပြောလို့ ကျွန်တော်ကလည်းငမောင့် ကို ပြောပြမိတယ်၊ အဲ့သမှာပဲ မမဇင်မကို ကာကွယ်ဖို့ ငမောင်က ရဲသုံးဘော်ဖွဲ့တာလေ"

ကိုယ်ဝင်ရပြီလေ. . .





"အဲ့ဒါအမှန်တွေပဲ မမဇင်မ. . ဒီကောင်ဟာ လူလိမ်မှန်း ကျွန်တော်တို့သိတာကြာပြီလေ၊ ကျွန်တော်တို့ အစွမ်းရှိသလောက် ဉာဏ်နဲ့ သတ္တိနဲ့ ဖါတ်လမ်းဆန်ဆန်ကာကွယ်ဖို့ အားထုတ်ကြံစည် ကြတာပါ၊ အဲ့ဒီ လျှို့ဝှက်အမှတ်အသား မမမှာ တကယ်ရှိနေတယ်ဆို တော့. . အဲ. . ဘယ်လိုပြောမလဲ"

ကိုယ့်အစ်မက. . .

"ဟယ်. . ဇင်မ အဲ့လိုရှိတာတကယ်လား ငါကြည့်ချင်လိုက် တာဟယ်"

"ရှိတယ် မမစမ်း၊ ဒါကိုအမေနဲ့ ကျွန်မပဲ သိတာ၊ အား လုံးပြီးရင် ကျွန်မ မမစမ်းကိုပြပါ့မယ်၊ စဉ်းစားရခက်နေတာက. . ဒီ ကောင် အဲ့ဒါကို ဘယ်လိုမြင်ပြီး ဘယ်လိုသိနေတာလဲ၊ အဲ့ဒါ ပဟေဠိ ပါပဲ၊ စဉ်းစားကြည့်လေ မေမီလေးတောင် ကျွန်မကို အထင်လွဲနိုင်တဲ့ ကိစ္စကြီးမှတ်လား"

အားလုံး ခဏကြာအောင် ငေါင်နေကြတယ်။

မမီးက. .

"နင်ကိုယ်လုံးတီးရေချိုးတာများ ဒီကောင်ချောင်းကြည့်ဖူး လား"

"ကျွန်မ အိမ်ကရေချိုးခန်း မမီးချိုးဖူးသားပဲ၊ လုံလိုက်သရ ယင်ထီးတောင် ဝင်လို့မရဘူး ကျွန်မကလည်း ရေချိုးခန်းထဲ ထဘီ ရင်ရှားနဲ့ပဲ အမြဲချိုးခဲ့တာ"

ကောင်မလေးက အခုမှပဲ ဝင်ပြောတော့တယ်. .

"ဟုတ်တယ်နော်၊ အဲ့ဒီအကြောင်း မေ့မိတိုင်းသတိ အဲ့ဒီ သေနာကြီး ဖုန်ဆက်ပြီး သွားပြောရင်. . တို့ကြီးတော့ ခွင့်ထွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ မမဇင်မကို ချစ်တာကိုး၊ ဒါပေမယ့် စိတ်ထဲတော့ တစ်မျိုးဖြစ်မှာပဲ၊ မေမီတောင် တစ်မျိုးပဲ ပွင့်ပွင့်လင်းလင်း ပြောတာနော်”

ကိုယ်လှမ်းကြည့်ရင်း ငေးမောနေတာကို သူပြန်ကြည့်တော့ မိသွားတယ်၊ အားလုံး အုံးစားနေကြမှ ကိုဝင်းလှိုင်က. .

“အဟမ်း!. . ဒါကြောင့်ပြောတာပေါ့ မိစမ်းရဲ၊ ငါလာတာ V.I.P လာတယ်လို့မှတ် ငါ့ကို ဦးဖယ်ပြီးမှ စားကြလို့. . .

အင်း. . ဇာတ်ပေါင်းခန်းမှာ ငါဆိုသော သိကြားမင်း ဆင်းလာရခြင်း အကြောင်းကို လင်းပေအုံး. . ဇင်မရေ နင် ဒီရဲသုံးဘော်ကို ကျေးဇူးတင်လိုက်တော့၊ သူတို့အလိုကို ဖြည့်ဆည်းနိုင်သမျှ ဖြည့်ပေလော့. . ဒီကောင်တွေ အဲ့ဒီအကြောင်းကို ခေါင်းချင်းဆိုင် တိုင်ပင်နေလို့ ငါကလည်း ကြားလိုက်လို့. . .”

“ရှည်လိုက်တာ ကာဗိုက်ရယ်. . ပြောမှပြောစမ်း”

“မျိုးလှိုင် နင့်ထူးဆန်းတဲ့ လျှို့ဝှက်ချက်ကို ဘယ်လိုတွေ့ရှိတယ်ဆိုတာ ငါ သိတယ်ဇင်မ”

“ရှန်!. .”

“ဟိုးတစ်နှစ်က နင်မမီးဆိုင်ကယ်ကို အရေးကြီးလို့ ဆိုပြီး မင်းတတ်စီးတတ် ငှားစီးတယ်လေ မှတ်မိလား”

“မှတ်မိတာပေါ့ အစ်ကို ဘုရားရှေ့မှာ မြင်းလှည်းနဲ့ ဝင်ကြိုးတာလေ၊ သတိလစ်နေလို့ အစ်ကိုပဲ မြင်းလှည်းနဲ့ တိုက်နယ်ဆေးရုံ လိုက်ပို့တာလေ”

“အေး. . အဲ့ဒီတုန်းက ငါက လက်ကိုကာဗိုက်မီး ထိထားတယ်၊ နင့်ကို မြင်းလှည်းပေါ် ပွေ့တင်တာက အဲ့ဒီကောင် မျိုးလှိုင်၊ နင်က ဂါဝန်စကတ်နဲ့ ပင်တီလက်တစ်ဝါးလေးနဲ့၊ ငါကတော့ မသိပါ





ဘူး မြင်းလှည်းသမား နာသွားလို့ ဝင်မောင်းနေတယ်၊ ဒီကောင်က ပွေ့ပြီး ဆေးရုံခုတင်ပေါ် အထိ ပို့တာလေ၊ ဒီကောင်လှန်လှောကြည့်မှာပေါ့၊ ခုထိ ဘာဆိုတာတော့ မပြောဘူး. . နင့်ချက်တည့်တည့် အောက်နှစ်လက်မလောက်မှာ ရှိတယ်တဲ့”

“ဟုတ်ပြီ. . ဟုတ်ပြီ. . ကဲ အားလုံးရှင်းပြီနော်”

ခုမှပဲ အားလုံး ဟင်းခနဲ သက်ပြင်းချပြီး ပျော်သွားကြတယ်။ စားကြသောက်ကြ နောက်ကြပြောင်ကြနဲ့ ပျော်စရာကြီး ဖြစ်နေပါတော့တယ်။ ကိုယ်ပဲ ခိုးလိုးခုလု ကျန်နေတာ မေမှီကိုမကြည့်ဖြစ်အောင် တမင်နေရတယ်၊ မျိုးလှိုင်နဲ့သူမ ဘယ်အထိ ဖြစ်ထားလဲ. . ဒါပဲ ခေါင်းထဲဝင်နေတယ်။

အဲ့ဒီတုန်းမှာ တောင်းအေ့စ်တစ်စင်း ဆိုက်လာတယ်။ တင်ကိုအပ်ထားတဲ့ အိုးခြမ်းပွဲလေးကို မြှောက်ကစားလာတဲ့ ကိုဆန်နီရယ် ဗလကြီးရွှေမောင်မောင်ရယ်. . ။

ဟယ်!. . ဟိုအမြွှာညီအစ်မပါ ကားပေါ်ကဆင်းပြီး ဝင်[illegible] လာတယ်။ ဆန်းတာက မေမီလေး ဖျတ်ခနဲ ပြေးဆင်း[illegible] အမြွှာညီအစ်မကို ပြေးဖက်လိုက်တဲ့ မြင်ကွင်းပါပဲ။ တတ်[illegible] တွေနဲ့ တက်လာကြတယ်။

ကိုဆန်နီက မိတ်ဆက်ပေးတယ်။ ဦး[illegible] အားလုံးကိုလက်ကမ်းတယ်။ ဒါက အလှ[illegible] စမ်း၊ မောင်မောင်အစ်မရင်းပါပေါ့. . ၊ ဒါက. . ၊ ဒါက. . ၊ ဒါက. . ဒါကတော့ ဆရာရွှေဆီဖုန်းဆက်ပြီး [illegible] ပေးတဲ့ မောင်တင်ကို၊ ဒါကတော့ ဆရာ[illegible] တယ်ဆိုတဲ့မောင်မောင်”



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ မောင်မောင်. . မင်းဆီ တမင်လာတာ အိုးခြမ်းပဲ့လာယူတာ၊ မင်းဟာ မောင်မျိုးလှိုင်နဲ့ တခြားစီဆိုတာ လိပ်ပြာကန်ပေါင်ပေါ်မြင်ကတည်းက ဦးသိတယ်၊ မောင်မျိုးလှိုင်ကို ဟီးရိုးထားပြီး မင်းရဲ့ ရိုးစင်းတဲ့စရိုက်လေး ပျက်တော့မှာပဲလို့ ပူပင်မိခဲ့တယ်၊ မောင်မျိုးလှိုင် အလိမ်ကို တမင်ခံလိုက်တာ၊ ဒါပေမယ့် အိုးခြမ်းကွဲနဲ့ ပညာပြသွားတာကိုတော့ မသိလိုက်ဘူး၊ မင်းက ကိုတင်ကိုဆီက တစ်ဆင့်ပြောလိုက်ခြင်းဟာ မင်းရိုးသားခြင်းကို ပြတာပဲ၊

မင်းကယ်လိုက်တဲ့အထဲမှာ ဦးတူမနှစ်ယောက်ပါတယ်၊ အဲ့ဒါ အဓိကကျေးဇူးတင်တဲ့ အချက်ပဲ၊ ဦးတူမတွေ သင်ခန်းစာလည်း ရလိုက်တယ်၊ မင်းသာ အချိန်မီဖွင့်မချရင် ဘဝပါပျက်နိုင်တယ်. . ၊ ဦးတူမနှစ်ယောက်ဟာ ဦးခန္ဓာကိုယ်ပြင်ပမှာရှိတဲ့ ဦးရဲ့ဒုတိယအသည်းနှလုံးဆိုရင် သိနိုင်ပါပြီ. . သိပ်ကျေးဇူးတင်သကွာ၊ ဟဲ့. . ဟိုညီအစ်မ ကန်တော့ဖို့ပစ္စည်းတွေနဲ့ မောင်မောင့်ကို လာထိုင်ကန်တော့"

"ဟာ မဟုတ်တာ၊ ဦး ကျွန်တော်က ငယ်မှာပေါ့ မလုပ်ပါနဲ့"

မေမီကပါ ကြမ်းပေါ် ဝင်ထိုင်ရင်း. .

"မငယ်ဘူး သမီးတို့အားလုံး (၁၆)နှစ် ကိုမောင်က ဆယ်လကြီးတယ်၊ သမီးလည်း အပြစ်ရှိထားတယ်၊ သူများ ပစ္စည်းနဲ့ပဲ ဝင်ကန်တော့ပါရစေ"

ကိုရင်ပဲဝတ်ဖူးတဲ့ ကိုယ်ပါ၊ စဉ်းစားကြည့်ဗျာ။ ကိုယ် လူဝတ်နဲ့ ပထမဆုံး ကန်တော့ခံနေရတာလေ၊ ကန်တော့နေတာက အလွန်လှတဲ့ ကောင်မလေးသုံးယောက်၊ ဖိန်းရှိန်းပြီး မတ်တတ်ထရပ်၊ လက်ဘယ်နားထားရမှန်းမသိ၊ အားလုံးက ပြုံးကြည့်နေတုန်း အစ်မက. .



"ဟဲ့. . မောင်မောင် ဆုပေးလိုက်ဦးလေ"

"ကျွန်တော်မျိုးကြီး သိန်းထောင်ငါးရာပေါက်ပါစေ"

"ငမောင် မင်းကသူတို့ကို ဆုပေးရမှာလေကွာ"

"အေးလေ ငါထီပေါက်မှ ပေးနိုင်မှာပေါ့ကွာ. . တားကက်ရာ"

နောက်နာရီဝက်အကြာမှာတော့ တောင်းအေ့စ်ကားလေး ရွာကနာမည်ကြီး ဈေးစေတီကြီးရဲ့ မြောက်ဘက်တန်ဆောင်းရှေ့မှာ ရပ်ထားတာကို တွေ့မြင်ကြရပါတယ်။ ရင်ပြင်တော်ပေါ်မှာတော့ လှပတဲ့အမြွှာညီအစ်မနှစ်ယောက်ကို ခပ်ဝဝအကောင်ကြီး တစ်ကောင်နဲ့ ခပ်ဖြူဖြူပိန်ပိန် စပ်ဖြီးဖြီးတစ်ကောင်က တောင်စဉ်ရေမရ ဟာသတွေ တိုက်ကျွေးရင်း. . . လက်ျာရစ် ဘယ်နှရစ်မြောက်မှန်းမသိ ရစ်ရင်း. . ဘယ်လိုပြောမလဲ. . ဟုတ်ကဲ့ ရစ်နေတာ. . ဘုရားဖူး လုပ်သားပြည်သူအပေါင်း မျက်စောင်း ထိုးနေတာကို မြင်နိုင်ပါတယ်။

ခရေပင်အောက် ခုံတန်းလေးမှာတော့. . ငယ်ရွယ်နုနယ် ချစ်စဖွယ်စုံတွဲလေး. . .

"မျိုးလှိုင်နဲ့ ဘယ်လိုတွေ့တာလဲ"

"ဒီကိုတစ်ယောက်တည်းအလာ ကားပေါ်မှာလေ [illegible] တည်းဆင်းမှာဆိုတော့ အပြောကလည်းကောင်းတော့ [illegible] ပေးမိတာပေါ့။ ညတိုင်းဆက်တော့ နားထောင်မိတာပေါ့ [illegible] တော့ သိလာတယ် မေမီ့ဘေးကခုံကို တမင်အလိုက်[illegible] တာတဲ့ အကြံနဲ့တဲ့. . ၊ ပြီးတော့ ညည sex whisp[illegible] တယ်၊ မေမီအရမ်းရွံသွားတယ်. . ၊ မမင်း[illegible]

www.burmeseclassic.com



လိုက်တယ်၊ မမ ဆဲပစ်လိုက်တာ မိုးမွှန်သွားရော နောက်မဆက်တော့ဘူး၊ လူချင်းက ကားပေါ်မှာ တစ်ခါပဲတွေ့ဖူးတာ၊ အွန်. . ကြည့်နေပုံက မယုံသလိုပဲ”

“ယုံပါတယ် ဟိုအမြွာညီအစ်မနဲ့က ဘယ်လိုသိနေတာလဲ”

“မေမီတို့ပဲခူးမှာ ဆောက်နေတဲ့တိုက်က မကြီးမငယ်တို့နေတဲ့ရွှေမောင်မောင် ငွေမောင်မောင်အလေးမအသင်းနဲ့ အိမ်နီးချင်းခြံချင်းကပ်လေ မေမီနဲ့ကိုကြီးရဲ့ စားအိမ်သောက်အိမ်ပဲ”

“သြော်. . ဒါကြောင့်ကိုး”

“ဟယ်. . ဟိုမယ် ဟိုနှစ်တွဲလာနေပြီ”

ကိုယ်သိချင်တာမေးရဦးမယ် နောက်ရဦးမယ်။

“မကြီးနဲ့မငယ်ခင်ဗျာ ကျွန်တော်တို့ဇာတ်လိုက်ကျော်ကြီးရွာပြန်လာရင် ဘာပြောပေးရမလဲ”

“အမြွာညီအစ်မဆိုတာ အကြိုက်တူတယ်နှစ်ယောက်လုံးတိုသိမ်းပိုက်မယ်လို့ ပြောတယ်ဆို”

“ဟုတ်ကဲ့ အဲလိုပြောပါတယ်”

“ပြောလိုက်ပါ ပြန်လာခဲ့ရင်ပေါ့၊ ကျွန်မတို့က အကြိုက်မတူဘူးလို့ တစ်ယောက်က ဝဝခန့်ခန့်ကို ကြိုက်တယ်. . တစ်ယောက်ကဖြူဖြူရှည်ရှည်ပိန်ပိန်ကို ကြိုက်တယ်လို့ . . .”

ဟိုအေပေးနှစ်ကောင် ပြိုင်တူ ရယ်ဟားလို့ထအော်တယ်. .

“ဒါပေမယ့် ရှင့်သူရဲကောင်းကြီး ပြန်လာနိုင်မယ်မထင်ဘူးမနက်ကပဲ လေးလေးဆီဖုန်းဆက်ပြီး သူနိုင်ထားတဲ့ ငွေနှစ်သောင်းလှမ်းတောင်းတယ်၊ ရွှေကြီးအတုပစ်လိမ်တဲ့အမှုနဲ့ အချုပ်ထဲရောက်နေတယ်၊ တန်းစီးကိုပေးမလို့ ထင်ပါရဲ့၊ ကဲ. . . တို့တွေ သတ်ရေ



ပတ်ဦးမယ်၊ မေမီနဲ့ မောင်မောင်လည်း ပါးစပ်သေနတ်တွေ ကျည်အကပ်လိုက် ကျန်ဦးမှာပါ”

“ငမောင်. . မကြီးကလည်း မျိုးလှိုင်ဟာလူလိမ်လို့ ငါပြောတုန်းက ရန်တွေ့ထားတာကို တောင်းပန်လို့မဆုံးသေးဘူးကွ. . ငှဲငှဲ”

“ဟော့ကောင်တားကက် မင်းပစ်မှတ်မှားနေပြီ၊ အဲဒါမငယ်ဟ. . ပိန်ပိန်ရှည်ရှည်ဖြူဖြူကလွဲရင် ဘယ်သူမှ လူမထင်တဲ့မငယ်ကွငါ့ဟာကွ”

ရစ်လို့ကောင်းတိုင်း ရစ်ကြပြန်ပါတယ်။

နှစ်ယောက်တည်းကျန်မှ. . .

“အနားကပ်ထိုင်မယ်နော် မေးစရာနှစ်ခုရှိလို့”

“ထိုင်. . မေး”

“message ပို့တာ. . ကိုယ်မှန်းဘယ်လိုသိနေတာလဲ”

“ကိုမောင့်ဖေဖေ ဖုန်းဝယ်လာတော့ မေမီတို့ဆိုင်မှာပဲ ရှိသေးတယ်လေ၊ ရယ်ရတဲ့ ဖင်ပြောင်လေးအကြောင်းသိချင်လို့ ဖုန်းကို အရင်ဆုံးကလိတာက အီဖေတိုယ်လေ”

“တောက်. . ကိုယ်မစဉ်းစားမိဘူး”

“ကဲ. . နောက်တစ်ခုမေး”

“ကိုယ့်ကို ဘာလို့ထိုင်ကန်တော့တာလဲ”

“ကဗျာခိုးချတဲ့သူခိုးလို့ ပြောမိလို့”

“အဲဒါ အပြစ်မရှိပါဘူး. . အဲဒီနတ်ရွာမိုးကလည်း ဘယ်တာခိုးချထားမှန်းမှမသိတာ”

“ဟယ်. . အဲဒီဆရာနတ်ရွာမိုးက ခိုးတတ်လို့လား”

“မလုပ်ပါဘူး မလစ်ရင်. . ဟော. . ခေါ်ပကအလစ်. .”

www.burmeseclassic.com



"ရှစ်"

"အို . . မပြောမဆို"

"Now! You are silky hair, I am golden flower"

စာကြွင်း။ ။

တောင်းပန်လိုသည်မှာ . . နောက်ဆုံးကစာပိုဒ်ကို ဘာသာမပြန်ပါ
နှင့် ဗမာ့အီဒီယံအလှလွန်နေလို့ပါ။

ဝန်ခံလိုသည်မှာ . . . . ငယ်ဟီးရိုး မျိုးလှိုင်ကိုလွမ်းမိတယ်။
(အိုးခြမ်းပဲ့တစ်ခု ခုထိရှိဆဲ)

ဝေါက်ငမ်းလိုသည်မှာ . . လျှို့ဝှက်အပ်သောအရပ်က ထူးဆန်း
သော အမှတ်အသားကို ခင်ဗျားသိချင်
နေတယ်၊ မဇင်မေသူရဲ့ ချက်အောက်
နှစ်လက်မလောက်ကကိစ္စ . . .
ခင်ဗျားနဲ့ . . ဘာဆိုင်လို့လဲ။

လိုရာမရခြင်းကင်းပါစေ



